www.burmeseclassic.com

# လံရောင်ချို



နေမြို့သူရဲ့ပုံတူ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# လရောင်ချို

## နေမြို့သူရဲပုံတူ

စာမူခွင့်ပြုချက်အမှတ် - ၁၂၃၀/၂၀၀၄ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၇၁/၂၀၀၄ (၁၁)

၂၀၀၅ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်နီနီ(၀၀၀၀၅) ချစ်မင်းလွှာစာပေ

အမှတ်-၄၃/က၊ မယ်ဇလီလမ်း၊ ၄-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၃၃၃) စေတနာOFFSET

အမှတ်(၅၃)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

စီစဉ်သူ

မောင်ကျော်လှိုင်

(စေတနာစာပေ)

# လရောင်ချို



## နေမြို့သူရဲပုံတူ

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

★ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
★ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နေမြို့သူရဲ့ပုံတူ



"[illegible] ....

[illegible]

[illegible] နံပါတ် (၁) [illegible] ...

[illegible]

[illegible]

နံပါတ် (၁) [illegible]

[illegible]

နံပါတ် (၁) [illegible]"

[illegible]

www.burmeseclassic.com



"ကိုယ်တိုင်တော့ ဘဝရဲ့သုည (၀)ဆိုတဲ့ လှေကားထိုးပဲ

(၁) ဆိုတာရဲ့နောက်မှာ (၀) ရှိတယ်

(၁) က (၀) ကို ကျော်နိုင်နေမယ်

ဒါ့ပြင် (၁)နောက်မှာ ၀ တွဲလိုက်ရင် မပေါင်းတော့ဘဲ ၁၀ ထိ တိုးကျသွားမယ်

၁ ရှေ့မှာ ၀ ထိုးလိုက်ရင် ၀၁ ဖြစ်ပြီ

ဒါပေမဲ့ ၀ ထပ်တိုးတော့ ပိုပြီးမှန်ပြောနေသို့ တန်ဖိုးနိမ့်သွားမယ်...

ကိုယ်ပါဝင်ပြောပြချက်ရဲ့ 'မှတ်ချက်'ပေါ့"

ဂုဏ်ထူးဆောင် (၁) နဂိုး



BURMESE CLASSIC

အလွန်မာနကြီးပြီး၊ အလွန်ဘဝင်မြင့်သော မိန်းမတစ်ယောက်ကို ဘုန်းမာန် စတင်တွေ့ရှိခဲ့စဉ်က လောကမှာ ဒီလိုမိန်းမမျိုး တကယ်ရှိတာ ကိုယ်တွေ့ကြုံ၍ ယုံလိုက်ရ၏။ ထိုသို့သော မိန်းမမျိုးသည် တော်လေးဝဝင်မိန်းမကောင်းမိန်းမမြတ်တို့၏ အတွဲထဲမှာမပါဝင်။

သူမသည် ဘဝင်နှင့်မာနကို တစ်ယူသန်ထူထောင်ပြခြင်းဖြင့် လူအများ၏စိတ်ဝင်စားမှုကိုခံယူကာ အောင်နိုင်သူကြီးလို မာန်အလူလူလွှင့်ပြချင်သည့် မိန်းမမျိုးသာဖြစ်သည်။

သူမ၏အမည်မှာ စံထိပ်ထားဖြစ်ပြီး သူမ၏အရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆေးတက္ကသိုလ်(၁)၌ကျောင်းသူ၊ ငွေကြေးဝင်ငွေပြည့်ဝကုံလုံသော မိဘနှစ်ပါးရဲ့ အရိပ်အာဝါဖြင့် မပူမပင်မကြောင့်မကြ မတောင့်မတနေရသူ၏။ စေးစီးရိုးထုတ်လုပ်သော ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို သူငယ်ချင်းများဖြင့် ရှယ်ယာထည့်ဝင်ထူထောင်ထားသူ။ အရပ်အမောင်းဒေါင်ကောင်းကောင်းဖြင့်၊ မြင်ရသူတိုင်း အမြင်မလွဲချင်လောက်အောင် ကြည့်မြင်ချင်သောခန္ဓာဗေဒအလှဖြူဝင်းမွတ်စင် အသားအရေနှင့် မျက်နှာသွယ်ကျလှပချောမောသူ။

လောက၌ ပြည့်စုံသောအလှတရားမရှိ ဆိုသည့်သဘောတရားနှင့် နှိုင်းညှိရမည်ဆိုလျှင်ဖြင့် မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ နားရွက်ကလေးများမှာ ပြောစရာအပြစ်လုံးဝမရှိသော်လည်း မျက်လုံးတစ်စုံမှာမူ တည်တည်၊ ရယ်ရယ်၊ ပြုံးပြုံး၊ မဲ့မဲ့၊ ရွဲ့ရွဲ့၊ ငိုငို ဘယ်လိုပင်ဖြစ်နေပါစေ ကြောင်တစ်ကောင်ရဲ့မျက်လုံးများကိုသာ အမြဲမှားလင်းမြဲ။ မဆိုစလောက်ကလေး ဖြူးကြည့်နေသည်ဟု ထင်ရတတ်၏။

ခံစားချက်ကင်းမဲ့သောမျက်လုံးများဖြစ်ပြီး စိတ်ခံစားမှုကို စိတ်ကြိုက်သိုဝှက်ထားနိုင်စွမ်းအား ကောင်းကြ၏။ ထိုမျက်လုံးများကြောင့်ပင် သူမစိတ်ကို လူတိုင်းခန့်မှန်း နားလည်ရခက်ခဲကြ၏။ အခြားသော မျက်နှာအစိတ်အပိုင်းများက သူမစိတ်ထဲက ခံစား



မှုကို ဖော်ပြရာ၌ ခပ်ပါးပါးလေးမျှသာ။

'ကြောင်မျက်လုံး'ဟု အမည်ပြောင်းပေးထားသော သူမတွင် အလွန်လှပသော ဆံပင်ရှည်ကြီးများ ပိုင်ဆိုင်နေ၏။ ထင်းမြန်သော မဟာနဖူးပေါ်မှာ ဘေးတစ်ဖက်ကို ခွဲ၍တည်းကောင်း၊ သုံးပုံတွင် တစ်ပုံသောဘေးသားကိုခွဲ၍သော်လည်းကောင်း(ခေါင်းလျှော်ရည်ကြော်ငြာများမှ ဆံပင်သားကဲ့သို့) နူးညံ့ပျော့ပျောင်းသော ကေသာတွေ မျက်နှာပေါ် တစ်ဖက်အုပ်ဝဲပြီး ကြောင်မျက်လုံးကြီးများနှင့် စိုက်ကြည့်လိုက်လျှင် အကြည့်ခံရသူရင်မှာ သူမသည် ဗီးနပ်(စ်)နတ်သမီးဟု ထင်ချင်စရာ။

ခုံမြင့်ကြီးသိုင်းဖိနပ်တလေးစီး၊ အနက်ပြောင်အနားသတ်မှာ ငွှင့်ရိုက်ဒီဇိုင်းနှင့် ဘော်လေးဝတ်ကာ၊ လက်မောင်းခေါင်းလောင်း၊ ကြိုး သိုင်းအကျီပုံဆန်းလေးများ ဝတ်ဆင်ပြီး ဆံပင်ရှည်ဖားလျားကြီးနှင့် သူမ ကျောင်းတက်လာသောမြင်ကွင်းသည် မြင်ရသူ ပုရိသတိုင်းကို ရင်သပ်ရှုမော အံ့သြငေးမောနိုင် ဖြစ်ကြရတတ်စမြဲပင်။

သူမဆိုသော စံထိပ်ထားကို ဘုန်းမာန်ခ စတင်တွေ့ခဲ့ရခြင်းမှာ ဆေး(၁)ထဲမှာ ဖြစ်၏။ သူငယ်ချင်းဖြစ်သူ ကျော်ဇေမင်း

www.burmeseclassic.com

www.burmeseclassic.com



ထွန်း တစ်ယောက် ဆယ်တန်းမှာ (5D) နဲ့ ဆေး(၁)ပါသွားပြီး ဒုတိယနှစ်တက်ဖြစ်နေစဉ်မှာ သူငယ်ချင်းနှင့် မကြာခဏလာတွေ့နေကြဖြစ်၍ ဆေး(၁)ကို လာတွေ့စဉ် ကားပါတ်ကင်မှာ ဘုန်းမာန်ခနှင့် ကျော်ဇင်မင်းထွန်းတို့က ဆေး(၁)ထဲက အပြင်ထွက်ဖို့ ကျော်ဇင့်ကားရပ်ထားရာကိုအလာ၊ စံထိပ်ထားက ကားထိုးရပ်ပြီး ကားကိုလော့ခ်ချကာ ကျောင်းဆောင်ဆီသို့အသွား။

လက်နှစ်ကမ်းအကွာလောက်မှ မျက်နှာချင်းဆိုင်ဖြတ်သန်းမိကြစဉ် ကျော်ဇင်က ...

"မင်း အသက်ရှူမှားသွားပြီ မဟုတ်လား ..."

"ဘာဖြစ်လို့လဲ ..."

"ခုပဲဖြစ်သွားတာ ... အဲဒါ ငါတို့ဆေး(၁)က ကွင်း(န်) ကွ ..."

ကျော်ဇင်ပြော၍ဘုန်းမာန်ခ လှည့်ကြည့်လိုက်၏။ နောက်ပိုင်းအလှက ပြောစရာမရှိ။ ခုနက မျက်နှာချင်းဆိုင် ကြည့်မိသော်လည်း အထူးတလည်မငေးမောဖြစ်၏။ ရိုးရိုးမေဂျာမှာရှိသော သူငယ်ချင်းတွေထဲ ဘုန်းမာန်ခ အလည်ရောက်ဖြစ်စဉ်က ခုန ကောင်မလေးထက် ပိုပြီးချောလှတာတွေ တစ်ပုံတစ်ပင်တွေ့ဖူးနေ



ကျူ။ မြို့ပြမှာနေသူမို့ အချောအလှတွေ နေ့တိုင်းမြင်ဖူးနေ၍လည်း အထူးအဆန်းမဖြစ်မိ။ မဖြစ်မိ၍ အာရုံစိုက်ပြီး မကြည့်မိလိုက်၏။

အလှဘုရင်မဟူသော ဂုဏ်ပုဒ်က ဘုန်းမာန်ခကို စိတ်ဝင်စားသွားစေ၏။ မည်သူမဆို အလှဘုရင်၊ အလှဘုရင်မ ဆိုပါက ဘယ်လောက်တောင်များ ချောလှနေလို့ ဒီလိုဘွဲ့ကို ရခဲ့ကြရတာ ယဲဆိုသည့် စူးစမ်းလေ့လာကြည့်မြင်လိုစိတ်ကလေးတွေ ရှိတတ်ကြ၏။ ဘုန်းမာန်ခလည်း ထိုသဘောဖြင့် လှည့်ကြည့်မိခြင်းဖြစ်၏။ ကျော်ဇင်က ...

"မင်းကွာ ... မျက်နှာချင်းဆိုင်လာနေတာတောင် မတွေ့လိုက်ဘူးဆိုတာတော့ အံ့ဩစရာဖြစ်လွန်းပါတယ် ... ဒီလိုအလှမျိုးက တကယ့်ရှားပါးပစ္စည်းကွ ... သိပ်တန်ဖိုးကြီးတာ ... ကြည့်ခွင့်ရဖို့တောင် သိပ်လွယ်တာမဟုတ်ဘူး"

"မင်းပြောလို့သာ လှည့်ကြည့်ရတယ် ... ပြောလောက်အောင်ကြီးလည်း မဟုတ်ပါဘူးကွာ ... အောင်လင်းခိုင်တို့ ရိုးရိုးမေဂျာတန်းမှာဆိုရင် အဲဒီလိုအလှအပမျိုးတွေ လက်ညှိုးထိုးလို့တောင်မလွဲဘူး ... မထူးဆန်းပါဘူး"

"ထူးတာပေါ့ကွာ ... အဆင်းရနဲ့ပြည့်စုံတဲ့အပြင် ပင်

www.burmeseclassic.com

www.burmeseclassic.com



မြင့်စံတော်ဝင်ပန်းကွ … ပညာအရည်အချင်းနဲ့ နောက်ခံ အင်အား မျိုးရိုးအစဉ်အလာ၊ ရုပ်ရည်ရူပကာ ဘာဆို ဘာမှ မလိုလောက်အောင် ပြည့်စုံတဲ့မိန်းမမျိုးက ရှာမှရှားလေ … ခုနေ ငါပြောတဲ့ စံထိပ်ထားက တော်ဝင်ကျေးမြွေအပြည့်နဲ့နေ ရာယ် … ထိပ်တန်းစာရင်းဝင် သာမန်မိန်းမတွေနဲ့ မတူ ဘူး …”

ကျော်ဇင်က သူတို့ကျောင်းရဲ့အလှဘုရင်မကို တခမ်းတနား ဖွဲ့ဆိုချင်နေ၏။ ဘုန်းမာန်ခအဖို့ကတော့ ထူးမခြားနား။ ဆယ်တန်းကို လေးနှစ်ဆက်တိုက်ကျပြီး ပညာရေးလောကနှင့် စီးပွားရေးလောကကို ခေါင်းကူးနေရသည့် ဘုန်းမာန်ခအဖို့ တက္ကသိုလ်ဆိုသော နယ်မြေသည် ခပ်စိမ်းစိမ်းသာရှိနေတတ်ခဲ့၏။ တက္ကသိုလ်နှင့် ဆက်နွယ်သောအလှတရားတို့သည်လည်း ထိုနည်းနှင်နှင်။

တက္ကသိုလ်မှာ အခင်ရဆုံးသူငယ်ချင်းတွေရှိနေ၍ သွားရေးလာစရာရှိလျှင်ဖြင့် တက္ကသိုလ်ထဲ ဝင်ခေါ်ဖြစ်၏။ ဆယ်တန်း အတူတက်ခဲ့ကြသူတွေ ဖြစ်ခဲ့ကြပြီး သူငယ်ချင်းတွေက အောင်မြင် က တက္ကသိုလ်နယ်မြေရောက်သွားကြ၏။ ဘုန်းမာန်ခကတော့



အပြင်ဖြေလောကမှာ စီးပွားရှာရင်း အပြင်ကျူရှင်တက်၍ဆယ်တန်း ဝင့်ကို ချွတ်နေရခဲ့။

ကျော်ဇင်ကားနှင့် မြို့ထဲရောက်လာခဲ့၏။ TV Game ဆိုင် အတွက် အခွေတွေလိုက်ဝယ်ဖြစ်၏။ ကျော်ဇင်၊ အောင်လင်းခိုင်တို့ က စုစပ်ရှယ်ယာထည့်ဝင်ပြီး မြို့နယ်တစ်ခုရဲ့လမ်းမတန်းပေါ်မှာ TV Game နှင့် ကာရာအိုကေဆိုင်လေးဖွင့်ထားကြ၏။ ထိုဆိုင်မှာ ဘုန်းမာန်ခက လခစားဝန်ထမ်းအဖြစ် ဝင်လုပ်နေရသူ။

မြို့ထဲအခွေထွက်ဝယ်လိုလျှင်ဖြစ်စေ၊ ဆိုင်အတွက်၊ အခြား ကိစ္စအတွက် သွားစရာ၊ လာစရာရှိလျှင် ဘုန်းမာန်ခက ကျောင်းထဲ က သူငယ်ချင်းတစ်ယောက်ယောက်ကို ဝင်ခေါ်တတ်စမြဲ။ သူငယ် ချင်းတွေ အရေးကြီးသည့်အချိန်ဖြစ်နေ၍ မလိုက်ဖြစ်ကြလျှင်၊ သူ့ ဘာသာ တစ်ယောက်ထည်းသွားလိုက်သည်။

ဘုန်းမာန်ခမှာ တစ်ကောင်ကြွက်ဖြစ်ပြီး မိဘနှစ်ပါးမှာ သူငယ်စဉ်ကလေးဘဝ၊ ဘာမှန်းမသိတတ်သေးခင်ကတည်းက တိမ်းပါးကွယ်လွန်သွားကုန်ကြ၏။ ရွာထဲက အပျိုကြီးတစ်ယောက် က မွေးစားထားပြီး ဘုန်းမာန်ခ ခြောက်နှစ်သားလောက်မှာ တစ် ကိုယ်တည်းနေသည့် မွေးစားမိခင်အပျိုကြီးလည်း ဆုံးသွားရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်နှစ်သားအရွယ်မှာပင် နိုကိုးရာမဲ့နေစဥ် ရွာဦးကျောင်းဆရာတော်က ကျောင်းသားအဖြစ် လက်ခံမွေးစား၏၊ စာပေသင်ကြားပေး၏။ ကျောင်းပညာသင်ပေး၏။ ဘုန်းမာန်ခ ရှစ်တန်းကျောင်းသားအရွယ် ရောက်သောအခါ ဆရာတော်က မြို့ကကျောင်းကို ပြောင်းထားပေး၏။ မြို့ပြမှာ ဆရာတော်ရဲ့တပည့် ဦးဇင်းတစ်ပါးမှာ စာသင်ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်ဖြစ်နေ၍ ထိုကျောင်းမှာ ဘုန်းမာန်ခ နေထိုင်ရ၏။ ကျောင်းပညာဆက်လက်သင်ကြားရင်း ကျောင်းရဲ့ဗာဟိရနှင့် ဝေယျာဝစ္စကို လုပ်ကိုင်ကူညီပေးရ၏။

ဘုန်းမာန်ခ ဆိုသောအမည်မှာ ရွာဦးကျောင်းဆရာတော် ပေးထားခြင်းဖြစ်သည်၊ စာတတ်ညံ့လွန်း၍ ဘုန်းမီးနေလ ဤသူငယ် အပေါ် ခႋပါစေဆိုသည့် အဓိပ္ပာယ်ဖြင့် ယတြာဆန်ဆန် မာတ်ပြန်ချေဖျက်ခြင်းသဘောဖြင့် ပေးထားခြင်းဖြစ်၏။ သို့ငြား ကပ္ပိယကြီး ဦးစိတ်ပုတီးက ပေးထားသော 'နတ္ထိ' ဆိုသောအမည်သာ ထင်ထင်ရှားရှား တွင်ခဲ့ရ၏။ ဆရာတော်ရှေ့မှာ ဘုန်းမာန်ခဟုခေါ်ကြသော်လည်း ကွယ်ရာမှာတော့ မင်းလို ဗလာနတ္ထိကောင်ကို ဘာနာမည်ပေးပေး နတ္ထိဗလာကောင်ဟာ နတ္ထိဗလာကောင်ပါပဲကွာဟုဆိုကာ



နတ္ထိဟုသာ တွင်တွင်ခေါ်ကြတော့၏။ မြို့ပြကျောင်းတိုက်ရောက်တော့ ဆရာတော်ကွယ်ရာဖြစ်နေ၍ တစ်ကျောင်းလုံးရှိ ဦးပဥ္စင်းတွေက 'နတ္ထိ' ဟုသာ ခေါ်တွင်ကြ၏။

ကျောင်းထိုင်ဆရာတော်သာ သူ၏ဆရာတော်ဘုရားကြီးမှည့်တွင်ပေးထားသလို ဘုန်းမာန်ခ ဟု မှတ်မှတ်ရရ ခေါ်နေတတ်စမြဲပင်။ ဘုန်းမာန်ခ ဆယ်တန်းကိုတဘုန်းဘုန်း ကျကောင်းသောကာလမှာ ရွာကျောင်းဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသွား၏။ စိတ်ဓာတ်တွေကျပြီး ဘဝမှာ ဒုက္ခဝန်ပိုးကို ခါးချည်ထမ်းပိုးခဲ့ရသည့်ဒဏ်ဖြင့် စိတ်တွေပိန်လိန်လေလွင့်နေဖြစ်စဥ် ဆယ်တန်းပထမနှစ်မှာ အချစ်ဆုံးသူငယ်ချင်းတွေဖြစ်ကြသော အောင်လင်းနိုင်၊ ကျော်ဇင်တို့က ဘုန်းမာန်ခကို ကယ်တင်သည့်အနေဖြင့် ဆိုင်ဖွင့်ထူထောင်ပေးပြီး ဆိုင်မှာလူယုံ လစားအဖြစ် နေထိုင်စားသောက်ခွင့်ပေးထားကြ၏။

ဆရာတော်ထံ ခွင့်ပန်ပြီး TV Game ဆိုင်မှာပင်စားသောက်နေထိုင်လုပ်ကိုင်ကာ ဆယ်တန်းစာမေးပွဲကို ဆက်ဖြေဖို့ စာကြိုးကျက်နေရတော့၏။ ကျူရှင်ချိန်ရောက်လျှင် ရိုးသားမည်ထင်ရသော Game ဝါသနာအိုးလေးကို လက်သပ်မွေးထားပြီး ရှုပုံတာဝန်လွှဲ

www.burmeseclassic.com

www.burmeseclassic.com



ပေးကာ ကျူရှင်ကိုပြေးရ၏။

ဘုန်းမာန်၏မှာမည့်နှစ်မျိုးစလုံးနှင့် အဝမှန်ကို သူငယ်ချင်းတွေ သိထားကြ၏။ ထို့ကြောင့် သူတို့တစ်တွေ စိတ်လိုလက်ရရှိလျှင် 'ဘုန်းမာန်' ဟု ခေါ်တတ်ပြီး စိတ်လိုလက်ရမရှိ စကားဘုဘောက်ကျထားလျှင် 'နတ္ထိ'ဟု ခေါ်တွင်သမှု ပြုတတ်ကြ၏။

ကျော်ဇင်မင်းထွန်းက မြို့ထဲကအပြန် ဘုန်းမာန်ကို ဆိုင်အထိလိုက်ပို့ရှိပြင်သေး၏။ ဆေး(၁)နှင့်ဆိုလျှင် နောက်ထပ် ဘတ်စ်ကား(၁၀)မှတ်တိုင်ခန့်လိုနေသေး၍ ဘုန်းမာန်ပြေးဆင်းပြီး ဆေး(၁)မှာပင် ရပ်မိုင်းလိုက်ရ၏။ ဆေး(၁)မှာက ရိုးရိုးမေဂျာတွေလို အတန်းလစ်၍မဖြစ်။ တစ်ချိန်ဆို တစ်ချိန်သိသာအောင် စာမလိုက်နိုင်ဖြစ်မှာ စိုးရ၏။ စာလည်းများ၏။ အောင်လင်းခိုင် မအားရ၍သာ ကျော်ဇင်မင်းထွန်းကို ချောက်ဆွဲရခြင်းဖြစ်၏။ ဆေး(၁)မှာ မရပ်ဘဲ လိုက်ပို့နေလျှင် နောက်စာသင်ချိန် လွတ်သွားမှာစိုးရ၏။

ဆေး(၁)ရှေ့မှ ပြန်ထွက်လာစဉ် ဆေးကျောင်းသူအုပ်စုတစ်စုခပ်လှမ်းလှမ်းမှ ဖြတ်သွားကြတာ တွေ့လိုက်ရ၏။ ထိုအုပ်စုထဲမှာ ကျော်ဇင်မင်းထွန်း အထူးပြုညွှန်းဆိုသော တော်ဝင်ကျေးမြေ့ အလှဘုရင်မဆိုသူလည်း ပါဝင်၏။ ဘာရယ်မဟုတ်ဘဲ လှမ်းငေး



ကြည့်ဖြစ်၏။ ဘာရယ်မဟုတ်ဘဲ ပြန်လှည့်လျှောက်လာဖြစ်၏။ ဘတ်(စ်)ကားမှတ်တိုင်ရောက်သည်အထိ ဘာရယ်မဟုတ်ဘဲ တွေးတောလာမိသည်က အာမီမန်းအစွေသစ်ကို ညဘက်အချိန်အားရမှ စိတ်ပါလက်ပါ သေချာကြည့်ဖို့ အတွေးဖြစ်၏။

စံထိပ်ထားဆိုသော မိန်းမတစ်ယောက်သည် အခြားသော ဆောက်ဦးပေါင်းများစွာကို ဖမ်းစားနိုင်စွမ်းရှိချင် ရှိပါလိမ့်မည်။

သူ့အတွက်တော့ TV Game အခွေတစ်ခွေစာလောက်ပင် စိတ်ဝင်စားစရာမကောင်းလှ။

မကောင်းလှတာကိုမှ အလှဘုရင်မနဲ့တွေ့ဆုံပုံအကြောင်း ဖြစ်ရပ်က မကြာခင်ကာလမှာ ဝင်လာရခြင်းမှာ အံ့သြမှုတနစ်၏ များဖောက်ပြန်ချက်နိယာမအသစ်တစ်ခု ဖြစ်နေမှန်း သူကိုယ်သူ ထောင်မှားလို့ပင် တွေးမထင်မိခဲ့ရ။

တွေ့ဆုံရမှု အံ့အားသင့်မှုနှင့် ကံကိုသာ ယိုးမယ်ဖွဲ့ရတော့ ညီထင်။

❤❤❤❤❤

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းလေးကို မင်းကိုယ်တိုင် သွားပေးပေးပါ ... ဘုန်းမာန်ခ ... "

"မင်းက နှမကျိုးကန်းနေတာမှ မဟုတ်တာ ... ကျော်ခင်မင်းထွန်းရာ ... မင်း ဒီလိုသာ ကြိတ်ပုန်းကြီးလုပ်ပြီး တိတ်လမ်းရှုပ်နေရင် အရှုပ်ထုပ်ဖြစ်ကျန်ခဲ့ရုံပဲရှိတော့မှာပေါ့ ... အချိန်တန်တော့ စံထိပ်ထားက နောက်လူအသစ်နဲ့ ... တိတ်လမ်းဖြစ်ပြီး မင်းပဲ ကျန်ရစ်ဖြစ်ကျန်ခဲ့မှာပေါ့"

ဘုန်းမာန်ခ စကားကြောင့် ကျော်ခင်မင်းထွန်း သက်ပြင်းရှိုက်၏။ အဝေးကို ငေး၏။ အားစက်နေပြီဖြစ်သော အရာမယွင်း



သည့် ဖန်ချိုလက်ဖက်ရည်ခွက်ကို တစ်ငုံတစ်မော့သောက်၏။ ဘယ်လိုအရသာမှ ခံစားမိပုံမရသော မျက်နှာဖြင့် ရှုပ်ထွေးသောဘာအာရုံကို ကုတ်ဖွမွှေနှောက်ပစ်သလို ဆံပင်တွေကို ကုတ်ဖွနေပြန်၏။ ပြီးမှ ...

"ငါပြောသလိုသာလုပ်စမ်းပါ ဘုန်းမာန်ရာ ... ဒီအချိန်မှာ ငါ အတွေ့ခံလို့ မဖြစ်ဘူး ... ငါမှန်းသိရင် စံထိပ်ထားရဲ့စိတ်ဝင်စားမှုဒီဂရီတွေ သုညအောက်ကို ဇိုက်ဆင်းသွားလိမ့်မယ် ... အဲ့ဒီတော့မှ ငါ အရှုံးတစ်ပိုင်းဖြစ်ကျန်ခံစားနေရလိမ့်မယ် ... မခံစားနိုင်ဘူးကွာ ... ရှေ့ဖြစ်လာမှာတွေကို မင်းထက် ငါက ပိုခန့်မှန်းနိုင်တယ် ... လုပ်ပါကွာ ... သူငယ်ချင်းရာ ဒါလေး သွားပေးတာ မင်းအတွက် ဘာမှအပန်းမကြီးပါဘူး ... "

"ဒီလက်ဖွဲ့ပါကင်ဘူးထဲမှာ ဘာတွေပါလဲ ... "

"ရှိုးစကတ်တွေရယ် ... သစင်ပန်းခြောက်ကလေးရယ် ... တိတ်ပုံအပိုင်းအစတွေရယ် ... ကာရာအိုကေ CD အသံသွင်းတစ်ချပ်ရယ် ... ဒါတွေပဲ ပါပါတယ် ... ဥပဒေနဲ့မလွတ်ကင်းတာ မင်း ပါးချခံရမဲ့ နောက်ပြောင်ကျီစယ်

www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားတာတွေ ဘာတစ်ခုမှ မပါပါဘူး ... ငါ့ကို ယုံစမ်းပါ ... ”

“ယုံပါတယ် ... ကျောင်းထဲက တခြားသူငယ်ချင်းတစ်ယောက်ယောက်ကို ပေးခိုင်းလို့ရောမရဘူးလား ... ငါက အပြင်လူ ... ”

“အပြင်လူမို့လို့ ပိုသင့်လျော်လို့ မင်းကို ပေးခိုင်းရတာပေါ့ ... ကျောင်းထဲကဆိုရင် အဲ့ဒီကျောင်းသားကို အတင်းစုံစမ်းတော့မယ် ... နောက်ဆို ငါ့ဆီ ရောက်ချင်ရောက်လာမှာ မဝိမရိုမသေမသပ် ဖြစ်မှာစိုးလို့ အပြင်က လူစိမ်းသက်သက်ဖြစ်တဲ့ မင်းကို ခိုင်းရတာပေါ့ ... ”

“ဒီပုစ္ဆည်းကို ငါသွားပို့ပေးမှပဲ ဖြစ်မယ်ဆိုပါတော့”

“အေး ... ”

“မင်းစိတ်ချမ်းသာအောင် ကူညီပေးရမှာပေါ့လေ ... မင်းက ငါ့ရဲ့ကျေးဇူးရှင်ပဲဟာ ... ”

“အဲ့ဒီလိုသတ်မှတ်ချက်နဲ့ မင်းကို ငါ အတင်းအကျပ်ခိုင်းတယ်လို့တော့ မထင်ပါနဲ့ ဘုန်းမာန်ရာ ... ”

“အေးပါကွာ ... ငါက ပစ္စည်းပို့ပြီး ဘာပြောပေးရဦးမှာလဲ ... ”



“ဘာမှမပြောနဲ့ ... စကားမပြောတတ်ချင်ယောင်ဆောင်ပြီး သူပြောသမျှကို နားထောင်ပြန်လာခဲ့ ... အဲ့ဒီကိုသွားရင် ကြေွကော့နေအောင် ရှိုးထုတ်ပြင်ဆင်သွားနော်၊ လိုင်းကားတိုးမစီးသွားနဲ့ ... တက္ကစီငှားသွား ... အဝတ်အစားတွေ ကြေကုန်မှာစိုးလို့ ... အဲ့ဒါထက် ဗိုအရေးကြီးတာက ပါဆယ်ထုပ်လေး ရွဲ့ကုန်မှာစိုးလို့ ... ”

“ကောင်းပြီ ... ဘယ်နေ့ ဘယ်နေရာ ဘယ်အချိန်လဲ ... ”

“ငါ ချိန်းဆိုထားတာ မနက်ဖြန်မနက် ဆယ့်တစ်နာရီကျောင်းဝင်းထဲက ကားပါတ်ကင်နားမှာ အချိန်အတိအကျပဲ ... စံထိပ်ထား စောင့်နေမှာ သုံးမိနစ်ထက်ကျော်လွန်သွားရင် အဲ့ဒီနေရာမှာစောင့်နေတော့မှာ မဟုတ်ဘူး ... ဖြစ်နိုင်ရင် မင်းလည်း ကြိုတင်သွားပြီးစောင့်နေလိုက်ပါကွာ”

ဘုန်းမာန်ခ ခေါင်းညိတ်ပြလိုက်တော့ ကျော်ဇင်မင်းခွန်းရဲ့မျက်နှာ ကြည်လင်ဝင်းပသွား၏။ အောင်လင်းခိုင်က ပါဒဲမြိုးဂျာအခွေဆော့နေရာကရပ်ပြီး စပိုက်ဒါမန်း CD ပြောင်းထည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်မင်းထွန်းရဲ့ လှို့ဝှက်သည်းဖို အချစ်ရှင်ခုန်ဖောက် ယမ်းကလည်း ရှိုးမလို့နှင့်ဆန်းနေ၏။ ကျော်ဇင်မင်းထွန်းက စံထိပ်ထားကို သူ့အာယ်သူဆိုတာ အဖြစ်မှန်မပြောဘဲနှင့် ဖုန်းတွေ တဂွမ်ဂွမ် ဆက်၏။ သူ့ကိုယ်သူ အမေရိကားပြန်လိုလို၊ ပြင်သစ်ပြန်လိုလို၊ ဂျာမနီပြန်လိုလို၊ ဆေးပညာပါရဂူဘွဲ့ရသော သက်လတ်ပိုင်းအရွယ် ဆရာဝန်ကြီးလိုလိုတွေ ရှိုးကော့ထည့်ပြီး စံထိပ်ထား မက်မော လောက်သည့် အရည်အချင်းရှိလူသားဟန်ဆောင် ဆက်၏။ အစပိုင်း တော့ စံထိပ်ထား မယုံ။ နောက်ပိုင်းမှာ ကျော်ဇင်မင်းထွန်း၊ အာ ဝဇ္ဇန်းကောင်း၍ ယုံကြည်သွားပြီး လက်ခံစကားပြော၏။ နေ့စဉ် ဖုန်းပြောဖြစ်ရာက ကြာတော့ ဖုန်းထဲမှာ သံယောဇဉ်အမျှင်တန်း လာ၏။ စံထိပ်ထားက လူကိုယ်တိုင်မတွေ့ဖူး၍ တွေ့ဖူးချင်ကြောင်း ပြောတာ လာတွေ့နိုင်းတိုင်း ကျော်ဇင်မင်းထွန်းက အကြောင်းပြ ချက်ပေါင်းများစွာဖြင့် တိမ်းရှောင်သွေဖယ်စကားတွေကြွယ်ကာ တစ်နှစ်တာ ပြည့်မြောက်သည်အထိ သံယောဇဉ်ကြိုးနိုင်အောင် ချည်နှောင်ထား၏။

စံထိပ်ထားခမျာ ဘယ်သူဘယ်ဝါမှန်းမသိသော ပါရဂူ ဆရာဝန်သက်လတ်ပိုင်းအရွယ်ကို စိတ်ကူးတွေယဉ်ပြီး လက်ခံ



စကားပြောရင်း သံယောဇဉ်တွေကြီးနေရ၏။ ဆေးကျောင်းသား ချင်းမို့ ဆေးလောကဝေါဟာရတွေမျိုးစုံသုံးပြီး လုပ်ဇာတ်ခင်းပြော ရသည်မှာ ကျော်ဇင်မင်းထွန်းအတွက် အလွန်လွယ်ကူနေ၏။

ကျောက်ရုပ်တောင် ခေါင်းညိတ်အောင် ပြောနိုင်သူမို့ လည်း စံထိပ်ထား မျောပါလာခြင်းဖြစ်၏။ အဖြစ်မှန်ကိုသိသွားပြီး တစ်နှစ်တည်းအတူနေသည့် သာမန်ဆေးကျောင်းသားလေး ကျော် ဇင်မင်းထွန်း လုပ်ကြံပြောဆိုတတ်နေတာပါလား သိသွားလျှင်တော့ မဟာ့မဟာပြဿနာတက်သွားနိုင်၏။ စံထိပ်ထားက ဘဝတူချင်း စိတ်မဝင်စား။ သူ့မထက် ပို၍မြင့်သော၊ ပို၍တော်သော၊ အထင်ကြီး လေးစားလောက်ဖွယ် ဂုဏ်ပုဒ်သိက္ခာတွေနှင့် ပြည့်စုံသောလူမျိုး ကိုသာ ရွေးချယ်ဖို့ အမြဲစဉ်းစားထားတတ်သူ။

သို့မို့ကြောင့် သူမနှင့်အတန်းတက်ဖော်တွေ လိုက်၍မရ အောင်ဖြစ်နေရ၏။ ကျော်ဇင်မင်းထွန်းတို့မှာ စံထိပ်ထားတို့လောက် ဉာဏ်နေ မကြွယ်ဝသော်လည်း ရှိသင့်သလောက်ရှိသောသူ၊ မျိုးရိုး လည်း သင့်တင့်ကောင်းမွန်သူ၊ ဂုဏ်သိက္ခာရှိသော မိဘများမှလည်း ပေါက်ဖွားဆင်းသက်လာသူတစ်ဦးပင်။ သို့ပြား ထိုမျှသောအရည် အချင်းများသည် အခြားသော သာမန်ကျောင်းသားများနှင့် ထူး

www.burmeseclassic.com



[illegible]သော။ စံထိပ်ထား ရည်မှန်းထားသော ရင်ခုန်ဖက်ပုဂ္ဂိုလ်ပုံစံနှင့်စာလျှင် အလွန်နုံချာလှပါသေးသည်။

တခြားကျောင်းသားတွေ ဘယ်လိုချူချူ တုံးခုလို့လည်း လုမ်းမမှီနိုင်သည့် စံထိပ်ထားအကြောင်းတွေ ကြားသိပြီးဖြစ်၍ ကျော်ဇင်မင်းထွန်းက နည်းလမ်းသစ်ဖြင့် သံပေ့ဘာဇဉ် ကြိုးကွင်းလုပ်ကာ ကြိုတင်ပစ်ဖမ်းထားလိုက်ခြင်းပင်။

နောက်နောင် ရှန်းမရအောင် ခိုင်မာလာတော့မှ အဖြစ်မှန်တို ဖွင့်ပြောပြီး စံထိပ်ထားရဲ့အချစ်ကို တောင်းခံဖို့ဆုံးဖြတ်ထားကြောင်း ကျော်ဇင်မင်းထွန်းပြောပြ၍ ဘုန်းမာန် သိရှိထားရ၏။

တစ်နှစ်တာအတွင်းမှာ စံထိပ်ထားနှင့် လုံးဝမရင်းနှီးသလို လူချင်းတွေ့လျှင် ခပ်စိမ်းစိမ်းနေပြနေပြီး၊ ဖုန်းဖြင့် ဆက်သွယ်သော လျှို့ဝှက်လူအနေနှင့်သာ စံထိပ်ထားရဲ့စိတ်ဝင်စားမှုကို ဆွဲကိုင်လုပ်ယူထားခြင်းဖြစ်၏။ ထိုသို့သော အခြေအနေမှာ စံထိပ်ထားရဲ့မွေးနေ့လက်ဆောင်ဟုဆိုကာ တစ်ဆင့်ခံလူတစ်ယောက်နှင့်လက်ဆောင်အပို့လွှတ်လာခြင်းပင်။

တစ်ဆင့်ခံလူအနေမျိုးဖြင့် လုပ်ပေးရမည့်သူက ဘုန်းမာန်ဖြစ်နေ၏။ အလှည့်ကျမနွဲ့စတမ်းမို့ ကျော်ဇင်မင်းထွန်း ဖြစ်



ချေချင်သလို ပုံစံဖမ်းပြီး မွေးနေ့လက်ဆောင်ထုပ်ကိုကိုင်ကာ စံထိပ်ထားကို ထိပ်တိုက်တွေ့ဆုံဖြစ်ရလေပြီ။

အနီးကပ်ကြည့်ပြီးမှ အလှဘုရင်မ,ဖြစ်ထိုက် မဖြစ်ထိုက်ကို အကဲခတ်လေ့လာနိုင်မည့်အခွင့်အရေးဖြင့် ပေါ်လာချေပြီ။

"မာန်သိပ်များတဲ့ စံထိပ်ထားနဲ့ တွေ့ကြပြီပေါ့ကွာ"

www.burmeseclassic.com



ဆယ့်တစ်နာရီတိတိမှာပင် ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကားပါတ်ကင်ကို ဆိုက်ရောက်လာ၏။ ရှေ့က ကားပေါ်မှ စံထိပ်ထား ဆင်းလာ၏။ နောက်က(အဲချိန်နီအောင် ရသည့်ကားတားဆီးလာရ၍) ဖင်မလီယာကားဟောင်းတစ်စီးလေးပေါ်က သူ ဆင်းသွားရ၏။

စံထိပ်ထား ဟိုကြည့်ဒီကြည့်လုပ်နေသည့်အနားမှ သွားရပ်လိုက်၏။ အနားရောက်လာသောသူ့ကို မမြင်မတွေ့သလိုသာ ဟိုဒီကိုမျက်ကြောကျဉ်းရှုံ့ကြည့်နေ။ အနီးကပ်ကြည့်မှ မျက်နှာတင်းမာနေ၍ သိပ်မလှသလိုထင်မှတ်ရ၏။ အနားရောက်လာပြီး



ရပ်လိုက်သော သူ့ကိုပြန်ကြည့်ပုံက စူးစမ်းလိုဟန်၊ မကြည်လင်ဟန်၊ မသာယာဟန်ကဲနေ၏။

"ဘာကိစ္စလဲ …"

"အာပါ့ဗျာအား … အာဘာဘာပါ …"

စကားမပြောတတ်သူလို ဟန်လုပ်ရင်း လက်ထဲမှ လက်ဆောင်ထုပ်ကို ပေးလိုက်၏။ စံထိပ်ထားက လှမ်းမယူ။ သူက လက်ဆောင်ထုပ်ပေါ်မှ စာတန်းကိုထိုးပြလိုက်၏။

မဲထိပ်ထားသို့

တော ရင်းမှတ်တမ်းရေးမွေးနေ့လက်ဆောင်

ဒေါက်တာအောင်လှိုင်ဘွား

နောက်ဆက်တွဲရေးထားသောဘွဲ့တွေက တသီတတန်းကြီး။ သူက ဒေါက်တာအောင်လှိုင်ဘွား ဆိုသော စာတန်းကို လက်ညှိုးထိုး၏။ ပြီး 'အာဘာရာဘာ' ထပ်လုပ်ရပြန်၏။

"ရှင့်ကို သူပို့ခိုင်းလိုက်တာလား …"

"အ ဘာ ဘာ …"

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြီး ရှင်ပျသွားဟန် လုပ်ပြလိုက်၏။ စံထိပ်ထားအား လက်ဆောင်ထုပ်ကို လှမ်းယူပြီး ...

"ရှင် စကားမပြောတတ်ဘူးလား ..."

"ဝ ... ဝ ... အာဘာဘာအာ ..."

"ရပြီ ... ဒီလောက်ဆို နားလည်ပြီ ... ရှင်းပြမနေနဲ့တော့ ... သွားနိုင်ပြီ ... ဪ ... ဒါနဲ့ အဲ့ဒီ ဒေါက်တာအောင်လှိုင်ဘွားက ဘယ်မှာလဲ ... ဘယ်မှာနေသလဲဆိုတာ ရှင်သိလား ... သိရင် သေသေချာချာပြောပြပါလား ... ရှင့်ကို မုန့်ဖိုးတွေအများကြီးပေးမယ်လေ ..."

သူ ခေါင်းခါပြပြီး အာဘာရာဘာတွေ ဝူးဝူးဝါးဝါးတွေနှင့် ငြင်းခါပြရတော့၏။ ခဏကြည့်သွားသောမျက်နှာလေး ရှုံ့မဲ့သွားပြီး

"ကဲပါ ... သွားတော့ ... ရပြီ ... ဟင်း ... ဘယ်လို လူမျိုးကိုများ လွှတ်လိုက်ရသလဲ မသိဘူး ..."

သူကမသွားသေးဘဲ စံထိပ်ထားရဲ့အလှကို အနီးကပ်ကြည့်ရှုနေလိုက်၏။ အသားအရေ၏ကောင်းခြင်း၊ ဆံပင်၏ကောင်းခြင်းတွေ ပြည့်စုံနေ၏။ ချောတာလှတာလည်း မှန်၏။ သို့ကြားကြောင်မျက်လုံးကိုတော့ ခြွင်းချက်အဖြစ် အမှတ်တရ



မှတ်သားမိလိုက်၏။

"ဘာကြည့်နေတာလဲ ... မသွားသေးဘူးလား"

"ဘာဘာရာရာ ... အအာပလာတာ ..."

"ဟင် ... ရှင် စကားပြောတတ်တယ် ... ပလာတာကို ပီအောင်ပြောတတ်တယ် ..."

"ဘာ ... ဘာ ... ဘာ ... အယာ ဘာဘာ"

သူလက်ရောခေါင်းပါ အတင်းခါပြငြင်းဆန်ပြီး အငှားကားပေါ် အမြန်ပြန်တက်လိုက်ရ၏။ သူ့ကို အထူးအဆန်းသဖွယ်လိုက်ကြည့်နေသော စံထိပ်ထားက မျက်မှောင်လေးကြုတ်ပြီး နှုတ်ခမ်းလေးကိုက်သွား၏။ ထူးခြားတာက ...

သူ့ရဲ့အငှားကားလေး ထွက်ခွာသွားတာကို အသေအချာစိုက်ကြည့် ကျန်ရစ်နေခဲ့ခြင်းပင်။

အသံသာကြားခွင့်ရပြီး လူယောင်ဖျောက်နေသော လျှို့ဝှက် ရင်ခုန်သံပိုင်ရှင် ဒေါက်တာအောင်လှိုင်ဘွားကို ခြေရာခံချင်၍ အောင်လှိုင်ဘွားနှင့် ပတ်သက်ဆက်နွှယ်ရာ သူ့ကို စိတ်ဝင်တစားစိုက်ကြည့်နေခြင်းမျိုးသာ ဖြစ်ပါလိမ့်မည်။

သူကလည်း သူမကို အသေအချာကြည့်မိသလို၊ သူမက

www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကို စူးစူးစိုက်စိုက်ပြန်ကြည့်ပြီး မှတ်သားနေတာ သူမ သိလိုက်ရ၏။

ကံမကုန်လို့ ပြန်ကြုံပြီးမေးခွင့်သာခဲ့ရင် စုံစမ်းရနိုင်အောင် မှတ်မှတ်သားသား ပြန်ကြည့်နေသောအကြည့်။

မာန်မာန်တွေ တဖွားဖွားတောက်ပ လင်းရှနေသော အကြည့်။ ကြောင်မျက်လုံးရဲ့အကြည့်။

အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ထိုအကြည့်မျိုးကို ဘုန်းမာန်ခ ဆိုသောသူ ... အသေလန့်၏။

ကြောင်မျက်ရှင်တို့မည်သည် အစွမ်းထက်သလောက် လူ တစ်ဖက်သားဒုက္ခရောက်အောင် အန္တရာယ်ပေးနိုင်စွမ်းသည့်နေရာ မှာလည်း အံ့မခန်း။

သူမနှင့်ပတ်သက်လျှင် ဤမျှနှင့် ဇာတ်လမ်းပြီးပြီဟု သူ ထင်လိုက်မိ၏။ သို့ြာား ...



"ကျေးဇူးပဲ ဘုန်းမာန် ... မင်း လှူဝ်ရှားပေးတာ အပိုအလိုမရှိ ... အားလုံးကွက်တိဝင်တယ် ... ငါလိုချင်တဲ့ လက်ဆောင်တော့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပြီ"

ကျောင်းကအပြန် Game ဆိုင် လှည့်ဝင်လာသော ကျော်ခင်မင်းထွန်းစကားကြောင့် Game စက်ခလုတ်တွေပြင်နေရာမှ သူ ခေါင်းထွန်ပြလိုက်ရ၏။

"မင်းရဲ့တော်ဝင်အလှဘုရင်မကြီးဟာတော့ တကယ့် မာန်မာနတုံးကြီးပဲ ... ကြောင်မျက်ရှင်ဒေဝီလို့ ငါကတော့ နာမည်ပြောင်ပေးချင်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြန်ပြီ … ဒီလောက်လှတဲ့မျက်လုံးကို ဘာလို့ ကြောင်မျက်လုံးကြီးနဲ့ တင်စားနိုင်းဖွဲ့နေရတာလဲ … သမင်မျက်လုံးလေးဆို တော်သေးတယ် … "

သူက ဟာဟားဟုရယ်လိုက်သောအခါ

"ရယ်မနေနဲ့ ကိုယ့်ကောင်ရဲ့ … နောက်ထပ် မင်းလုပ်ပေးစရာကျန်သေးတယ် … ခုန ငါ ဖုန်းဆက်တော့ စီထိပ်ထားကလည်း ဒါကို အမှတ်တရလက်ဆောင်ပြန်ပေးချင်တယ်တဲ့ … ငါမွေးနေ့ ဘယ်တော့လဲဆိုပြီး မေးလို့ … ပြောပြလိုက်ရသေးတယ် … အဲဒါမွေးနေ့ရက်ရောက်ရင် စီထိပ်ထားပေးတဲ့လက်ဆောင်ကို မင်း သွားယူပြီး လက်ခံပေးရဦးမယ် … "

"ဟာကွာ … မင်းတို့ဟာကလည်း … ရှုပ်နေတာပဲ … အဖြစ်ကိုသည်းတယ် … သူများတွေလို မွေးနေ့ဆိုပြီး ကြီးကြီးကျယ်ကျယ် ကျင်းပကြတာလည်း မဟုတ်ဘူး …"

"အထိမ်းအမှတ်မွေးနေ့ပွဲကြီးတွေက လုပ်ပြီးသွားလို့ပေါ့ကွာ … ဒီတစ်ခါလည်း ထပ်ကူညီပေးစမ်းပါ … စီထိပ်ထားပေးမဲ့မွေးနေ့လက်ဆောင်ကို ငါ မြင်ချင်လိုက်တာ"



"ဖုန်းဆက်တော့ မင်းဟမ်းဖုန်းနဲ့ဆက်တာလား"

"ဘယ်ကလာ … အဲ့ဒါဆို ကွဲခနဲမိသွားမှာပေါ့ … စီထိပ်ထားရဲ့ဟမ်းဖုန်းကို ငါက အပြင်က တယ်လီဖုန်းနဲ့ ခေါ်ရတာပေါ့ … နေရာပြောင်းပြောင်းပြီး ပြောနေရတာ၊ ဒါမှ သူ ခြေရာခံပြီး မလိုက်နိုင်မှာလေ … ငါ့ဟမ်းဖုန်းကို သုံးလို့ ဘယ်ဖြစ်မလဲ … "

"မင်းမွေးနေ့က ဘယ်တော့လဲ … "

"သန်ဘက်ခါ ကြာသပတေးနေ့ … "

ထိုစဉ်မှာပင် အောင်လင်းခိုင် ရောက်ချလာ၏။ လက်ထဲမှာလည်း စားစရာတွေအပြည့်။ ကျောင်းကအပြန် ဂိမ်းဆော့ဖို့ လှည့်ဝင်နေကျ။ ဆိုင်ထဲမှာ ဂိမ်းဆော့နေသည့်ကလေးတွေနှင့် ဝါသနာအိုးလူငယ်လူကြီးတွေ ပြည့်နှက်နေ၏။

"မင်းတို့ ဘာတွေပြောနေကြတာလဲ … ဘယ်စက် ဘယ်နှစ်နာရီအားမှာလဲ … "

"ငါးခွဲမှာ နံပါတ်(၄)အားမယ် … ဒီကောင် ကျော်ဇင်မင်းထွန်း ပြောနေတဲ့အကြောင်းကတော့ သူ့ရဲ့ကြောင်မျက်ရှင်ဒေဝီအကြောင်းပေါ့ … "

www.burmeseclassic.com

www.burmeseclassic.com



အမည်ပြောင်းကို အောင်လင်းခိုင်အား ကြိုပြောပြထား၍ အောင်လင်းခိုင် သဘောပေါက်ပြီး တခွိခွိရယ်၏။

"အဲ့ဒီကောင်ကတော့ အဲ့ဒီရောဂါနဲ့သေမှာ ... သေချာတယ် ... ဘာလဲ ... မင်းကို ဘာအပူကပ်နေပြန်ပြီလဲ"

"မနေ့ကလိုကိစ္စမျိုး ခပ်ဆင်ဆင်လေး ထပ်လုပ်ခိုင်းနေပြန်ပြီလေကွာ ... အားကြီးလူကူတောင်းတဲ့အကောင်၊ ဒီလိုလုပ်ပါလား ... ကျော်ဇင် ... ငါ့အစား အောင်လင်းခိုင်ကို လွှတ်လိုက်ပါလား ... "

"ဘယ်ဖြစ်မလဲ ... အောင်လင်းခိုင်က ငါတို့ကျောင်းကို ခဏခဏလာဖူးတယ် ... ငါနဲ့တွဲဖူးတယ် ... ကန်တင်းမှာ ထိုင်တော့ ... ဒီကောင်နဲ့ငါ တွဲထိုင်တာကို စီထိပ်ထားတို့အဖွဲ့ တွေ့မြင်ဖူးတယ် ... "

"မှတ်မိနိုင်ပါ့မလား ... မင်းပြောတော့ မင်းရဲ့ကြောင်မျက်လုံးကို သူမသိကိုယ်မသိသလို နေကြတာဆို ... ပြီးတော့ မင်းရဲ့ကြောင်မျက်လုံးမာနခဲကြီးက ဘယ်သူ့ကိုမှ တရင်းမထွေးညှိသလို နေတတ်တာဆို ... "

"နေတတ်တယ်ဆိုပေမဲ့ ... ငါ့လို ရုပ်သန့်တဲ့လူမျိုးကို



တော့ မျက်စိအစာကျွေးသလို သတိထားမိတာမျိုးလေးတော့ ရှိချင်ရှိနေမှာပေါ့ကွ ... "

"ထော်တော်သန့်တဲ့ရုပ်ပဲနော် ... "

အောင်လင်းခိုင် ဝင်နောက်ပြီး ကျော်ဇင်မင်းထွန်းရဲ့မျက်နှာကို ပြုံးကြည့်၏။ ကျော်ဇင်မင်းထွန်းက ဝက်ဝံကြီးလို ဂရားခနဲ ဆုပ်လိုက်၍ အောင်လင်းခိုင် လန့်ပြီးနောက်လန်ကျသွား၏။ ဂိမ်းဆော့နေသော ကလေးပေါ်ကို တက်ဖိထိုင်လျက်သားဖြစ်သွား၏။

"အား ... အစ်ကိုကြီး ... သေပြီဗျာ ... "

"မတော်လို့ ... တမင်လုပ်မိတာ ... အဲ ... တကယ်မတော်လို့ပါညီလေးရာ ... ဗွ ... ဗွ ... ကျိုးသွားသေးလားမသိဘူး ... "

"ဘာမှမကျိုးပါဘူး ... "

"မင်းကိုမေးတာ မဟုတ်ပါဘူး ... ပလတ်စတစ်ထိုင်ခုံကို စစ်ဆေးကြည့်နေတာပါ ... "

အနောက်အပြောင်သန်သော အောင်လင်းခိုင်ကြောင့် ခိုးရှိသူတွေ ပြုံးစိစိဖြစ်ကုန်ကြ၏။ ကျော်ဇင်မင်းထွန်းက အောင်လင်းခိုင်ရဲ့လွယ်အိတ်ကို ဆွဲယူပြီး နှိုက်ကြည့်၏။ အထဲမှ အမှိုက်

www.burmeseclassic.com



သရိုက်တွေထွက်လာ၏။

"ဘယ်လိုဖြစ်ပြီး စားပြီးသောက်ပြီးသား အမှိုက်တွေ မင်းလွယ်အိတ်ထဲ ရောက်နေရတာလဲ အောင်လင်းခိုင်"

"တောက် ... ကျောင်းကကောင်တွေနောက်လိုက် ပြန်ပြီနဲ့တူတယ် ... ငါတို့အဖွဲ့တွေက ဒီလိုလည်း စနောက် နေကျ ... လစ်ရင်လစ်သလို တစ်ယောက်လွယ်အိတ်ထဲကို တစ်ယောက်က အမှိုက်တွေထည့်နေကျ ... တို့ကျောင်းက ရွှေမိုးဆိုရင် သူလွယ်အိတ်ထဲ ဘယာစီယာအစုတ်ကြီး တစ်ထည်တောင် **ထည့်ခံခဲ့ရသေးတယ်** ... မိမာတို့ မသန္တာတို့ ဆိုရင် ဆေးလိပ်**တိုတွေထည့်ခံရတာ** ... သူ့အိမ်ရောက်လို့ သူ့အမေကလွယ်**အိတ်လှန်ဖို့ ဖစ္စည်းတွေသွန်ထုတ်လိုက်** ရင် ... ဆေးလိပ်တိုတွေ **ယားနာလိမ်းဆေး** ... ဘူးခွံတွေ တွေ့လို့ သားအမိချင်းတောင်ပြဿ**နာတက်ရသေးတယ်** ... ဒီကြားထဲ ဆေးပြင်းလိပ်တိုကြီး**တွေတောင်ပါသေးတယ်**"

ကီလိုမာလကာသီးစိတ်ကို ဆားချိုဖြူးထားတာ တခြမ်းခြမ်း ဝါးစားရင်း အောင်လင်းခိုင် ပြန်ပြောနေ၏။ သူက လှမ်းယူပြီး စားတော့ ကျော်ဇင်မင်းထွန်းပါ လိုက်ယူပြီးဝါး၏။ မာလကာသီး



ဝါးပြီးတော့ ထောပတ်ဘိန်းမုန့်ထုပ်ကို ဆက်စားကြပြန်၏။ ပြီးလျှင် ပြောင်းဖူးပြုတ်တွေ။

"ခွီးတက်မှ စကားကို လိုရာမဆက်ရတော့ဘူး ... မင်းဝယ်လာတဲ့အစားအစာတွေက ဒီနေ့ထဲမှာ ကုန်ရောကုန်နိုင်ပါဦးမလား ..."

"အဲ့ဒါတော့ မသိဘူး ... လွယ်အိတ်ထဲမှာကျန်သေးတယ် ..."

"ဘာလဲ ..."

"အစာကြေလျက်ဆား တော်တော်လေးလျက်ရင် မော်တော်လေးထွက်သလို ဘွတ်ဘွတ်ဖွတ်ဖွတ်နဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်မင်းထွန်းရဲ့မွေးနေ့လက်ဆောင်ကို သွားယူရသည့်နေ့ရောကတော့ ကဗျာစာနဲ့တွေသိဖို့ စိတ်ကူးကောင်းကောင်း ရွက်လှှင့်နိုင်သည့် အင်းလျားကန်ဘောင်။ ချိန်းဆိုထားသည့်အချိန်ထက် ငါးမိနစ်စောပြီး သူ ရောက်၏။ အရှယ်သုံးမျက်နှာကို ကင်းချထားသောမျက်လုံးဖြင့် စောင့်ကြည့်၏။ စကားရပ်နားရှ် ရနိုင်သော စားသောက်ဆိုင်တန်းဘက်မှ စံထိပ်ထား လျှောက်လာ၏။ အဖော်တစ်ယောက်နှင့် ...

အနားရောက်လာတော့ ချိန်းထားချိန်နှင့် အံကိုက်ကွက်တိ။ စူးရှသောကြောင်မျက်လုံးကြီးတွေဖြင့် ကြည့်လာနေ၏။



"ဘယ်လိုလဲ ... အရင်တစ်ခါလာတွေ့တဲ့ စကား မပြောတတ်တဲ့လူပါပဲလား ..."

စံထိပ်ထားရဲ့စကား။ စံထိပ်ထားရဲ့စကားထက် အနားမှာပါလာသော အဖော်ကိုကြည့်မြင်မိပြီး သူ့မှာမျက်လုံးပြူးရတော့ ဆ၏။ အကြောင်းမှာ သူတို့ Game ဆိုင်ဖွင့်ထားသော ခြောက်ထပ်တိုက် မြေညီထပ်ရဲ့အပေါ်ထပ် (ပထမထပ်)မှာနေသော အိမ်နာမည် ဆွိုတီဆိုသည့် ညိုချောမလေးဖြစ်နေသောကြောင့်ပင်။ အခေါ်အပြောရှိ၏။ အရင်းနှီးကြီး မဟုတ်သော်လည်း ဆွိုတီရဲ့မောင် Game သရဲလေးကြောင့် အခေါ်အပြောရှိခဲ့ကြခြင်းပင်။ ဆွိုတီမောင်လေးက အချိန်အားရသည်နှင့် Game ဆိုင်ရောက်နေ၍ ဆွိုတီက ကစ်ခုခုခိုင်းစေချင်လျှင် မကြာခဏ Game ဆိုင်ကိုလာခေါ်ရတတ်၏။ သူက အမြဲခေါ်ပေးနေကျ။

တိုက်ပေါ်အတက်အဆင်းလုပ်၍ တွေ့ဖြစ်ကြလျှင်လည်း ဘယ်တပြန်လာလဲ ...'တို့၊ 'ဒီနားက'တို့ ခေါ်ပြောနေကြ။ ယခု ပြင် တိုက်တိုက်ဆိုင်ဆိုင်ကြီးကိုတွေ့ဖြစ်ကြလေပြီ။

"ရော့ ... ဒီလက်ဆောင်လေး ရှင့်ရဲ့ဆရာကိုပေးလိုက် ရှင့်ကြည့်ရတာ ... ဒေါက်တာအောင်လှိုင်ဘွားရဲ့ကား ဒရိုင်

www.burmeseclassic.com

www.burmeseclassic.com



အသဲ့တွတယ် ... ဒေါက်တာအောင်လှိုင်ဘွားက ဘယ်လို ရှိမျိုးလဲ ... ခန့်ခန့်ချောချော သားသားနားနားမဟုတ်လား ...

"အာ ... အာဘာရှားဘာ ..."

"အဲ့ဒါပဲ ဆွိုတီရေ ... ဒီလူက စကားမပြောတတ်တော့ ... သူ့စကား ကိုယ်မသိဖြစ်နေတယ် ... မင်းရော ဘာသာပြန်တတ်သလား ..."

"သူ ... သူ ... သူက ဆွိုတီတို့နေတဲ့တိုက်က မြေညီထပ်မှာ Game ဆိုင်ဖွင့်ထားတဲ့လူပါ ... စကားပြောတတ်ပါတယ် ... သူနာမည် မောင်လေးပြောတာ ကြားဖူးတယ် ... ကိုဘုန်းဆိုလား ကိုဖုန်းဆိုလားပဲ ..."

သူ လန့်သွား၏။ အလိမ်တွေပေါ်ကုန်တော့မည်မို့ လက်ဆောင်ကို ယူပြီးတာနှင့် ဘုတ်ခနဲလစ်တော့၏။

"ဟော့လူ နေဦးလေ ... ဟော့ ... ပြောနေတာ မကြားဘူးလား ... ဒီမှာ ... ဒီမှာ ... ခေါ်နေတယ်လေ ..."

သူတစ်ချိုးတည်းလစ်တော့၏။ ဘယ်လောက်ခေါ်ခေါ် နောက်ပြန်လှည့်မကြည့်တော့။ အရေးထဲ ခလုတ်ဝင်တိုက်မိ၍ ကန်



ဘောင်အခင်းမှာ ဟပ်ထိုးလဲကျမလို ဖြစ်သွားသေး၏။ ရှေ့မျက်နှာချင်းဆိုင်မှ လက်ချင်းဆုပ်ကိုင်ပြီး အကြည့်ဆိုက်ကာ တက်လာသော စုံတွဲတစ်တွဲဝင် လန့်ပြီး လူခွဲဘေးရှောင်ပေးကုန်၏။ အမြန်ဆက်ဆင်း ... ။ တစ်ဖန် ထပ်ဆုံရပြန်သော စုံတွဲတစ်တွဲနှင့် ထပ်မံစည်းတိုးသလို သူ့ရှောင်ကိုယ့်ရှောင်ရင်း စိတ်တူပြီး ရှောင်မည့်ဘက်အတူတူဖြစ်နေ၍ အချိန်ကြန့်ကြာနေရပြန်၏။

"ဆောရီး ... ကျေးဇူးပြုပြီး ခင်ဗျားတို့တစ်နေရာထဲ ရပ်နေလိုက်ကြပါ ..."

အလယ်မှာ စုရပ်ကုန်ကြ၏။ ဘေးက ကွင်းလျှောက်မှ ခွေးချေးပုံနင်းမိပြီး 'ဗြိ'ခနဲဖြစ်ကာ စလစ်ဖြစ်မတတ် ဖြစ်သွားရ၏။

"ခွေးတွေ စည်းကမ်းကိုမရှိဘူး ... ဒီလိုနေရာမျိုးတောင် လစ်ရင်လစ်သလိုလာတယ် ..."

သူဘာသာစိတ်တိုပြီး ပြောဆိုသည်ကို စုံတွဲတွဲလာသော လူက ...

"ခင်ဗျား ဘယ်သူ့ကိုပြောနေတာလဲ ..."

"ခင်ဗျား နားမကြားဘူးလား ... ခွေးကို ပြောနေတာလေ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီနားမှာ ခွေးမှမရှိဘဲ ..."

"ဒီမှာ ခွေးချေးပုံဗျ ... ချေးပုံနင်းမိထားတာ ... ဒီဖိနပ်မှာ ကပ်နေတယ် တွေ့လား ... ဒီမှာ ... တွေ့လား"

"ဩော် ... ဒါကြောင့်ကိုး ..."

"ဘာဒါကြောင့်ကိုလဲ ... အရေးထဲတမှောင့်လာလုပ်မနေနဲ့ ... ကိုယ့်လမ်းကိုယ်ဒိုးတော့ ..."

ကန်ဘောင်ပေါ်မှ လှမ်းကြည့်ပြီး နားထောင်နေသော စံထိပ်ထားနှင့် ဆွိုတီတို့ သူ့စကားသံကို နားနှင့်ဆတ်ဆတ်ကြား သွားကြကုန်၏။

မထူးတော့ ...

အလေးပြုပြီး လက်မြှောက်ကာ ခြေကားရားဖြင့် ကာတွန်းပုံစံပေါက်အောင် ရှုံးချင်ယောင်ဆောင်ပြီး နောက်ပြောင်ပြေးလာလိုက်၏။

ခြောက်လမ်းသွားမှာ ကားရပ်၍မရ၊ အမြန်နှုန်း တင်မောင်းရသည့်နေရာဖြစ်နေ၏၊ တစ်ဖက်လမ်းမကို ကူးရမည်။ လမ်းသွယ်ထဲမှာ ရပ်ခိုင်းထားသောအငှားကား ရှိရာသို့ရောက်မှဖြစ်မည်။

စိတ်လော၊ ကိုယ်လောနှင့်လည်း လမ်းဖြတ်မကူးရဲ၊ အမြန်



နှုန်းတင်မောင်းရသော နေရာဖြစ်နေ၍ ဂျပန်ပြည်ဖွားကားလေးတွေကလည်း ဝိုးဝိုးဝှစ်ဝှစ်နှင့် လှစ်ခနဲလှစ်ခနဲရောက်လာပုံက မြန်ဆန်တတ်၏။ ကားအရှင်းကို စောင့်ရင်း နောက်လှည့်ကြည့်လိုက်တော့။

ကန်ဘောင်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာနေသော ကြောင်မျက်ရှင်ဒေဝီနှင့် ဆွိုတီတို့ကို တွေ့လိုက်ရ၏။ လိုက်မှီလာရင်တော့ သွားပြီ။

❤❤❤❤❤

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ကျော်ဇင်မင်းထွန်း စိတ်တွေ လှုပ်ရှားပြီး နှာခေါင်းတွေ ဖိပွတ်နေ၏။ အောင်လင်းခိုင်က ...

"မင်း လိမ်းကူးကျွမ်းကျင်လို့ စံထိပ်ထားတို့ မခိုလိုက်တာ ... ကံကောင်းသွားတယ် ... ခိုရင်လည်း ရှင်းပြလိုက်ရတော့ ဘာဖြစ်မှာလဲ ... "

"ဖြစ်မလား အောင်လင်းခိုင်ရဲ့ ... "

"မင်း ကြောက်နေရင်လည်း ဒေါက်တာအောင်လှိုင်ဘွား ဆိုတာ ငါပဲလို့ လက်ညှိုးထိုးပြလိုက် ... ဖြစ်လာသမျှ အကောင်းအဆိုးဒဏ် ငါ ခံစားလိုက်မယ်ကွာ ... ဆွဲစားတယ် ... ဘယ်လိုလဲ ... "



"ဖြစ်မလားကွ ... ကံဆိုးပြီး မင်းပါးရိုက်ခံရတာဆိုတော်သေးတယ် ... ကံကောင်းပြီး သံယောဇဉ် တင်းအားနဲ့ မင်းကို ချစ်သူအဖြစ် အသိအမှတ်ပြုသွားမှ ငါ ထွန့်ထွန့်လူးသွားမှာပေါ့ ... "

"မင်းကလည်း အောင်လှိုင်ဘွား အယောင်ဆောင်မိတာ စံထိပ်ထားရဲ့အချစ်ကို မရမှာစိုးလို့ ... ဘာဘာညာညာ ပြောလိုက်ရင် စံထိပ်ထား ပြန်ကြိုက်ချင်ကြိုက်မှာပေါ့ ... မင်း ပြောတာတော်ပါတယ် ... ဘာလို့ အခုမှ ညှိုချင်အချင်ယောင်ဆောင်နေရတာလဲ ... "

"မင်း မသိသေးပါဘူးကွာ ... ငါတို့အကြောင်းကို ငါတို့ပဲ နားလည်တယ် ... သံယောဇဉ်တင်းအားရှိပေမဲ့ ... စံထိပ်ထားရဲ့ဂုဏ်မာနရှိန် ပြင်းအားက ပိုအားကောင်းနေသေးလို့ ငါ ဆက်ချည်နေရသေးတာပေါ့ ... နောက်ဆုံးနှစ်အပိုင်းတွေ ပြီးသွားတဲ့အထိ ချည်တုပ်ထားနိုင်မှ သံယောဇဉ်ကြိုး ရုန်းတိုးမရအောင် ခိုင်မြဲသွားလိမ့်မယ်လို့ ငါ ယုံနေတယ် ... အဲ့ဒီကာလမရောက်မချင်း စံထိပ်ထားကို ငါ မျှောပြီးဆွဲသွားမှကိုဖြစ်မှာ ... အဲ့ဒါကြောင့် ဒီအချိန်မှာ လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



ထားတာကို မဖော်ပြချင်သေးတာပေါ့ ... ”

ကျော်ဇင်မင်းထွန်းရဲ့စကားအဆုံးမှာ ဘုန်းမာန်ခက

“မဖော်လည်း စံထိပ်ထားအလိုက်ကောင်းရင် ပေါ်လာတော့မယ် ... ပြဿနာမလေးက ခေါင်းပေါ်အထပ်မှာ အခုတောင် ကျောင်းကပြန်ရောက်နေလောက်ပြီ ... မင်းတို့နဲ့ ငါသူငယ်ချင်းတွေဆိုတာ သိတယ် ... မင်းတို့နဲ့သာ မခင်သေးတာ ... ဒီမှာ မကြာခဏ ဝင်ထွက်သွားလာနေလို့ မျက်မှန်းတန်းမိပြီး မျက်နှာကျက်မိနေမှာ သေချာတယ် ... မင်းတို့နှစ်ယောက်ကို စံထိပ်ထားမြင်အောင် ဆွိုတီက သူ့နည်းသူ့ဟန်နဲ့ပြလာရင် စံထိပ်ထား တွေးတောတွက်တတ်သွားမှာသေချာတယ် ... ဆေး(၁)က ကျောင်းသားကျော်ဇင်မင်းထွန်းပဲ ဖြစ်ကိုဖြစ်ရမယ်ဆိုတာ ... ”

“မင်းပြောတာဟုတ်တယ် ... ဒီနေ့ကစပြီး ဒီဆိုင်ကို ငါမလာတော့ဘူး ... အဲ့ဒါဆို ဆွိုတီ ပြလို့မရနိုင်ဘူး ... မင်းလည်း မလာနဲ့ကွာ အောင်လင်းခိုင် ... ”

“ငါနဲ့ဘာဆိုင်လို့လဲ အနေသာကြီး ... ငါက Game ဝါသနာကြီး ... ငါ့ဆိုင်ကို တမင်ထောင်ထားတာ ... မင်းက



လာဖိတ်ပင်လို့ရမလား ... ”

“မင်းလာနေတော့ မင်းကိုပဲထင်သွားမှာပေါ့ ... ”

“ထင်စရာလား ... ငါလို့ထွင်တော့ရော မိန်းကလေးတန်မဲ့ စံထိပ်ထားကိုယ်တိုင် လာမေးမယ်လို့များ မင်းထင်နေသလား ... အဝေးကြီး စိုးရိမ်စရာမရှိ ဈေးနပ်စိုးရိမ်နေတယ် ... စိတ်ချ သူငယ်ချင်း ... မိုးမပြိုနိုင်ပါဘူးကွာ ... ဒါပေမဲ့ ... မိုးကြိုးတော့ သတိထားပေါ့ ... ”

“မင်း ... ငါ့ကိုမလှန်နဲ့ အောင်လင်းခိုင် ... မင်းက ပွဲလန့်ရင် ဖျာခင်းတတ်တဲ့အကျင့်ရှိတယ် ... ”

“ငါ့မှာ အဲ့ဒီအကျင့်မရှိဘူး ... ”

“ဘာမရှိရမှာလဲ ... ငါတို့ငယ်ငယ်က အရပ်ဓာတ်တွေကတော့ ပွဲလန့်တာနဲ့ သူများဖျာတွေ မင်းအကုန်ထုတ်ပြီး ဖျာဝင်ခင်းခဲ့တာ ... ငါကိုယ်တိုင်မြင်ဖူးတယ်ကွ ... ”

“ဆေးကျောင်းသားဖြစ်ပြီးတော့ ... မင်းခေါင်းတော့ မှုလီချောင်နေပြီ ... စာတွေကျက်ရဖန်များလို့နဲ့တူတယ် ... ပွဲလန့်တုန်းဖျာခင်းတဲ့ အမိပ္ပာယ်ကို မင်းဖွင့်ဆိုနေတာ တိုက်ရိုက်ကြီးဖြစ်ပြီ ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဒီပြောတာတောင် မင်းက တွက်လောက်ကျနမ်မဲ့ ကောင်မှမဟုတ်တာ ... ငါပြောသလို မင်းလည်း **ရှောင်** လိုက်စမ်းပါကွာ ... "

နှစ်ယောက်သား ပြောနေကြသည်ကို ထိုင်**စဉ်းစားငြိမ်နေ**သော ဘုန်းမာန်က ...

"မင်းတို့ရှောင်တာ ကောင်းတော့ **ကောင်းတယ်** ... အင်း ... ငါနဲ့တော့ တည့်တည့်ကြီးကို **တိုးလိမ့်မယ်ထင်**တယ် ... ဒေါက်တာအောင်လှိုင်ဘွား **အပေါ်ထားတဲ့** ... စံထိပ်ထားရဲ့ သံယောဇဉ် ပြင်း**အားကို** **တွက်စစ်**ကြည့်စမ်းပါ ... ကျော်ဇင်မင်းထွန်း **ငါ့ဆီ** **စံထိပ်ထား**ရောက်နိုင် ... **မရောက်နိုင်ဆိုတာ** **ခန့်မှန်းကြည့်စမ်း**ပါ ... "

**ကျော်ဇင်မင်းထွန်းတွေပြီး**စဉ်းစားခန်းဝင်သွား၏။ အောင်လင်းခိုင်က **စိတ်ညစ်ညစ်နှင့်** ဆေးနေသော နဘမ်းဂိမ်းထဲမှ သူ ထိန်းချုပ်ကိုင်တွယ်ရသော နဘမ်းသမားကိုတွေ့ရာ ကိုင်ပေါက်နေသည်မှာ ဒိုင်လူကြီးပါမချန်။

"ရောက်လာနိုင်တယ် ... ဘုန်းမာန် ... "

ကျော်ဇင်မင်းထွန်း စကားကြောင့် ညနေစာ အဆာပြေ



စားနေသော စမူဆာသုပ်ပင် သူဆက်၍ မစားနိုင်တော့။ ရင်ထဲ တစ်ခုခုတစ်ခံသလို ခံစားလိုက်ရ၏။ စံထိပ်ထားနှင့် ပတ်သက်ခဲ့ရမှု ခဏတာတွေက ခဏပြီးခဏ ပေါ်ပေါက်လာနေ၏။ တော်ရာ ဘွယ်ကာနေလို့လည်း မရ။

မီးစ,မွေးပေးသူကလည်း ကျေးဇူးရှင်ကိုကျော်ဇင်မင်းထွန်း မြင်နေ၏။ ကံကိုသာပုံချ အပြစ်တင်လိုက်ရလေမလား။ မတရား အကို မကြိုက်။

ကိုယ့်ကိုယ်ကိုသာ အပြစ်တင်လိုက်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝေးမြို့က နှင်းဆီခင်းတွေမှာ
လေညှင်းသပ်ဖြတ်ကျော်လာတဲ့ ရနံ့ကို ရှုရှိုက်လိုက်တာမို့
မြင့်လွှင့်ခဲ့ မိုးတိမ်တွေလည်း
ပြန့်နှံ့ရောက်ရှိ မျက်ရည်လို
မြေပြင်ပေါ်ရောက်ကျောင်ငြိတယ်
ကိုယ်က .....
လက်ချင်းယှက်မရှိ
မမြင်ကျသေးတဲ့ မျက်ရည်စက်တွေကိုရှောင်ခဲ့တယ်ပြီး
ဘဝေးမြို့ နှင်းဆီခင်း
ဘာကြောက်ပြေးရင်း ပြန်ပေးလိုက်ချင်ရဲ့
ကျဉ်းကော ,..
မျက်ရည်စီးခဲ့တာတဲ့ လက်နဲ့
ရေချောက်ကာ ဘဝင့်ဖွဲ့ရောင်ခဲ့ရင်း
နှင်းဆီခင်းတွေဆီရောက်နိုင်ဖို့ လေရူးလေဘင်းလိုမောင်းရင်း
မျှော်လင့်ခြင်းကို သိမ့်ယူလှုပ်နေမဲ့လူ။



**တစ်ရက်** ... နှစ်ရက်နှင့်ရောက်မလာ။ ဆွိုတီနှင့်ဆုံဖြစ်တော့ ခေါင်းငုံ့ မျက်နှာလွှဲနေလိုက်မိ၏။ ဆွိုတီကလည်း မိန်းကလေးပီပီ အရှက်နှင့်သိက္ခာထိန်းပြီး အတင်းလိုက်မမေး။ ကျော်ခင်မင်းထွန်းရဲ့ ခန့်မှန်းချက်မှားသွားပြီဟု ယူဆထားသော သုံးရက်မြောက်နေ့မှာတော့။

မီးပျက်သွားလျှင် အရံသင့်မီးစက်နှိုးနိုင်ရန် ဓာတ်ဆီပြေးဝယ်ပြီး ဂါလံပုံကြီးထမ်းလာသောသူနှင့် လှေကားထိပ်နားမှာ ရပ်စကားပြောနေကြသော သူမတို့နှစ်ယောက်(စံထိပ်ထားနှင့်ဆွိုတီ) တို့တည့်တည့်ကြီး ဆုံတိုးပါလေတော့၏။ ဖုံးကွယ်ပြီး မျက်နှာထွက်

www.burmeseclassic.com



လာစဉ် ရယ်သံတွေကို ကြားလိုက်ရ၏။ ဘယ်လိုသဘောပါလိမ့် နှိမ့်ကျစွာအိလုပ်လုပ်နေရသော သူ့ဘဝကို လှောင်ပြောင်လိုက်တာ များလား။ အားငယ်မည်ဆိုလျှင် ဘုံးဘုံးလဲကျသွားနိုင်သောဘဝမှာ လေတိုက်လို့ လှုပ်တာကိုပင် ကိုယ့်ကိုလှောင်တာဟု ထင်ချင်နေ သည်မှာ စိတ်ရောဂါတစ်မျိုးလား။

လှမ်းမေးမည်ဟုထင်ထားသော်လည်း မမေး။ ဆိုင်ထဲ ရောက်ပြီး လုပ်စရာရှိတာ လုပ်နေလိုက်၏။ အသာသွားချောင်း ကြည့်တော့ ရှေ့မှာ မရှိကြတော့။ ပြန်သွားပုံရ၏။ အပေါ်ထပ် ဆီတိုမောင် ဂိမ်းသူ့ရဲလေးဆင်းလာ၏။ နာမည်က နီတျာရဲ။

နီတျာရဲက ဂိမ်းအလှည့်ကျမရ၍ စောင့်နေသလိုလို အ လိုလိုနှင့် သူ့အနားမှာ ယောင်ပေပေလုပ်နေ၏။ သူက နီတျာရဲ ပုံစံထူးခြားနေတာကို သတိပြုမိ၏။ နီတျာရဲက ခပ်လည်လည် ကောင်။ အသက်က ဆယ်နှစ်သား။ လည်လိုက်သည်မှ ဂျင်ပေါ် ထုံး။ ထုံးပေါ်က ငှက်ချီးဆိုသည့်ကောင်စားလေးမျိုး။

"ဦ ... ဦယေး"

လည်ပင်းလည်ပြား စကားမပီသေးတာကဖြင့် ခြွင်းချ

"ဦး လုပ်စမ်းပါကွာ ... ဦ ... ဦနဲ့ ငါ့မှာ ကိုယ့်ဟာ



ကိုယ်တောင် မလှုံမလဲဖြစ်အောင် မခေါ်စမ်းပါနဲ့ ... ကဲ ... ပြော ... ဘာလဲ ..."

"ဒီလိုပါ ဦယေးရဲ့ ... ဦးယေး တဂယ်ဂျင်း ဟိုဦကြီး နှစ်ဦတော ..."

"ဘယ်ဦတွေလာမေးနေတာလဲ ... ကြက်သွန်ဦလား၊ လိမ်ဦလား ..."

"ဟာဂျာ ... ဦးတဂယ်ဂျင်း ... ဦးနှစ်ယောက်ကို မေးနေရာ ..."

"ဪ ... သူတို့လား မရှိတော့ဘူး ... အိမ်ပြန်ကုန် ပြီ ..."

"ဘူတို့က ဘယ်မှာနေတာလဲ ... ဘာအရှမ်ရှမ်လဲ"

"မင်းက ဘာလုပ်မလို့လဲ ..."

"တီချင်ရှိ့ပါဂျာ ..."

"တီချင်ရင် ဆံပင်ညှပ်ဆိုင်သွား ..."

"ဟာဂျာ ... ဦတလည်း ..."

"ဓါဂျာဦ ဒီမှာမရှိဘူး ..."

"မနောက်နဲ့ဂျာ ... ဦယေးကလည်း ... ကြောကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘာ ... အဲ့ဒီ ဉူးတွေအကြောင်း ... တိရင် ဉကို မုန့်ဝယ်ကျွေးမယ် ... ဂျယ်ရီချားမလား ... ချိုးချားမရေး ... ”

“ထွီ ... မင်း စော်ကားလှချည်လား ... မင်းနဲ့ဘာဆိုင်လို့ ... အဲ့ဒီအကြောင်းတွေ လာမေးပြီး ငါ့ကိုချိုးကျွေးနေရတာလဲ ... ”

“ဉူးမတိပါဘူး ... အဲ့ဒီအကြောင်းတိရင် တားတားမုန့်ဖိုးနှစ်ထောင်ရမှာဂျ ... ဉူးကြောပြရင် တားတား မုန့်ဖိုးငါးရာခွဲပေးမယ် ... ”

“ဘယ်သူက သိချင်တာလဲ ... မှန်မှန်ပြောစမ်း”

“မစ္စီတိကာပျေါ့ဂျ ... ”

“မင်းမမက ... ဩော် ... ဒီလိုကိုး ... ဒါဆို ပြောပြမယ် ... ငါ့ကိုမုန့်ဖိုးခွဲပေးနော် ... ”

“ဟုတ်ယှဲ ... ”

“ဦးတစ်ယောက်ရဲ့နာမည်က ဦးတင်ကောက်တဲ့၊ လွယ်အိတ်လွယ်ပြီး မုန့်မျိုးစုံစားတတ်တဲ့ လူလေကွာ ... ဘောင်းဘီဝတ်ရင် တင်ကောက်ကောက်နဲ့လူလေ ... မှတ်မိလား ... သိလား ... ”



“တိရယ် ... မှတ်မိယယ် ... နောက်တစ်ဉကရော”

“နောက်တစ်ဉက မုန်လာဉ ... ဟာ ... ရောကုန်ပြီ ... နောက်တစ်ဦးက အသားလတ်လတ် မျက်ခုံးကောင်းကောင်း ဆံပင်နီကြောင်ကြားနဲ့ စတိုင်(လ်)ဘောင်းဘီအဝတ်များတဲ့လူလေ ... သူ့နာမည်က မောင်မောင်ပြွတ်ပြွတ်စိန်တဲ့ ... နာမည်ရှည်တယ် ... အသေအချာမှတ်သွား ... ”

“မှောင်မှောင်ပြူးပြူးချိန် ... ဘယ်ရှိနံမယ်ဂျီးလဲဂျ”

“အဲ့ဒီလိုနာမည်ပဲကွာ ... ကဲ ... မင်းသိချင်တာ သိရပြီ ... မဟုတ်လား ... ငါ့ကိုဝေစုပေးမဲ့မုန့်ဖိုး သွားယူစွာ”

“နေဦးလေဂျာ ... တူရှိဘယ်မှာနေတာလဲဗျ ... ”

“တစ်ယောက်က ရေဝေးမှာ ... တစ်ယောက်က ရွှေတကောမှာ ... ”

“ဟာဂျာ ... ဟုတ်ပဲနဲ့ ... အဲ့ဒါ တင်းဂျိုင်းဂုံးတွေဂျ”

“ဒါဆိုလည်း ... တစ်ယောက်က လှည်းတန်းမှာ ... တစ်ယောက်က ... ဆိုက်ကားတန်းမှာ ... ”

“ချိုက်ကားတန်းမရှိပါဘူးဂျာ ... ”

www.burmeseclassic.com

www.burmeseclassic.com



"တဲကွာ … တစ်ယောက်က မြောက်ကိုးနဝင်းမှာ၊ တစ်ယောက်က တောင်ကိုးနဝင်းမှာနေတယ် … လျှာမရှည်နဲ့တော့ … သွားပြန်ပြောပြလိုက် … "

နီတျာရဲက ခေါင်းကုတ်ပြီး တိုက်ပေါ်ပြန်တက်သွား၏။ ဆယ်မိနစ်ခန့်ကြာသောအခါ နီတျာရဲတစ်ယောက် ဝရန်းသုန်းကားနှင့် ပြန်ပြေးဆင်းလာ၏။ အိမ်အပေါ်ထပ်မှ ခရမ်းချဉ်သီးတွေနှင့် လှမ်းပေါက်နေ၍ ဂိမ်းဆိုင်ထဲပြေးဝင်လာ၏။

"ဘာဖြစ်တာလဲ နီတျာရဲ … "

"ဝေဂျူ့ရှိချင်ယင် အကျင်မှာတွားရပ်လိုက်တော့ … ဦးယေ့က မဟုတ်တာတွေကြောတာကိုဂျ … မမရှီတီက ရှိတ်ရှိုးပြီး တွေ့ရာနဲ့လိုက်ပေါက်ရို့ လွတ်အောင်ကြေးလာရတယ်ဂျာ … ဦးလေး တကယ်ရှိုးတယ် … "

အခြေအနေက ထူးခြားနေလေပြီ။ ကျော်ဇင်မင်းထွန်းတို့ကို ဆက်သွယ်ပြောပြရလျှင် ကောင်းမည်။ နီတျာရဲကိုပင် ဆိုင်စောင့်ထားပြီး ကျော်ဇင်မင်းထွန်းရဲ့ ဟမ်းဖုန်းကို ပြင်ပဖုန်းမှ နှိပ်ခေါ်လိုက်မိ၏။ တုံ့ပြန်မှုက …



"လူကြီးမင်းခေါ်ဆိုသော ဆယ်လူလာဖုန်းမှာ စက်ပိတ်ထားခြင်း(သို့) ဆက်သွယ်မှုဧရိယာအပြင်ဘက်ကို ရောက်ရှိနေသည့်အတွက် ခေါ်ဆို၍မရနိုင်ပါရှင် … "တဲ့။

❤❤❤❤❤

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်မရ၊ ဖုန်းပိတ်ထားခြင်းဖြစ်သည်။ ဆိုင်ပြန်ရောက်တော့ နီတျာရဲက Gameဆိုင်မှာပင် နေတော့မည်ဟု လုပ်ရှေ၍ မနည်းချော့မော့ပြီး အိမ်ပေါ်ပြန်ပို့ရ၏။ ဆွိတီနှင့်အပေါက်ဝမှာဆုံတိုးစဉ် ...

"ရှင့်နာမည် ... ကိုဘုန်း မဟုတ်လား ..."

"ဟုတ်တယ် ... မဆွိတီ ..."

"မောင်လေးက သိပ်ဆိုးတာ ... ရှင်တို့ဆိုင်ကိုနေ့တိုင်းလုပ်ကျွေးနေတာလေ ... ရှင်တို့ဆိုင်ဖွင့်တဲ့နေ့ရာမှန်သွားတယ် ... သိလား"



ရယ်သံလေးစွက်ပြီး ပြောလာသောဆွိတီရဲ့စကား။ နီတျာရဲကတော့ အတင်းလိုက်ပို့ခံရ၍ သူ့လက်ကိုပုတ်ထုတ်ကာ အိမ်ထဲကို လှစ်ခနဲဝင်သွားတော့၏။ စိတ်ဆိုးပြီး ဂိမ်းလာမဆော့လျှင် ဖောက်သည်တစ်ဦးပျက်ရတော့မည်။ ဈေးကွက်စီးပွားရေးစနစ်အရဆိုလျှင် အလွန်ထိခိုက်နစ်နာရ၏။ ဆွိတီက ...

"ဂိမ်းဆိုင်က ရှင်ဖွင့်ထားတာလား ..."

အားနာပြီးနှင့် လှည့်ပြန်ရင်ပြင်စဉ်မှာပင် ဆွိတီက မေးလာခြင်းဖြစ်၏။ မပြောဘဲနေပြန်လျှင် ရှောင်သွေနေပြလျှင်လည်း ရိုင်းရာကျမည်။

"ကျွန်တော့်ဆိုင်ပိုင် မဟုတ်ပါဘူး ... လခစားပါ ... သူငယ်ချင်းနှစ်ယောက်က စုစပ်ထူထောင်ပြီး ဖွင့်ထားကြတာပါ ..."

"ဟုတ်လား ... ရှင့်သူငယ်ချင်းနှစ်ယောက်ဆိုတာ ... ဟိုနှစ်ယောက်နဲ့တူတယ် ..."

"ဟုတ်တယ် ... သူတို့ကျူတိုရီရယ်ဆိုလား ... တစ်ယောက်ကရှိလို့ တစ်ယောက်ကလည်း စာပိနေလို့ရောက်မလာကြတာ ..."

www.burmeseclassic.com

www.burmeseclassic.com



“ရှင့်ကို ကျွန်မတစ်ခုလောက်မေးချင်တယ် … ဟို တစ်နေ့က ကျွန်မသူငယ်ချင်းစံထိပ်ထားနဲ့ လာတွေ့ပြီး … မွေးနေ့လက်ဆောင်လာယူတာရှင် မဟုတ်လား … ဟုတ်ရဲ့ သားနဲ့ … ဘာလို့အတင်းရှောင်သွားရတာလဲ …”

“လူမှားနေပြီနဲ့တူတယ် …”

“ဘာမှလာပြီး အကြောင်းရိုက်မနေနဲ့ … ရှင်မှ ရှင် အစစ်ပါနော် … ကျွန်မတို့ကို ရှင်ကူညီစမ်းပါ … ကူညီရင် ရှင့်အတွက် အကျိုးမနည်းစေရပါဘူး … ဘယ်လိုလဲ ကူညီ မယ် မဟုတ်လား …”

“မဆွီတီပြောနေတာတွေ ကျွန်တော် သိပ်နားမလည် ဘူး … ဆိုင်မှာလူတွေ များများရောက်နေလို့ သွားလိုက် ဦးမယ် … ခွင့်ပြုပါဦး …”

“ခဏနေပါဦး ကိုဘုန်းရဲ့ … ရှင်ကလည်း တမင် လှည့်နေပြန်ပြီ … ကျွန်မသူငယ်ချင်းက … အို … ရှင် ယောက်ျားပီပီ အမှန်ကို ဝန်ခံစမ်းပါရှင် … ကူညီစမ်းပါ ကျွန်မတို့ကို …”

“မဆွီတီလူမှားနေတာပါ … လောကမှာ လူတူမရှား



နာမည်တူမရှား ဆိုတာလေ …”

“တခြားနေရာမှာသာ မှားချင်မှားမယ် … ရှင့်ကိုတော့ မမှားဘူး … ယိုးဒယားကွင်းထိုးဖိနပ်စီးထားတာရယ် … ခေါင်းမှာ ဆီရွှဲရွှဲလူးထားတာရယ် … ညာနားရွက်မှာ မှဲ့ပါ တာရယ် … လမ်းလျှောက်ရင် လက်တစ်ဖက်က ပုဆိုးစ လေးကို အသာမလျှောက်တတ်တာရယ် … ရှင်မှရှင်ပါပဲ မညာစမ်းပါနဲ့ …”

“ဒါ … ဒါဆို … ဒီလိုဖြစ်ပါလိမ့်မယ် … ကျွန်တော်နဲ့ တူတဲ့ အမြွှာညီအစ်ကိုများလား မသိဘူး … ကျွန်တော့်မှာ မိဘတွေတော့ မရှိကြတော့ဘူး … ဒါပေမဲ့ အမြွှာညီအစ်ကို ရှိမရှိဆိုတာ ဂဃနဏမသိရသေးဘူး … မရှိဘူးလို့တော့ ထင်တာပဲ … ဒါပေမဲ့ ရှိခဲ့ပြီး ငယ်ငယ်တုန်းကအကြောင်း တစ်မျိုးမျိုးကြောင့် ကွဲသွားကြတာလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့ … ဆွီတီပြောမှ ကျွန်တော်တောင် စိတ်ဝင်စားသွား တယ် … ကျွန်တော်နဲ့တော်တော်တူတဲ့လူပဲ … အမြွှာတွေ က အကျင့်တူ၊ စရိုက်တူတတ်တဲ့သဘောလက္ခဏာရှိတတ် တယ်လေ … ထူးဆန်းတယ်နော် … အခုတော့ အလုပ်များ

www.burmeseclassic.com



**နေလို့ ... နောက်မှ ဒီအကြောင်းကို အေးအေးဆေးဆေး ဆက်ဆွေးနွေးကြသေးတာပေါ့ ...”**

ပြောပြီး သူသဘောနှင့်သူ တိုက်အောက်ကို အမြန်ဆင်းချလာလိုက်၏။ ဆွိတီလှမ်းမတားသာတော့။ ချောင်ပိတ်မေးနေတာကို မနည်းရအောင် ဖောက်ထွက်လိုက်ရ၏။ မလွယ်ရေးချမလွယ်။

ရှေ့တော်ပြေးတွေက တစ်မျိုးပြီးတစ်မျိုး ရောက်ချလာပြီ။ မကြာမီ စံထိပ်ထား ကိုယ်တိုင် ရောက်ချလာမည်ဆိုပါက ...

အတွေးဖြင့်ပင် ... သူရင်နင့်အောင်လေးလံသွား၏။

❤❤❤❤❤



“မင်းရောက်လာတာနဲ့ အတော်ပဲ ဘုန်းမာန်”

“ငါလည်း မင်းကို တွေ့ချင်လို့ မင်းအိမ်အထိလိုက်လာတာ ...”

“နောက်ဆို မြို့ထဲသွားစရာရှိရင် ငါ့ကိုကျောင်းထဲဝင်မခေါ်နဲ့တော့ ... စံထိပ်ထားတွေ့သွားရင် လုံးဝသိသွားလိမ့်မယ် ...”

“မင်းနဲ့ငါ့ကို ဟိုတစ်ခါ ကားရပ်နားတဲ့နေရာနားမှာ ဆုံဖြစ်ကြသေးတာပဲ ... အဲဒီတုန်းက အမှုမဲ့အမှတ်မဲ့မို့ စံထိပ်ထား သတိမထားမိဘူးနဲ့တူတယ် ...”

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အခုတော့ သဏ္ဍာန်ထားမိသွားပြီ ... မင်းဟာ စိတ်ပိတ်ထား သိပ်သိချင်နေတဲ့ ဒေါက်တာအောင်လှိုင်ဘွားရဲ့ ဆက်နွယ်ရာလူတစ်ယောက် ... အဲ့ဒီလို သံတိန့် မင်းကို မြင်တာနဲ့ မျက်ခုံးဒေါက်ထောက်ကြည့်မှာ သေချာနေပြီ ... အဲ့ဒါကြောင့် ဆင်ခြင်ခိုင်းရတာ ... တစ်မျိုးမထင်ပါနဲ့ကွာ"

"မထင်ပါဘူး ... ဒီလိုပဲဖြစ်တတ်ပါတယ် ... ဒေါက်ထောက်ကြည့်ရုံအဆင့် မဟုတ်တော့ဘူး ... အတင်းလာ တီးခေါက်ပြီး မေးမြန်းစုံစမ်းနေပြီ ... စိတ်ပိတ်ထားကိုယ်တိုင် တော့ မဟုတ်ဘူး ... ဆွိတီနဲ့ သူ့မောင်လေးကတစ်ဆင့်ပေါ့ ..."

"အဲ့ဒါဆို ... မင်းဘာတွေ ယောင်မှားဖော်ပြော လိုက်မိသေးလဲ ဘုန်းမာန် ..."

"ပြောမလား ... ငါ ကလေးမှ မဟုတ်တာ ... ဆွိတီက အတင်းလိုက်မေးနေတာကွ ..."

"မင်း ကြာရှည်ရှောင်တိမ်းလို့ လွယ်ပါ့မလား ..."

"လွယ်မယ်မထင်ဘူး ..."

"အေး ... ငါလည်း အဲ့ဒါကို စဉ်းစားမိတယ် ... စိတ်ပိတ်



ထားက သူ သိချင်တာရှိရင် မရရအောင် ကြိုးစားတတ်တဲ့ အကျင့်တော့ရှိတယ် ... အခုလည်း ဖုန်းထဲမှာ ငါ့ကို အကျပ် ကိုင်မေးနေပြီ ... ဆွိတီတို့အောက်ထပ် ဂိမ်းဆိုင်ကလူနဲ့ ကိုအောင်လှိုင်ဘွားဘယ်လိုပတ်သက်သလဲဆိုတာ ရှင်းရှင်း ပြောပါ ... မပြောရင် ကျွန်မဘက်က ဖုန်းလက်ခံပြောဆို မှုကို ဖြတ်တောက်ပစ်မယ် ... ပြီးတော့ နှစ်နှစ်ချီကြာနေ ပြီ ... အခုထက်ထိ လူကိုယ်တိုင်လာမတွေ့လို့ ... သူ့ခမျာ ဘယ်လိုမှန်းမသိရတဲ့လူတစ်ယောက်ကို ဖုန်းလက်ခံစကား ပြောနေရတာ အရူးတစ်ယောက်နဲ့တူနေပြီ ... ဘာကြောင့်ပဲ ဖြစ်ဖြစ် လာတွေ့ဖြစ်အောင် လာတွေ့ပါ ... မတွေ့ရင် သူ့ကို ပရိုပို့စ်လုပ်ထားတဲ့လူတွေထဲက အကောင်းဆုံးလူ တစ်ယောက်ကို ရွေးထုတ်တွဲတော့မယ်ဆိုပြီး ခြိမ်းခြောက် တယ် ..."

"မင်းဟာကလည်း မလူးသာမလွန့်သာပါလား ... ကျော်ဇင်မင်းထွန်းရာ ..."

"အဲ့ဒါကြောင့် ... ငါ ခေါင်းမီးတောက်ပြီး ဦးနှောက် ခြောက်နေရတာပေါ့ကွာ ... ငါ သွားမတွေ့ရင်လည်း စိတ်ပိတ်

www.burmeseclassic.com

www.burmeseclassic.com



ထားက တခြားလူကို လက်ခံတွဲတော့မှာ ... တွေ့ပြန်ရင်လည်း သူနဲ့တန်းတူ ကျောင်းသားတစ်ယောက်မို့ သူ့အထင်ကြီး လေးစားလက်ခံလောက်တဲ့လူ မဟုတ်ဘူးဆိုပြီး ... ငါ့ကိုပယ်ချလိုက်မှာ **အရမ်းစိုးရိမ်နေပြန်**တယ် ... နောက်တစ်ပူက မင်းကမှ**နေစာစ်ဆောင် သူ့နည်းသူ့**ဟန်နဲ့ ခြေရာခံလိုက်လာခဲ့တော့မှ အရေးကိုပဲ ... "

ကျော်ဇင်မင်းထွန်းမိခင်က ပန်းခြံထဲမှာ အလုပ်သမားတွေနှင့် အလုပ်များနေ၏။ ဖခင်ဖြစ်သူက အစိုးရဌာနဆိုင်ရာရုံးတစ်ရုံးမှာ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး ရုံးက ပြန်မလာသေး။

စံထိပ်ထားမှန်းထားသည်က 'နန်းတော်'။

**ကျော်ဇင်မင်းထွန်း ပိုင်ဆိုင်**သည်က 'ရဲတိုက်'သာသာ။

**ကျော်ဇင်မင်းထွန်း အခန်း**ထဲမှာ ဝင်စကားပြောဖြစ်နေကြခြင်းဝင်။ **ကျော်ဇင်မင်းထွန်း** မိဘတွေက သဘောကောင်း၍ ဘုန်းမာန်မှာ **ဧည့်ခန်းကြီး**ကို တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာနိုင်ခွင့်ရှိနေ၏။ ကျော်ဇင်မင်းထွန်းရဲ့ခုတင်ပေါ် တက်လှဲရင်း နံရံမှာ ကပ်ထားသော ဆေးဘက်ဆိုင်ရာ စာရွက်စာတမ်းတွေ ကပ်ထားတာကိုသာ လိုက်ငေးကြည့်နေဖြစ်၏။ ဆယ်တန်းကျောင်းသား



ဘဝက်တည်းက အရေးကြီးသောပုဒ်စာနှင့် ရုပ်ပုံတွေဆိုလျှင် အမြဲမြင်သာကြည့်မိနေတတ်စေရန် ပုံတူကူးကော်ပီရှဲ့ပြီး အိပ်ရာဘေးမှာ ကပ်ထားတတ်သည်မှာ ကျော်ဇင့်အကျင့်။ ခေါင်းအုံးအောက်က စံထိပ်ထားရဲ့ပို့စကတ်ဆိုက် ဓာတ်ပုံတစ်ပုံကို သွားတွေ့၏။

"မင်းကလည်း ဒိုင်လျှိုင်နဲ့ပဲ ... ဒီမှာ ဓာတ်ပုံတွေ ဘာတွေ ရထားပြီးသားကိုများ ... "

"မင်းမသိပါဘူးကွာ ... ငါတောင်းလွန်းလို့ မွေးနေ့လက်ဆောင်ထဲမှာ ထည့်ပို့ပေးလိုက်တာ ... စံထိပ်ထားတောင်းလွန်းလို့ ငါ့ဓာတ်ပုံကိုပေးတုန်းက နဖူးတစ်ပိုင်း၊ မျက်လုံးတစ်ပိုင်း၊ နှာခေါင်းတစ်ပိုင်း၊ ပါးစပ်တစ်ပိုင်းနဲ့ တစ်မျိုးကို ဆယ်ခုလောက်စီ ရောထွေးပြီး ပို့လိုက်တာကွ"

"အဲ့ဒါဆို ဓာတ်ပုံတွေဆက်စပ်ကြည့်ရင်း မင်းဆိုတာ ပေါ်လွင်သွားမှာပေါ့ ... "

"ဒီလောက်တော့ ဘယ်ညံ့ပါ့မလဲ ... ငါ့ရဲ့နှုတ်ခမ်းပိုင်းနဲ့ နဖူးပိုင်းဓာတ်ပုံတွေကို ချန်လှပ်ထားပြီး ပို့ရတာပေါ့... သူ့ခမျာ ညစဉ်အချိန် ဆယ်မိနစ်ပေးပြီး ဒေါက်တာအောင်လှိုင်ဘွားဆိုတာ ဘယ်လိုရုပ်မျိုးလဲလို့ ဓာတ်ပုံအပိုင်း

www.burmeseclassic.com



တွေကို အမျိုးမျိုးဆက်စပ်ဆက်ကြည့်ပြီး လိုက်ရှာကြည့်နေသတဲ့ ... ရယ်စရာပုံစံကြီးတွေပဲ ထွက်ထွက်လာလို့ ... ငါ့ကိုစိတ်လည်းဆိုး ... ရယ်လည်းရယ်ချင်နဲ့ အပြစ်တော်တင်လိုက်သေးတယ် ... ဖုန်းထဲကနေပေါ့ ... ”

“မင်းဘက်ကလည်း နေရာပြောင်းဆက်နေရမှာပေါ့”

“အေးပေါ့ ... ငါ့ဖုန်းနံပါတ် ဘယ်ပေးထားလို့ဖြစ်မလဲ၊ ငါဆက်မဲ့အချိန်တော့ တစ်ခါဆက်ပြီးတိုင်း ချိတ်ဆက်ကလေးတွေလုပ်ပြီး ပြောပြသွားတာပေါ့ကွာ ... ”

“မလည်ရှုပ်ဆိုတာ မင်းလိုကောင်ပဲ ကျော်ဇင်မင်းထွန်း ... ”

သူပြောတာကို ငြိမ်ခံရှာ၏။ ကရုဏာသက်သွားပြီး ကျေးဇူးရှင်မို့ လျှော့ပေါ့နှစ်သိမ့် အားပေးစကားသာ ဆက်ပြောပြန်၏။

“နောက်တော့ ရှင်းချိန်တန် ရှင်းသွားမှာပေါ့ ... မင်းက စာများတဲ့ ဆေးတက္ကသိုလ်ကျောင်းသား ... ဒီအပေါ်မှာပဲ တစ်ချိန်လုံး စိတ်သောကရောက်နေလို့ မဖြစ်ဘူး ... စာဖက်ကိုလည်း စိတ်ထည့်ဦးပေါ့ ... ”



“ငါ သဘောပေါက်ပါတယ် ... အသိခေါက်ခက် အဝင်နက်နေတယ်လို့ ထင်ချင်လည်းထင်ပေါ့ ... မင်းကို ငါ့အရင်းနှီးဆုံး သူငယ်ချင်းမို့လို့ ပြောပြစရာ အကြောင်းရင်းကြီးတစ်ခု ကျန်နေသေးတယ် ... ”

“ထပ်ရှုပ်ရမှာတွေလား ... ခေါင်းစားတယ် ... စားတယ် ... ”

“စားမနေပါနဲ့ ... နားထောင်စမ်းပါ ... တကယ်တော့ ဒေါက်တာအောင်လှိုင်ဘွားဆိုတာ အပြင်မှာလည်း တကယ်သက်ရှိထင်ရှားရှိတယ် ... ”

“ဘယ်လို ... ဘယ်လို ... ရှုပ်ကုန်ပြီကွာ ... မင်းစိတ်ကူးနဲ့ ဖန်တီးထားတဲ့ဇာတ်ကောင် မဟုတ်တော့ဘူးလား ... ”

“ဟုတ်တယ်လေ ... ဒါပေမဲ့ အပြင်မှာ တကယ်ရှိတဲ့ အပေါ်မှာ လိုက်လျောညီထွေဖြစ်အောင် ဖန်တီးပေးထားတာ ... ဒေါက်တာအောင်လှိုင်ဘွားဆိုတာ အောင်လင်းနိုင်ရဲ့ ဦးလေးအရင်းခေါက်ခေါက်ကြီးကွ ... အခု လန်ဒန်မှာ(၅၀) ဘွဲ့ရပြီးပြီ ... အသက်လေးဆယ်ကျော်ရုံပဲရှိသေးတယ် ...

www.burmeseclassic.com



လူပျိုကြီး … ငါက အောင်လင်းခိုင်ရဲ့ဦးလေးနာမည်နဲ့ ဘွဲ့အမည်နာမတွေ ဆွဲသုံးပြီး စံထိပ်ထားနဲ့ ပြောဖြစ်ဆိုဖြစ်ခဲ့ကြတာပေါ့ … ဒီအကြောင်းကို အောင်လင်းခိုင်လည်း သိနေတယ် … ဆွဲသုံးခွင့်ပေးထားတယ် … ခက်တာက ရှေ့လလောက်ဆို ဒေါက်တာအောင်လှိုင်ဘွား ပြန်ရောက်လာတော့မယ် … အဲ့ဒီအခါကျရင် ဇာတ်လမ်းတွေ ရှုပ်ကုန်မှာကိုလည်း ကြိုပြီးစိုးရိမ်နေရသေးတယ် … ”

“ဒေါက်တာအောင်လှိုင်ဘွားနဲ့ စံထိပ်ထားက ပတ်သက်စရာလမ်းမှ မရှိတာ … ကြိုဖန်မစိုးရိမ်စမ်းပါနဲ့ … ”

“ဦးနှောက်နဲ့အာရုံကြောအထူးကုသမားတော်ကြီးအဖြစ် နာမည်ကြီးပုဂ္ဂလိကဆေးရုံနဲ့ ဆေးခန်းတွေမှာ ဒေါက်တာအောင်လှိုင်ဘွားထိုင်ဖြစ်ရင် … နာမည်ထွက်လာရင် ဒီလောကနဲ့ နီးနွယ်နေ့စပ်နေတဲ့ စံထိပ်ထားရဲ့နားကို ရောက်သွားမှာပဲ … စံထိပ်ထားကို ဖုန်းဆက်ပြီး ပရိုပို့စ်လုပ်နေတဲ့ … အောင်လှိုင်ဘွားလို့ပဲ မြင်သွားပြီး … အဲ့ဒီအပေါ်မှာ … ”

ကျော်ဇင်မင်းထွန်းက စကားကိုရပ်ပြီး သူ့ကို ပြန်ကြ



ည့်လိုက်၏။ သူက

“ငါ နားလည်ပြီ … ရှုပ်ကုန်မှာကြိမ်းသေးပဲ … မင်းကွာ … အစကတည်းက တခြားလွတ်လွတ်လပ်လပ်နာမည် ပေးရှိုက်ရင် ပြီးရော … အခုမှတော့ မထွေးနိုင်မအန်နိုင် ဖြစ်ရပြီ … အဲ့ဒါပေါ့ … အစကောင်းမှ အနှောင်းသေချာတဲ့ … ”

ကျော်ဇင်းမင်းထွန်းက ပြတင်းမှနေ၍ အဝေးမျှော်ရှုခင်းတွေကို ငေးရီသွား၏။ တုံ့ပြန်ချေပခြင်းမရှိ။ သောကပိနေသော မျက်နှာကြားမှာ ဘယ်လိုစကားလုံးမျိုးတွေညှပ်ပိတ်ခံထားရပါသလဲ။ ထိုအပ်တာကိုပဲ တိုတောင်းစွာမေးကြည့်လိုက်မိ၏။

“ရှေ့ဆက်ပြီး ငါရှောင်တိမ်းပေးနေမယ် … ရှောင်လို့ တိမ်းလို့မရတော့ဘူးဆိုရင် ငါ ဘယ်လိုလုပ်ရမလဲ … အတင်းအကျပ်မဟုတ်တောင် မပွင့်ပွင့်အောင် ဖွင့်ပြောနိုင်စေတဲ့ တစ်နည်းနည်းကို စံထိပ်ထားဘက်က သုံးစွဲလာခဲ့ရင်ပေါ့။ မဖြစ်ဘူး … ဖြစ်ခဲ့သော် … ဆိုတာမျိုးပေါ့ကွာ … ”

“ဘယ်လိုပဲဖြစ်ဖြစ် ဖွင့်မပြောပါနဲ့ ဘုန်းမာန်”

“အဲဒါ ရှိသေစောင့်သိရမဲ့သစ္စာလား … ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာတီရှိုးရှိုးလေးတစ်ခုပါ ... "

သူ နားလည်စွာဖြင့် ကျော်ဇင်မင်းထွန်းပခုံးကို အသာ ဖွဖွညှစ်နှစ်သိမ့်မှုပေးရင်း ကျော်ဇင်ငေးရာ အဝေးရှုခင်းကို လိုက် ငေးကြည့်လိုက်မိ၏။

တံလှပ်တွေယိမ်းထိုး ရီဝေကခုန်နေကြသည့် မြင်ကွင်း တွေက ဗင်ဆင့်ဗန်းဂိုးရဲ့ ဆိုက်ပရပ်(စ်)လမ်းပန်းချီကားကို အမှတ် ရသွားစေမိ၏။ အရောင်ရင့်ရင့်ရဲရဲကဲကဲသုံးပြီး သူများနှင့်မတူအောင် ဆွဲထားသည့် မန်းချီအာရုံနှစ်မျိုးကို ဖမ်းစားသည့်နေရာမှာဖြင့် တူညီ နေ၏။



နောက်နေ့တွေမှာ နေ့တရူဝလုပ်ငန်းဆောင်တာနှင့် ဖြစ် ဖြစ်စဉ်များသာ အပြောင်းအလဲမရှိ စီးဆင်းနေ၏။ ဆွိတီနှင့် ဘူ့ရဲ့တို့ ငြိမ်ချက်သားကောင်းနေကြသလို။ စံထိပ်ထားကို အရိပ် ယောင်မျှပင် ထပ်မံမမြင်ရတော့။ လေးလံမှုတွေ လျော့ပါးသော် ညီး ဆိုင်ထဲအဝင်အထွက်မှာ ခေါင်းပေါ်က ပထမထပ်ကိုတော့ တိမပြတ် တားနေရသေး၏။

ဆိုင်ဘေးမှာရှိသော ဖုန်းဆိုင်မှ ဖုန်းလာကြောင်းပြော၍ သွားကိုင်လိုက်၏။ ဆက်သူက အောင်လင်းခိုင် ...

"ဘုန်းမာန်လေား ... "

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါလေ ... ငါ့အသံတောင်မမှတ်မိတော့ဘူးလား ... "

"မင်းအသံက ကျော်ဇင်မင်းထွန်းအသံနဲ့ ဖုန်းထဲမှာပြောရင် အတူတူလိုပဲကွ ... ငါတောင် ကြောင်သွားတယ်၊ ကျော်ဇင်များလားလို့ ... ဒီလိုကွ ... မင်းဆီဖုန်းဆက်ရတာ ကျော်ဇင့်ကေစ့်ကြောင့်ပဲ ... "

"ကျော်ဇင် ဘာဖြစ်လို့လဲ ... "

"ကျော်ဇင့်မျက်စိကို သစ်ကိုင်းအချွန်ထိုးမိလို့ကွ"

"ဟား ... ဘယ်လိုဖြစ်ရတာလဲ ... "

"သူတို့အိမ်ရှေ့က ပိတောက်ပင်ကို အလုပ်သမားတွေတက်ချိုင်တာ သွားကြည့်ပြီး ဆရာလုပ်တယ်လေ ... အလုပ်သမားတွေကလည်း တမင်လုပ်တာတော့ မဟုတ်ပါဘူး ... အပေါ်က သစ်ကိုင်းအခက်တွေ ခုတ်ချနေတာ လမ်းမီးကြိုးလွတ်အောင်လို့ပေါ့ ... အဲ့ဒီမှာတင် အပေါ်က ခုတ်ချထားလို့ သစ်ကိုင်းစတစ်စက စောင်းချွန်ထားသလို ချွန်နေတာအောက်ကိုပြုတ်အကျ ... ကျော်ဇင်ကလည်း မော့အကြည့်မျက်လုံးကိုတည့်တည့်ထိသွားတာပဲ ... ကံကောင်းလို့ စိုက်



မဝင်သွားတာပေါ့ ... အခု ကျော်ဇင့်ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံတင်လိုက်ရတယ် ... ထိတာများသွားတယ် ... မျက်လုံးပျက်နိုင်တယ် ... ဘယ်ဘက်မျက်လုံးတစ်လုံးကို ထိသွားတာကွ ... "

"ဒုက္ခပါပဲကွာ ... နေရင်းထိုင်ရင်းဒုက္ခိတ ဖြစ်ရတော့မယ် ... ဒီကောင်ကလည်း ဘာဆိုင်လို့ သွားကြည့်ရတာလဲ ... သူ့အိမ်ကတော့ ယူကျုံးမရဖြစ်ရှာကြတော့မှာပဲ ... ငါ လိုက်သွားမယ် ... မင်း အခုဘယ်ကဆက်နေတာလဲ"

"ဆေးရုံကလေ ... ငါလည်း ဖုန်းဆက်ခေါ်လို့ရောက်လာတာ ... သူတို့တစ်တွေ ထူပူတာနဲ့ မင်းကိုမဆက်ဖြစ်တာဖြစ်မယ် ... အခု ငါ ဆက်လိုက်ပြီပဲ ... အမြန်သာလာခဲ့တော့ ... "

သူက ဆေးရုံအမည်နှင့်လိပ်စာကိုမေးပြီး အင်္ကျီတစ်ထည်ကောက်စွပ်ကာ ဆိုင်ကို လူယုံအသိနှင့်လွှဲပြီး အငှားကားနှင့် ဆေးရုံအမြန်ရောက်အောင် လစ်ရတော့၏။

ဆယ့်ငါးမိနစ်နှင့် ဆေးရုံရောက်လာ၏။ ဆေးရုံသို့ရောက်သောအခါ အရေးပေါ်အခန်းရှေ့မှာ လိုက်ရှာ၏။ မတွေ့။ လူနာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သီးသန့်အခန်းတွေ လိုက်လံစုံစမ်းမှ သွားတွေ့၏။

မျက်လုံးတစ်ဖက်ပျက်ရသည်ကတော့ ကြိမ်းသေသွားလေပြီ။ ကျော်ဇင့်မိခင်ဆို ငိုလိုက်သည်မှာ ကျုံ့ကျုံ့ပါ။ ဖခင်က အံတကြိတ်ကြိတ်နှင့်။ သစ်ခုတ်သူတွေ အပြစ်တင်လိုက်၊ ကံကြမ္မာကို ယိုးမယ်ဖွဲ့လိုက်။ ဝဋ်ကြွေးဆိုတာနှင့် စိတ်ဖြေသိမ့်လိုက်လုပ်နေ၏။

တစ်ဦးတည်းသောသားမို့ နှမြောတသ ယူကျုံးမရအောင်ခံစားကြရသည်မှာမဆန်း။ အောင်လင်းခိုင်နှင့် သူတို့နှစ်ယောက် ကျော်ဇင်မင်းထွန်းကို ဝင်တွေ့ဖြစ်ကြ၏။

“မင်း ဘာမှမပူနဲ့ သူငယ်ချင်း ... ပြန်ကောင်းလာမှာပါ ... ဘာမှအားမငယ်နဲ့ ... ဘာမှစိတ်မဆင်းရဲနဲ့ ... ခေတ်တိုးတက်နေတဲ့ဆေးသိပ္ပံပညာတွေနဲ့ မင်းမျက်လုံးနှစ်လုံးစလုံး ပြန်ကောင်းလာမှာပါ ... ”

သူက တတွတ်တွတ်ပြောနေသော်လည်း သူ့လက်ကိုဆုပ်ထားသော ကျော်ဇင်မင်းထွန်း၏လက်တွေ အားလျော့နေတာသတိထားမိ၏။ အောင်လင်းခိုင်က

“မင်းကို ထပ်ပြီးခွဲစိတ်ကုသရဦးမယ် ... အကောင်း



ဆုံး အခြေအနေဖြစ်တဲ့အထိကို ကြိုးစားကုပေးကြမှာပါ ... မင်းမိဘတွေကလည်း ဘယ်လောက်ကုန်ကုန်ကုသနိုင်ကြတဲ့သူတွေ ... မင်းစိတ်ဓာတ်မကျနဲ့နော် ... ကျော်ဇင်”

မျက်လုံးတစ်ဖက်ကို ပတ်တီးစည်းထားသဖြင့် ကျန်တစ်လုံးဖြင့် ပြန်၍အားစိုက်ကြည့်နေရသည့် ကျော်ဇင်က ...

“ငါ့အခြေအနေကို ငါသိပါတယ် ... ဒီဘက်ဘက်မျက်လုံးကို ထုတ်ပစ်ရမဲ့အနေအထားမျိုး ရှိနေတယ် ... မထုတ်ပစ်ရင် အထဲမှာအနာတည်ပြီး ပြည်တွေလိုက်စားလို့ နောက်မျက်လုံးတစ်ဖက်ကိုပါ ကူးပြီး စုံလုံးကန်းတဲ့ဒုက္ခတဘဝကိုရောက်သွားနိုင်တယ် ... ဒီဘယ်ဘက်မျက်လုံးကို ခွဲရင် အာရုံကြောတွေ မလွတ်ဘူး ... မခွဲလို့လည်း မဖြစ်ပြန်ဘူး ... ခွဲပြီးလို့ အာရုံကြောတွေ ကံသီပြီးလွတ်သွားရင်တော့ တစ်ဖက်လပ်ဘဝနဲ့ လူကောင်းပြန်ဖြစ်မယ် ... ကျောက်မျက်လုံးတုတပ်လို့ရတာပေါ့လေ ... တကယ်လို့ ခွဲပြီးလို့ အာရုံကြောမလွတ်ဘူးဆိုရင်တော့ ငါဟာ ရှင်နေရက်နဲ့ သေတဲ့ဘဝကို ကြိမ်သေရောက်သွားရပြီ ... အရေတွေ ဖောက်ပြန်လွဲမှားပြီး သတိရတစ်ချက် မရတစ်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ခပ်ယဉ်ယဉ်လေးရွှားသွားမဲ့ ဘဝမျိုးကိုဆိုက်ရောက်သွားရ လိမ့်မယ် ... ဒီသဘောကို ဆရာဝန်ကြီးပြောပြလို့ ငါ့မိဘ တွေ တိုးတိုးတိတ်တိတ် တိုင်ပင်နေကြတာ ငါကြားပြီးပြီ"

ကျော်ဇင်မင်းထွန်းရဲ့မျက်နှာပေါ်မှာ ခံစားမှုတွေ အား ကောင်းမှိုင်းပျလာ၏။ အောင်လင်းခိုင်က ထပ်မံနှစ်သိမ့်ရန် စကား လုံးတွေ ခေါင်းကုတ်ရှာပြီး စုဆောင်းနေလေရှာသလားမသိ။ ဘုန်းမာန်ခဏ ကျော်ဇင့်ကို ဝမ်းနည်းစာနာစွာကြည့်ရင်း ကံဆိုးပြီး မျက်လုံးဆုံးရှုံးရသည့် ပူပူနွေးနွေးအဖြစ်အပေါ် တရားစိတ်သွင်းရင်း ဖြေသာအောင် ကြိတ်ဖြေနေရ၏။

သုံးလောကပရမေမြတ်ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူ ထားခဲ့လေသည့်တရားအတိုင်း ကွေးသောလက်မဆန့်မီ၊ ဆန့်သော လက် မကွေးမီမှာပင် ခန္ဓာဇီဝိန်ကြွေနိုင်သေးသည်ပင်။ မျက်လုံး ကွယ်ခြင်းအမှုကဖြင့် စာဖွဲ့နေဖို့ပင်မလို။

"အောင်လင်းခိုင် ..."

"ပြောလေ ... ကျော်ဇင် ..."

"ငါ ပန်းသီးစားချင်တယ် ... မင်းကိုယ်တိုင်ဝယ်ပေး ပါလား ..."



"စိတ်ချသူငယ်ချင်း ... နာရီဝက်အတွင်း မင်းရှေ့ ရောက်လာစေရမယ် ..."

အောင်လင်းခိုင် ထွက်သွား၏။ အခန်းထဲမှာ ကျော်ဇင်နှင့် ဘုန်းမာန်ခတို့သာ ကျန်နေရစ်ခဲ့၏။ မိဘတွေက ဆရာဝန်ကြီးနှင့် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်နေ၏။ ဆွေမျိုးမိတ်သင်္ဂဟတွေက သူငယ်ချင်းဖြစ်သူတွေ ဝင်တွေ့နေ၍ အပြင်မှာခေတ္တရှောင်ပြီး ကိုယ့် အစုနှင့်ကိုယ် စကားကောင်းနေကြ၏။ ကျော်ဇင်မင်းထွန်းက ...

"မင်းကို ငါ အရေးကြီးတဲ့စကား ပြောစရာရှိတယ် ... ဘုန်းမာန် ..."

"ပြောပါ ... ငါ့အသက်လို တန်ဖိုးထားပြီး နားထောင် နေပါ့မယ် သူငယ်ချင်းရာ ..."

"ငါပြောတဲ့စကားတွေကို မင်း လျှို့ဝှက်ပေးရမယ် ... အောင်လင်းခိုင်ကိုတောင် မသိစေချင်လို့ တမင်ပထုတ်တဲ့ အနေနဲ့ ပန်းသီးဝယ်ခိုင်းလိုက်တာ ... ငါ့မျက်လုံးကို နောက် ထပ်တစ်ကြိမ် မခွဲစိတ်ခင် မင်းကို ကြိုတင်မှာရတာ ... အကြောင်းရှိတယ် ... ခွဲစိတ်ခံပြီး ငါ့အာရုံတွေ ဘာမှ မမြင်တော့ ပျွင်းသွားဘူးဆိုရင်တော့ ... ငါ အခု ကြိုပြောပြထားတာ

www.burmeseclassic.com

www.burmeseclassic.com



တွေကို လုံးဝမေ့ပစ်လိုက်တော့ … တာကယ်လို့ ခွဲစိတ်ကုသမှုခံယူပြီး ငါ့အာရုံတွေ ချွတ်ယွင်းရှုးသွပ်သွားတယ်ဆိုရင်တော့ ငါအခု ကြိုမှာခဲ့တဲ့အတိုင်း မင်းဆက်လက်ပြီး လုပ်ဆောင်သွားပေးရလိမ့်မယ် … ဘယ်လိုအခက်အခဲ အတားအဆီးတွေနဲ့တွေ့တွေ့ … မင်း ဆက်လက်ပြီး အောင်မြင်အောင် လုပ်ဆောင်သွားရလိမ့်မယ် … ငါ အာရုံချွတ်ယွင်းတာကို ငါ့မိဘတွေက ငွေကုန်ကြေးကျခံပြီး ဒီမှာမရရင် ပြည်ပကို ခေါ်ကုကြမှာပဲ … တစ်နည်းနည်းနဲ့တော့ ငါ ပြန်ကောင်းလာလိမ့်မယ်လို့ ငါယုံကြည်တယ် … ငါ ဘယ်လောက်ကြာရင် ပြန်ကောင်းလာမလဲဆိုတာတော့ အသေအချာပြောလို့ မရဘူး … ငါ ပြန်ကောင်းလာတဲ့အထိကို မင်းက ငါကြိုတင်မှာကြား ခိုင်းစေထားသလို အောင်မြင်အောင် လုပ်ဆောင်ပြီး ပြန်ကောင်းလာတဲ့ ငါ့ကို အဲ့ဒီအောင်မြင်မှုတွေ ပြန်လည်အပ်နှင်းဆောင်ကြဉ်းပေးရမယ် … ငါပြောတာ ရှုပ်သွားလား … ”

“ရှုပ်သွားသလိုပဲ … ”

“ဒီလိုကွာ … မင်းရဲ့အသံနဲ့ ငါ့ရဲ့အသံက အဆိုတော်



‘အငဲ’ နဲ့ အဆိုတော် ‘လေးဖြူ’ရဲ့အသံလိုပဲ … ပြီးတော့ စိုင်းထီးဆိုင်နဲ့ ဘိုဖြူရဲ့အသံလိုပဲ … ဖုန်းထဲမှာဆိုခွဲမရအောင်တူတယ် … အသေအချာကြီးကို အာရုံစူးစိုက်ပြီး နားထောင်ကြည့်မှ မသိမသာကွဲပြားတာလေးတွေရှိတယ်၊ အဲ့ဒါလောက်က ပြဿနာမရှိပါဘူး … အဲ့ဒီလိုအသံတူကြတဲ့အတွက် မင်းက ငါ့ကိုယ်စား စံထိပ်ထားဆီကို ဖုန်းတွေ စဉ်ဆက်မပြတ် ဆက်သွယ်သွားပေးရမယ် … ငါအခု ထိန်းထားသလိုမျိုး ဇရှည်ခံနိုင်အောင် လှည့်ပတ်ပြောဆိုမှုတွေ နဲ့ မင်းအောင်မြင်စွာ ထိန်းသိမ်းထားပေးရမှာမျိုးပေါ့ … ငါ ဆေးကုသပြီး ပြန်ကောင်းလာတဲ့အခါကျမှ ငါ့နေရာ ငါ ပြန်ယူမယ် … မင်း ဖယ်ပေးလိုက်ရုံပဲ … ”

“ငါက မင်း ဟန်ဆောင်ပြီး စံထိပ်ထားဆီ ဖုန်းဆက်ရမယ် … ဒေါက်တာအောင်မှူးလှိုင်ဘွားပုံစံနဲ့ပေါ့ … ဖြစ်ပါ့မလား … အရင်ကပြောထားခဲ့ကြတာတွေ ဘာမှ စေ့စေ့ပေါက်ပေါက် မသိဘဲနဲ့ … သွားဆက်လို့ဖြစ်မယ် … မကြာခင် အလိမ်တွေပေါ်ပြီး ဒုက္ခရောက်ကုန်မှာအခက်ရယ် … ”

“ရက်သတ္တတစ်ပတ်နီးပါးလောက်ကို အချိန်ရပါသေး

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ခွဲစိတ်ခန်းမဝင်ခင်ကြားရက်ထဲမှာ မင်းကို ငါ ပြောပြမှာပေါ့ ... ငါနဲ့ စံထိပ်ထား စ,ပြီး ဖုန်းပြောဖြစ်တာက အစ ... ဘယ်လိုတွေ ဘယ်စကားတွေ ဘယ်အကြောင်း အရာတွေ ဘယ်လိုအမှတ်တရ အဖြစ်အပျက်တွေကအစ အသေးစိတ် ငါ ပြောပြပေးမှာပေါ့ ... မင်းသာ စိတ်ပါဝင် စားပြီး လိုက်မှတ်ရင် မင်းနဲ့ငါ အသံချင်းခွဲမရသလို ... ဒေါက်တာအောင်လှိုင်ဘွားဆိုတာ အရင်နဲ့ အခုလက်ရှိ ငါ တစ်ယောက်တည်းလို့ပဲ စံထိပ်ထား ထင်သွားမှာသေချာ ပါတယ် ... ”

“မင်း ဒီလိုလုပ်ရတဲ့ရည်ရွယ်ချက်က ဘာလဲ ... ”

“ငါ့အာရုံတွေ ချွတ်ယွင်းလို့ ဆေးကုနေရတယ် ... ပြန်ကောင်းလာတော့မှ မင်းကို ခဏအပ်ထားတဲ့ ငါ့နေရာ ငါ ပြန်ယူမယ် ... မင်းနဲ့စံထိပ်ထား ပြောဖြစ်ခဲ့သမျှ ငါ့ကို ပြန်ပြောပြပေါ့ ... သဘောကတော့ကွာ TV Game ဆော့ တတ်တဲ့ ဘေးလူကိုဝင်ဆော့ခိုင်းပြီးသွားတယ် ... ကိစ္စဝစ္စ ပြီးတော့ ပြန်လာတယ် ... ခဏဝင်ဆော့ခိုင်းထားတဲ့လူကို ဖယ်ပြီး ငါ့နေရာ ငါပြန်ထိုင်တယ် ... သဘောကတော့ ဒါပဲ”



“ပြောလောက်အောင်ကြီး မလွယ်ဘူးနဲ့တူတယ် ... ကျော်ဇင်မင်းထွန်း ... ”

“လွတ်လောက်အောင် ကြိုးစားလုပ်ဆောင်ပြပေးဖို့ မင်းကို ငါခွဲယ်ပြီး နားလည်လွယ်အောင် အသေးစိတ်ရှင်းပြ နေရတာပေါ့ကွာ ... ”

သူ တွေးဆသွားမိ၏။ ပတ်တီးအဖွေးသားနှင့်ညာမျက်လုံး ကလယ်ကလယ်လုပ်ကာ ငုံ့လင့်အားစိုက်ကြည့်လာသော …ဇင့်ရဲ့အကြည့်ကြောင့် သူ့တွေးဆမှုတွေ အငွေ့ပျံသွားကုန်

“မင်းကျေးဇူးတွေ ငါ့မှာရှိနေတာပဲ ... မင်းအတွက်ဆို ငါ တတ်စွမ်းသရွေ့ အင်တိုက်အားတိုက်ကူညီရမှာပေါ့”

“အဲ့ဒီကျေးဇူးစကားကြီး ခေါက်ထားခဲ့လိုက်စမ်းပါ ... ငါ မင်းကို ကြိုမှာနေတာပါ ... ခွဲစိတ်လို့ ငါပြန်ကောင်းနေ ရင်တော့ အခုလိုပြောဖြစ်တာတွေကို မေ့ပစ်လိုက်ပေါ့ ... ”

“မင်း ကြိုမှာထားတဲ့အတိုင်း အောင်မြင်အောင် ငါ အကောင်အထည်ဖော်သွားပေးမယ် သူငယ်ချင်း ... ”

“အဲ့ဒီစကားဟာ ငါ့ရဲ့အားဆေးပဲ ဘုန်းမာန်ခ ... ”

www.burmeseclassic.com

"အဲ့ဒါဆိုရင်တော့ ငါထပ်ပြောချင်နေတယ် ... မင်း အမြဲတမ်း အားရှိငြိမ်းချမ်းနေအောင်လို့ပေါ့ ..."

"တစ်ခွန်းတည်းနဲ့ နားလည်မှုရှိစွာ လုံလောက်ပြီး ပြည့်စုံသွားပါပြီ ..."

ယခုမှပင် [illegible]လက်တို့ ပြန်ဆုပ်လိုက်သော ကျော်ဇင်မင်းထွန်းရဲ့လက်မှာ အားပြည့်အင်ပြည့်ပါလာသည်မှာ ဖြုတ်တူကြီးနှင့် ဆွဲညှပ်လိုက်သလိုပင်။

စိတ်ဓာတ်ခွန်အား၏ စွမ်းပကားသည်ကား ကြီးမားလွန်းလှပေ၏။

စိတ်ထောင်းတော့ကိုယ်ကြေသလို ...

စိတ်ဆောင်တော့ ကိုယ်အောင်နိုင်သည်ပဲလေ။

❤❤❤❤❤



"သားလေးတော့ လူညွှန့်ကျိုးပြီထင်ပါရဲ့ ... မောင်ဘုန်းတို့ မောင်လင်းနိုင်တို့ရယ် ... မင်းသူငယ်ချင်းကြီးကို နိုင်းပြီးမေးမပေးကြပါဦး ... သားလေး ... အမလေး ... မြစ်မှဖြစ်ရလေတယ် ... သားလေးရယ် ... ကမ္ဘာပေါ်မှာ လူဦးရေသန်းခြောက်ထောင်လောက် ရှိတဲ့အထဲကမှ ကျွန်မသားလေးကိုကွက်ပြီး ကံဆိုးမိုးမှောင်ကျရတယ်လို့ ..."

ကျော်ဇင်မင်းထွန်းရဲ့မိခင်ဖြစ်သူကို သူနှင့်အောင်လင်းနိုင်နိုင်းဝန်းနှစ်သိမ့်ရပြန်၏။ မိခင်စိတ်ငြိမ်သွားတော့ ဖခင်ဖြစ်သူကို လှည့်ကြည့်ရပြန်၏။ ဖခင်ဖြစ်သူက ယောက်ျားပီပီ ငိုသံထဲမှာ

www.burmeseclassic.com



ဒေါသနဲ့သောဏကို လုံးပေါင်းတင်ပြီး ကြိတ်ဖောက်ခွဲနေ၏။ တစ်ခါ တစ်ရံမှ တက်ခေါက်ကြွမ်းကြွမ်းအသံပြုတတ်၏။

နမော်နမဲ့နိုင်သော အလုပ်သမားတွေကို တရားစွဲမည်။ ပိတောက်ပင်ကြီးသို့ အမြစ်ကဖော်ပြီး မြေလှန်ပစ်မည်၊ စသည်ဖြင့် ကြိမ်းဝါးနေ၏။

ကျော်ဇင်မင်းထွန်း မျက်လုံးမိုက်မိသည့်ကိစ္စမှာ ဘေး အမှောင့်ပယောဂတွေ အမျိုးမျိုးက ဝင်လာကြပြန်၏။

"အဲဒီပိတောက်ပင်မှာ သဘက်ကြီးရှိတယ် ... သူနေတဲ့ အပင်ကိုခုတ်တော့ မကြိုက်လို့ ကိုင်ထည့်လိုက်တာ ... အလုပ်သမားတွေ ကံမြင့်နေလို့ ... မထိဘဲ အောက်မှာ ရပ်ကြည့်နေတဲ့ ကျော်ဇင်သာ ကံနိမ့်လို့ ထိသွားရရှာတာ ပေါ့ ..."

"ဟုတ်လား မမခင်ရယ် ... ကျွန်မကြားတာတော့ အဲဒီအပင်မှာ မှင်စာလေးရှိတယ်ဆို ..."

"ခင်မျှားတို့နှစ်ယောက်ကလည်း ဘာတွေပြောကြ မှန်းကို မသိဘူး ... သဘက် ဘာသဘက်လဲ ... မျက်နှာ သုတ်ပဝါသဘက်ကို ပြောနေတာလား ... တစ်ယောက်



ကလည်း မှင်စာတဲ့ ... စွန်လွှတ်တဲ့မှင်စာကြိုးပဲ ကြားဖူး ပါတယ် ..."

"ရှင် မသိရင်အသာနေပါ ကိုထိပ်ပြောင်ရယ် ... နေရာ တကာပါလေရာကိုကို မလုပ်စမ်းပါနဲ့ ... ရှင့်ခြံထဲက ပိန္နဲပင် မှာ ... အစိမ်းမ,ရှိတယ်လို့ နတ်ကတော်ဒေါ်မြင့်က ပြော ပြောနေတယ် ... ရှင့်အိမ်သားတွေ သတိသာထားကြတဲ့"

"ဘာအစိမ်းမ,လဲ ... ကျက်သွားအောင် မီးဖုတ်စား ပစ်လိုက်မယ် ... မဟုတ်မဟပ်တွေ လာမပြောနဲ့ ... နား ရွက်ကားတဲ့ကုလေး နားကားလေးမွေးတာတောင် နဂါး လေးမွေးတယ်လို့ လျှောက်ပြောတတ်တဲ့ ခင်မျှားတို့ရဲ့ အကျင့်တွေက ပယောဂတွေ နတ်တိုက် စုန်းတိုက်တွေ ထက် ပိုဆိုးသေးတယ် ..."

ပတ်ဝန်းကျင်အနီးအပါးမှ လူများရဲ့စကားကို အကြီး တစ်ဦးက ဝင်ဟန့်ထိန်းရပြန်၏။

"တော်စမ်းပါဟေ့ ... ကာယကံရှင်တွေခမျာ နဂို ကတည်းက စိတ်သောကရောက်နေရတဲ့ဥစ္စာ ... ဒီတို့ စကားတွေ မဆင်ခြင်လို့ ပိုပြီးစိတ်ဆင်းရဲရမှာပြီး အဖြစ်ခံ

www.burmeseclassic.com

www.burmeseclassic.com



ချင်ကြလို့လား ... အားနာကြ ... နားလည်မှုထားကြပါဦး
ဟာ ... "

ကျော်ဇင်မင်းထွန်းရဲ့ ဆွေမျိုးတွေပါ တီးတိုးဝေဖန်ပြော
နေရာမှ အသံတိတ်သွားကြ၏။ သူနှင့်အောင်လင်းခိုင်တို့ ခပ်
လှမ်းလှမ်းလျှောက်သွားပြီး ကျော်ဇင်မင်းထွန်းရဲ့ ရှေ့ရေးကို ဆက်
ဆွေးနွေးဖြစ်ကြ၏။

"စိတ်ဓာတ်ကအဓိကပဲကွ ... ကျော်ဇင်မင်းထွန်း
စိတ်ဓာတ်မကျသွားဖို့ အရေးကြီးတယ် ... အနောက်တိုင်း
မှာ စိတ်နဲ့ပတ်သက်ပြီး စမ်းသပ်မှုအမျိုးမျိုးလုပ်ဖူးတယ် ...
မြွေဆိပ်ရှိတဲ့ မြွေအကိုက်ခံခိုင်းတဲ့လူကို ပုရွက်ပျံကိုက်တာ
ပါလို့ လိမ်ညာပြောလိုက်တယ် ... အဲ့ဒီလူဟာ မြွေဆိပ်
ပြင်းပြင်းတက်တာတောင် မြွေဆိပ်ပြင်းအားထက် သုံးဆ
လောက်ခံနိုင်ရည်ရှိပြီး နောက်ကျပြီးမှ အဆိပ်ဖြေဆေးထိုး
လိုက်တာနဲ့ အသက်ပြန်ရှင်တယ် ... ဒီလိုပဲ လူတစ်ယောက်
ကို ပုရွက်ပျံ တကယ်အကိုက်ခိုင်းပြီး မြွေကိုက်တာပါလို့
လိမ်ညာပြောလိုက်တယ် ... အဲ့ဒီလူကို မြွေဆိပ်ဖြေဆေး
သဘောမျိုး ဘာဆေးမှကို ထိုးမပေးဘဲထားလိုက်တယ် ...



အဲ့ဒီလူဟာ အံ့ဩစရာကောင်းလောက်အောင် ငါးမိနစ်
အတွင်း သူ့ကိုယ်တွင်းမှာ မြွေဆိပ်တွေပျံ့နှံ့တက်လာပြီဆိုတဲ့
ဂယောင်ချောက်ချားစိတ်နဲ့ ရူးသွပ်သွားတယ် ... နောက်
တစ်ဦး စမ်းသပ်တော့ ... ငါးမိနစ်နဲ့ဆုံးသွားတယ် ... ကဲ
ပုရွက်ပျံကိုက်တာကို မြွေကိုက်တာပါပြောတာ ... တကယ်
ယုံပြီးသေသွားတာ စိတ်ကြောင့်ပေါ့ကွ ... "

သူက အောင်လင်းခိုင်ကို ကျော်ဇင်မင်းထွန်း ပြောပြ
သော လျှို့ဝှက်ချက်တွေ ပြန်မပြောပြ။ သို့ြငား ဒေါက်တာအောင်
လှိုင်ဘွားနှင့် ပတ်သက်ပြီး သိသင့်သိထိုက်တာလေးတွေ ကြိုမေး
ကြည့်မိ၏။

"မင်းဦးလေးက မြန်မာပြည်ကို အပြီးပြန်လာမှာ
လား ... "

"အေး ... ကိုယ့်မွေးရပ်မြေပဲ နွေးထွေးတဲ့မိသားစု
ဘဝလေးကို တည်ဆောက်ချင်တယ်ဆိုပြီး ပြန်လာမှာ ...
ငါ့အထင်တော့ မြန်မာပြည်မှာ အိမ်ထောင်ပြုဖြစ်လိမ့်မယ်
နဲ့တူတယ် ... "

"ရည်ရွယ်ထားတဲ့သူ ... မင်းတို့ဆွေမျိုးတွေက ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဝန်းစေ့စပ်ပေးစားမဲ့ အမျိုးသမီးကော တွေ့ထားပြီပြီလား"

"အဲ့ဒါတော့ အစီအစဉ်မရှိသေးဘူး … ဦးလေးရဲ့အစ်မ ဝါတို့အမေ ပြောပြတာကတော့ ဦးလေးက ဇီဇာကြောင် တယ် … ဘာလုပ်လုပ် သူ့စိတ်ကြိုက် … သူ့ရွေးချယ်မှုကိုပဲ လုပ်တတ်တယ် … ဒီရောက်မှ သူ့အိမ်ထောင်ဖက်ကို သူ့ စိတ်ကြိုက်ရွေးချယ်လိမ့်မယ်တဲ့ …"

"အသက်လေးဆယ်ကျော်မှ မြန်မာပြည်မှာ ဘဝသစ် ပြန်စမဲ့သဘောမျိုးပေါ့ …"

"အဲ့ဒီလိုပဲနေမှာပေါ့ကွာ … လူပျိုကြီးသာပြောရ တယ် … အတွေ့အကြုံတော့ ရှိမှာပေါ့ … ဘိုမတွေကိုတွဲရ တာ သူ့အနေနဲ့ စိတ်ကုန်လာပုံပဲ … အနောက်တိုင်းအိမ် ထောင် ထူထောင်မှုစနစ်ကလည်း လိင်ကိစ္စကို ဦးစားပေး အခြေခံတာက မေတ္တာအရင်းခံတဲ့အရှေ့တိုင်းရဲ့အိမ်ထောင် တည်ထောင်မှုပုံစံနဲ့ ကွာဟချက်တွေကို သူလည်းသဘော ပေါက်မှာပေါ့ …"

"တကယ်လို့ ကျော်ဇင်မင်းထွန်းကို ခွဲစိတ်ကုသတဲ့ အခါ အာရုံကြောထိခိုက်မိပြီး … စိတ်ပိုင်းဆိုင်ရာချို့ယွင်း



ထိခိုက်သွားမယ်ဆိုရင်တော့ … အဲ့ဒီလိုမဖြစ်ခင် ဖါ့ကို ကြို တင်မှာထားတဲ့ ကိစ္စတစ်ခုကိုတော့ ကတိစကားအတိုင်း ငါ့အနေနဲ့ မဖြစ်မနေ အကောင်အထည်ဖော်ပေးရတော့မှာ ပဲ …"

"မင်းကို ကျော်ဇင်က ဘာတွေ ကြိုတင်မှာထားခဲ့ လို့လဲ …"

"ဘယ်သူ့ကိုမှ မပြောပြရဘူးလို့ ငါကတိခံထားခဲ့ရ တယ် … မင်းနဲ့တော့ တိုက်ရိုက်မပတ်သက်ပါဘူး … ဒါပေမဲ့ သွယ်ဝိုက်ပတ်သက်ချင်လည်း ပတ်သက်လာနိုင်တယ် … အဲ့ဒီလောက်ကိုတော့ မင်းကြိုတင်သိထားသင့်တယ်ထင်လို့ ငါ ပြောပြထားတာ … တစ်နေ့ ကြုံကြိုက်ဆုံတိုက်တာတွေ ဖြစ်လာမှ ရှင်းရင် ငါတွင်ပြောတဲ့စကားဖြစ်မှာစိုးလို့ပါကွာ… ငါ့အပေါ် ကြိုတင်မှာကြားချက်ရှိတာ တကယ်ဟုတ်မဟုတ် ဆိုတာကိုတော့ ကျော်ဇင့်ကို မင်း ကြိုတင်မေးကြည့်ပေါ့… အခုရှုပ်မှ နောင်ရှင်းဆိုသလို ငါ ကြိုတင်အသိပေးထားတာ အေးဝင်လင်းခိုင် …"

"မင်းစကားကလည်း အထူးအဆန်းပါလား ဘုန်းမာန်၊

www.burmeseclassic.com

www.burmeseclassic.com



အေးလေ ... လိုရမယ်ရ ... ငါမေးကြည့်ထားလိုက်မယ် ... ရှိတယ်လောက်ပဲပြောမှာပေါ့ ... လျှို့ဝှက်ချက်တွေတော့ ဘယ်ရှင်းပြမှာလဲ ...”

သူ ခေါင်းညိတ်ပြလိုက်၏။ အောင်လင်းခိုင်က အခန်း ဝင်ပြီး သွားမေးနေ၏။ ခဏအကြာမှာ ပြန်ထွက်လာ၏။

“ရှိတယ် ... ပြောလိုက်တယ် ... ဘာအကြောင်းလဲ ကွာ ... ငါ့ကျွမှ လျှို့တာတော့ သံသယပွားပြီး ခေါင်းမူ အောင် စဉ်းစားစရာဖြစ်နေပြီ ... တကယ်ဆို ငါ့ပါပြောသင့် တာပေါ့ ...”

“ပြောလို့မဖြစ်လို့ပေါ့ကွာ ... မင်းနဲ့တိုက်ရိုက်မပတ် သက်ပါဘူး ... သွယ်ဝိုက်ပတ်သက်နိုင်တယ်ဆိုတာကလည်း ဆယ်လေးမှာတစ်လေးလောက်ပဲ ရှိနိုင်တာမျိုးပေါ့”

သူ့စကားကြောင့် သူ့ကိုပြန်ကြည့်လိုက်သော အောင်လ ခိုင်ရဲ့အကြည့်မှာ နားလည်ရခက်သော ဝေခွဲမှုတွေ ယှက်ဖြာနေ စိတ်ဝိဉ်ထားတစ်ယောက်ကတော့ ရုတ်တရက် ဖုန်းအဆက်အသွ ပြတ်သွားခြင်းအပေါ် ဝဟေဠိဖြစ်နေမိရုံမှတစ်ပါး အခြားသော ရှိနေလိမ့်မည်မထင်။



ကရမက်ပန်းတွေကမှ လက်လှမ်းလို့မီချင်မီလိမ့်ဦးမည်။ ပင်မြင့်စံသဇင်ပန်းကတော့ တံချူနှင့်လှမ်း၊ တုံးခုံလှမ်းသည့်တိုင် အောင် မမှီတမီရှိနေနိုင်သေး၏။

တော်ဝင်ရနံ့

ကောင်းကင်ပေါ်ကိုမှ လက်ဖြန့်ထားသူအတွက်

ရွှေမှုန်တွေကြဲပက်မှ သင့်တော်မလား။

ရွှေမှုန်ဆိုတာ ကောင်းကင်ကပွားတာမှမဟုတ်တာ၊ မြေ က ပွားတာ၊ မင်းနားလည်နိုင်ရဲ့လား စံထိပ်ထားရယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်အတွင်းမှာပင် ကျော်ဇင်မင်းထွန်းရဲ့ မျက်လုံ

ကို ထပ်မံခွဲစိတ်ရ[illegible]သည့်နေ့မှာ လူစုံတက်စုံရောက်ဖြ

သော်လည်း အခြေအနေကို မသိရသေး။ ညဘက်ရောက်သောအ

မှသာ ဆရာဝန်ကြီးတွေက စစ်ဆေးမေးမြန်းကြ၏။

ထွက်ပေါ်လာမည့်ရလဒ်ကို ရင်တဖိုဖိုနှင့် စောင့်ကြည့်နေ

ရသူတွေ ဟင်ခနဲဟာခနဲ ဖြစ်ကုန်၏။

"မောင်ရင် ဘယ်သူလဲဆိုတာ သိလား ..."

"သိနေသလိုလိုပဲ ... ကျွန်တော် ဘယ်သူလဲ ..."

"ကျော်ဇင်မင်းထွန်းလေ ... မောင်ရင့်ရဲ့မိဘနှစ်ပါးကို ရော သိသလား ... သိရင် အမည်လေးတွေပြောပြပါလား"

"အဲ့ဒါလည်း သိနေသလိုလိုပဲ ... ကျွန်တော့်မိဘတွေက ဘယ်သူလဲ ... ဒီထိပ်ပြောင်ပြောင်နဲ့ လူကြီးက ကျွန်တော့် ဖခင်လား ..."

"မဟုတ်ဘူးလေကွယ် ... ဦးတင်ထွန်းလေ ... ရပ်ကွက် ဥက္ကဋ္ဌကြီးလေ ... မောင်ကျော်ဇင်ရဲ့အမေဘက်က မောင်နှမနှစ်ဝမ်းကွဲ တော်တယ်လေ ... မောင်ရင့်အဖေ ဦးမင်းထွန်းက ဒီမှာလေ ... ညွန့်မူးလေ ... မောင်ရင့်အစ်မက ဒေါ်ရီရီဇင်လေ ... ဒီမှာ ... ဒီမှာ ... မှတ်မိရဲ့လား ... သေသေချာချာကြည့်ပါဦး ... ပြန်စဉ်းစားစမ်းပါဦး ..."

"သူတို့က ... ဟုတ်မယ်နဲ့တူတယ် ... မြင်ဖူးသလိုလိုပဲ ... ကျွန်တော့်ခေါင်းထဲမှာ ရှင်းနေတယ် ..."

"သား ... သားလေး မေမေလေ ... မေမေ့ကိုတောင် မမှတ်မိတော့ဘူးလား ..."

"သား ... ဖေဖေလေကွာ ... ငါက မင်းအဖေ ... မင်းက ငါ့သား ... မင်းအမေက ငါ့မယား ... ငါနဲ့မင်းအမေ လက်ထပ်ခိုက်လို့ မင်းကိုမွေးလာတာလေကွာ ... မမှတ်

www.burmeseclassic.com



[illegible] ...

"မှတ်မိသလိုလိုပဲ ..."

"မောင်ဒီက မင်းရဲ့အချစ်ဆုံးသူငယ်ချင်းတွေကိုရော မှတ်မိလား ... ဒါ ... ဘုန်းမာန်စ ... ဒီဘက်က အောင်လင်းခိုင်လေ ..."

"သူငယ်ချင်းကျော်ဇင်မင်းထွန်း ... ငါ ဘုန်းမာန်လေကွာ ..."

"ငါ ... အောင်လင်းခိုင်ကိုတော့ မင်း မှတ်မိမှာပါ"

ကျော်ဇင်မင်းထွန်းက အသေအချာလိုက်ကြည့်ပြီး ခေါင်းကို လက်နှင့်အုပ်ကိုင်လိုက်၏။ အပြင်းအထန် ဖြန်စဉ်းစားတွေးတောကြည့်နေပုံရ၏။ စဉ်းစားနေရင်းမှ ခေါင်းကိုလက်နှစ်ဘက်နှင့်ဖိရင်း ...

"အား ... မစဉ်းစားချင်ဘူး ... မတွေးချင်ဘူး ... ခေါင်းတွေမူးတယ် ... ကိုက်တယ် ... ကယ်ကြပါ ... ကျွန်တော် ခေါင်းအရမ်းကိုက်တယ် ..."

စပါယ်ရှယ်နပ်(စ်)နှင့် ဆရာဝန်ကြီးက အခန်းပြင်ကိုပြန်ထွက်နေကြဖို့ပြော၍ အားလုံး အခန်းပြင်ပြန်ထွက်နေကြရပြန်၏။



[illegible]နီးတစ်ယာညက်ခန့် ကြာသောအခါ ဆရာဝန်ကြီးအခန်းထဲက [illegible]ထွက်လာ၏။

"လူနာကို စိတ်ရောရုပ်ရော အနားပေးတဲ့အနေနဲ့ ... အိပ်ပျော်အောင်သိပ်ထားလိုက်ပြီး ... နောက်မှ ဆက်လက် စမ်းသပ်ကြည့်ကြတာပေါ့ ... ဒီလိုတိမ္မမျိုးဆိုတာ ရှုးညွှ သိမ်မွေ့စွာ ကိုင်တွယ်တတ်ဖို့ အချိန်များများယူရတတ်တယ် ..."

"ဆရာရယ် ... ဒီလိုဆို ကျွန်မသားလေး ကျောင်းဆက်တက်လို့ မရတော့ဘူးလား ..."

"ရောဂါပျောက်အောင် ကုသနိုင်ဖို့က ပိုအရေးကြီးပါတယ် ..."

"သားလေးရယ် ... အဖြစ်ဆိုးတယ်ကွယ် ... ဆေးကျောင်းသားဖြစ်ပြီးမှ ဒီလိုအဖြစ်မျိုးဖြစ်ရတယ်လို့ ..."

"အသိနဲ့သတိ အမြဲရှိနေရမယ်လို့ ဘုရားဟောထားတာပဲ ... လွတ်သွားတာနဲ့ ခံရတော့တာပဲ ... တရားနဲ့ဖြေပါ မရီရယ် ..."

ဦးမင်းထွန်းက ဇနီးဖြစ်သူကို နှစ်သိမ့်ပြောကြားရင်း သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ချက်ချည်မတွေ့ ခိုးသုတ်နေ၏။ ယခုနေ့ညအဖို့တွေ့ရတော့ ချည် မထောင်၍ သူနှင့်အောင်လင်းခိုင်တို့ ဆေးရုံမှပြန်လာခဲ့ကြ၏။ မြစ်ချင်တော့ လမ်းမှာ စံထိပ်ထားတို့ကားနှင့် မီးပွိုင့်မှာ ဘေးချင်း ယှဉ်ရပ်မိလျက်သားဖြစ်နေ၏။ အောင်လင်းခိုင်ရဲ့တီကိုကားလေးကို သူ ဝင်မောင်းလာခဲ့ခြင်းပင်။ ကျော်ဇင်မင်းထွန်း၊ အောင်လင်းခိုင်တို့ ကားမောင်းသင် လိုင်စင်ဝင်မဖြေကြတည်းက သူပါ ဝင်သင်ပြီး လိုင်စင် လုပ်ထားခြင်းဖြစ်၏။

လင့်ခရူဇာကားပေါ်မှ ငုံကြည့်လိုက်သော စံထိပ်ထားရဲ့ အကြည့်။ နံဘေးမှာထိုးရပ်လာသော တောက်ပြောင်လှပနေသည့် ကားကြီးကို အမှတ်တမဲ့ကြည့်မိရာက စံထိမ်ထားရဲ့အကြည့်နဲ့ ဒိန်းခနဲ ဆုံမိလိုက်ချိန်။

စူးရှစွာကြည့်လိုက်သည့် တစ်မိနစ်ခွဲခန့်အကြည့်ကို ဆတ်ခနဲ မျက်နှာလွှဲဖယ်ခြင်းဖြင့် ရုပ်သိမ်းသွား၏။ မလိုလားသော၊ မကြည်လင်သော၊ မနှစ်မြို့သော၊ ပြုံးငြင်မျက်နှာထားဖြင့် ရှေ့ကို စိုက်ကြည့်နေသည့် စံထိပ်ထား။

မီးပွိုင့်လွတ်သည်နှင့် စံထိပ်ထားရဲ့ကားက ရှေ့လမ်း တည့်တည့်မောင်းချသွား၏။ သူ့ကားက ဘေးလမ်းချိုးရမည်မို့



...ဝင်ကြောအလွတ်ကို စောင့်ပြီး ချိုးကွေ့လာခဲ့ရ၏။ ထိုင်ခုံပေါ် ...ခဲ အိပ်ငိုက်လာသော အောင်လင်းခိုင်ကို စံထိပ်ထားနှင့်ပတ် ...ပြီး ပြောပြဖို့ နှုတ်ပြင်လိုက်သေး၏။

လှို့ဝှက်ချက်ကို မသိရ၍ စိတ်ဖုဖောင်းနေသော အောင် ...င်းခိုင်ရဲ့စိတ်ကို ပိုမိုထိုးဆွသလိုဖြစ်မှာ စိုး၍မပြောဖြစ်တော့။

စံထိပ်ထားနှင့်သူ တွေ့ရဖို့လမ်းကတော့

ကိုးဆယ့်ကိုးရာခိုင်နှုန်း သေချာနေ၏။ လျှော့တီလျှော့ရဲ့ ...နေသော 'တစ်'ဆိုသည့် မျှော်လင့်မှုလေးကိုဖြင့် သူ လက် ...လွှတ်ချင်သေး။

ကြောင်မျက်ရှင်နှင့်တွေ့ရလျှင် ရင်တုန်လွန်းသော ရင်ခုန် ...သော သူ့ရင်၌ စိုးမိုး၏၊ အခြားမရှိ ပကတိ။

www.burmeseclassic.com



ကျော်ဇင်မင်းထွန်း အာရုံကြောထိခိုက်ပြီး သတိပြန်လ
လိုက်၊ မလည့်လိုက်နှင့် စိတ်နောက်သွားသည်မှာ ကြိမ်းသေ
လေပြီ။ သူ့အနေနှင့် ကျော်ဇင် ကြိုတင်မှာထားသည့်အတိုင်း ဆ
လူပိရှားဖို့သာ ရှိတော့၏။

ပြင်ပဖုန်းမှဆက်ဖို့ ပြင်ရတော့၏။ စံထိပ်ထားနှင့်
ဆက်လျှင် သူ့ခါက်တ ပိုရှုပ်ရစိုက်ရ၏။ တခြားမြို့နယ်မှနေ၍
ရှင်းရာ စတိုးဆိုင်တစ်ခုကိုရွေးကာ ထိုဆိုင်မှ ဖုန်းဖြင့် နှိပ်ခေါ်လို
၏။

"ဟဲလို … အမိန့်ရှိပါရှင် …"



" … … "

"ဟယ်လို … "

" … … "

"ကိုအောင်လား … "

"အင်း … ဟုတ် … ဟုတ်တယ် … "

"ဘယ်လိုဖြစ်ရတာလဲ ကိုအောင်ရယ် … နေ့တိုင်း ဖုန်းခေါ်နေကြဖြစ်ပြီး … တစ်ပတ်လောက်ကို ဖုန်းမဆက်ဘဲ နေစိမ့်နိုင်နေတာ ဘာသဘောလဲ ပြောစမ်းပါဦး … ထိပ်ထား စိတ်တွေပူလိုက်ရတာ … ဖုန်းမြည်လာတိုင်း ကိုအောင်လားလို့ ခဏခဏမေးမိလို့ ဖုန်းဆက်တဲ့အမျိုးတွေ အသိတွေက ကျွန်မကို ကိုအောင် … ကိုအောင်နဲ့ တောင် စကုန်ကြပြီ … အိမ်က မသိအောင်လို့ အဲဒီပါးစပ် ပေါက်တွေကို မနည်းပိတ်လိုက်ရတာ ဖင်ဖတ်ကိုမောနေ တာပဲ … ကိုအောင် သိပ်ဆိုးတယ်ကွာ … "

စံထိပ်ထားရဲ့အသံက ပျားရည်ထဲ ပုလင်းကွဲမှုန့်တွေရော စပ်ထားသလိုပဲ။ နားဝင်ချိုသလို၊ နားဝင်ရှတတ်နိုင်ပြန်းတယ်။ မာန်မာနကြီးတဲ့ မိန်းမတစ်ယောက်ကို ချွဲနွဲ့သံပေါက်အောင် ဖုန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



နှုးနပ်ထားနိုင်သော ကျော်ဇင်မင်းထွန်းရဲ့ အရည်အချင်းကိုလည်း လက်ဖျားခါလိုက်မိ၏။

"ပြောလေ, ကိုအောင် ... ဘာဖြစ်နေတာလဲ ... "

"ဩော် ... ဟို ... ဘာမှ မဖြစ်ပါဘူး ... ကိုယ် နေမကောင်းလို့ မဆက်ဖြစ်တာပါ ... "

"ဟင် ... ဟုတ်လား ... စကားမပြောနိုင်လောက်တဲ့ အထိကို နေမကောင်းသွားတာဆိုတော့ ... ဘာရောဂါများ ဖြစ်တာမို့လို့လဲ ... "

"တိုက်ဖွိုက် ... "

"အဲ့ဒါဆိုရင်တော့ ပြောနိုင်ပါသေးတယ် ... ကိုအောင် သက်သက်မဲ့မပြောတာပါ ... ထိပ်ထားကို တမင်ညှင်းထား တာ ... "

"အဲ့ဒီလိုမဟင်ပါနဲ့ ထိပ်ထားရယ် ... စကားပြောဖို့ အားအင်မရှိတော့လောက်အောင်ကို အစာဖြတ်ခံထားရ တာ ... ကြက်ပေါင်းရည်လေးပဲ သောက်ရတယ် ... ကံ ကောင်းလို့ မသေတာ ... ပြီးတော့ ဟမ်းဖုန်းကိုလည်း ဒက်ဒီက ခဏသိမ်းပေးထားတယ်လေ ... မာမီက တစ်ချိန်



လုံး အနားမှာပြုစုနေတာ ... ပုဂ္ဂလိက ဆေးရုံတက်လိုက် ရသေးတယ် ... ငါးရက်ကြာတယ် ... ငွေတွေသောက် သောက်လဲကုန်သွားတယ် ... "

ပြောပြီး ညာဖြီးလိုက်မိ၍ သူ့ကိုယ်သူ ရယ်ချင်မိသွား၏။ သို့ပြား မတတ်နိုင်။ ကျော်ဇင်က ဤမိုဤနှယ် ဇာတ်လမ်းခင်းထား ပြီးပြီဆိုမှတော့ ထိုအတိုင်းသာ ဆက်ကာပြသွားရုံပင်။

"ဟုတ်လား ... ဘယ်ဆေးရုံလဲ ... ရွှေဂုံတိုင်လား၊ ကန်သာယာလား ... ဆာကူရာလား ... အာရှတော်ဝင် လား ... ဒီလိုမှန်းသိရင် ထိပ်ထား လာတွေ့ပါတယ် ... မသေကောင်း မပျောက်ကောင်း ကိုအောင်ရယ် ... ကိုယ် တိုင်က ပါရဂူကြီးဖြစ်ပြီး ကိုယ့်ကိုယ်ကို ဘာလို့ ဂရုမစိုက်ရ တာလဲ ... အဲ့ဒီလောက်ကြီး မဖြစ်သင့်ပါဘူး ... ကိုအောင် ကိုယ်၌က ပေါ့လျော့လွန်းပါတယ် ... "

"ကိုယ်က နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူကြီး ဆိုတော့ ... အထွေထွေရောဂါတွေနဲ့ ပတ်သက်ရင် သတိ မမူ ဝှမမြင်ဆိုတာမျိုးလေး ဖြစ်သွားတာပါ ထိပ်ထားရဲ့"

"ဟင် ... ကိုအောင်က ဦးနှောက်နဲ့အာရုံကြောအထူးကု

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းရှုကြီးလို့ ထိပ်ထားကို အရင်က သေသေချာချာ ပြောပြ ပြီးတော့ ... အခု ဘယ်လိုဖြစ်ပြီး နား၊ နှာခေါင်း၊ လည် ချောင်းပါရှူ ဖြစ်သွားရပြန်တာလဲ ... ”

“ဪ ... ထိပ်ထားကို ဟာသဖောက်လိုက်တာပါ ... တုတ်ထယ်လေ ... ကိုယ်က ဦးနှောက်နဲ့အာရုံကြောအထူးကု သမားတော် ... ခုနလို တလွဲပြောလိုက်ရင် ထိပ်ထား ရယ် သွားမလားလို့ တမင်နှောက်ပြောင် ပြောကြည့်တာ ... ကိုယ့်ဟာသက မရယ်ရဘူးဖြစ်သွားတယ်နဲ့တူတယ်”

“ကိုအောင့်ကိုတော့ ထိပ်ထားအနေနဲ့ သံသယပွား ပြီးရင်း ပွားမိလာရင်းပဲ ... မောင်ဘုန်းဆိုတဲ့လူက ကိုအောင့် အိမ်က ကားဒရိုင်ဘာလား ... ဘာလဲ ... TV Game ဆိုင် လည်း ဖွင့်ပေးထားသေးတယ်နော် ... ကိုအောင်နဲ့ ဘယ်လို ပတ်သက်တာလဲ ... ”

“ဪ ... အဲဒီလူလား ... အဲဒီလူက ပေါ်သေးသေး မဟုတ်ဘူး ... ကိုယ့်ရဲ့ ပုန်နာဖြစ်ဖူးတဲ့လူပါ ... ကိုယ့်မှာက ပုက်သိကွာတွေ သမာဓိတွေ ဆိန်းပြီး ... ကလေးကိုလာ မတွေ့ဖြစ်သေးခင် အဲဒီလူကို အကူအညီတောင်းပြီး ...



ကိုယ်က ထိပ်ထားကလေးကို ပို့ပေးချင်တာ ပို့ခိုင်းရတာပါ”

“အဲဒီလူက တကယ်မအ,ဘဲနဲ့ ... အ,ချင်ယောင် ဆောင်ရတာလဲ ... အဲဒါ လုံးဝမရှိးသားဘူး ... ”

“ဒါက ဒီလိုရှိတယ်လေ ... အ,ချင်ယောင်ဆောင်နေ မှ ထိပ်ထားက ကိုယ့်အကြောင်းတွေ မေးမြန်းစုံစမ်းလာရင် မပြောဖြစ်တော့မှာပေါ့ ... ”

“ရှင် ... ဘာလို့ ဒီလောက်တောင် လျှို့ဝှက်သိပ်သည်း နေရတာလဲ ... ဘာလဲ ... ကျွန်မကို ကစားစရာများထင် နေသလား ... လာတွေ့ဖို့ အထပ်ထပ်ပြောရတာလည်း မောလှပြီ ... ရှင် အမျိုးမျိုးအကြောင်းပြပြီးရှောင်နေတယ် ... အဲဒါကိုတွေးမိတိုင်း ဒေါသထွက်တယ် ... ကျွန်မကို ဘယ်လို မိန်းမမျိုးလို့ ရှင်ထင်နေသလဲ ... ”

“ထိပ်ထားက နန်းထိုက်တဲ့ပန်းမကိုင်ပါ ... ကိုယ်လာ မတွေ့သေးတာက အလုပ်တွေသိပ်များနေတာရယ် ... ထိပ်ထားကလည်း ကျောင်းမပြီးသေးတာရယ် ... ပြီးတော့ ထိပ်ထားနဲ့မှ ကိုယ် လက်ထပ်တဲ့အခါကျရင် မြန်မာပြည်မှာ အကြီးအကျယ်ဆုံးမင်္ဂလာဆောင်ဖြစ်အောင် ကျင်းပချင်

www.burmeseclassic.com



တာရယ် ... နောက်တစ်ခုက ထိပ်ထားနေဖို့ အကြီးကျယ်ဆုံး အခမ်းနားဆုံးအိမ်ဂေဟာကြီး ဝယ်ယူဖို့ ကိုယ်ကြိုးစားနေတာရယ် ... အဲ့ဒီလိုအကြောင်းတွေကြောင့်ရယ် ... နောက်ပြီး ကိုယ်က ပါရဂူဘွဲ့ရတစ်ယောက်ဖြစ်ပြီး ဆေးကျောင်းသူဇေးကို လာတွဲခုတ်နေတယ်လို့ ဘေးလူတွေမြင်ရင် ဘယ်လိုထင်ကုန်မလဲ ... အကြောင်းကြောင်းကြောင့် မတွေ့သေးတာပါ ... ”

“ဒါများ နှစ်ယောက်တည်း သီးသန့်တွေ့လို့ရရဲ့သားနဲ့ ... ရှင်တမင်လိမ်လည်ချင်လို့ ဒီလိုပြောပြီး အချိန်ဆွဲနေတာ မဟုတ်လား ... အစကတည်းက ဖုန်းလက်ခံမပြောဖြစ်ခဲ့ရင် အကောင်းသား ... အခုတော့ သံယောဇဉ်ဖြစ်ပြီး ဆေးစွဲသလိုဖုန်းပြောရတာကို မဖြတ်နိုင်လွန်းလို့သာလက်ခံစကားပြောနေရတာယ် ... ရှင့်ဘက်က လျှို့ဝှက်သိပ်သည်းနေတဲ့အပေါ် ကျွန်မ သိပ်ပြီးသည်းညည်းမခံနိုင်ချင်တော့ဘူး သိလား ... ”

“သိပါတယ် ... မကြာသော တစ်နေ့မှာ ကိုယ်လာတွေ့မှာပါ ထိပ်ထားရယ် ... ကိုယ့်ဘက်က အားလုံးပြည့်စုံ



နေမှ တွေ့ပါရစေ ... ထိပ်ထားက အားလုံးပြည့်စုံတဲ့ယောကျ်ားမျိုးကိုမှ စဉ်းစားချင်တာ မဟုတ်လား ... အခုဟာက ထိပ်ထားနဲ့ကိုယ်ဟာ ဖုန်းထဲမှာပဲ သမီးရည်းစားမကလင်မယားမကျအောင် သံယောဇဉ်ဖြစ်နေကြရတာ ... အမြင်မှာ မြင်ခွင့်မရတော့ ဟုတ်တာပေါ့လေ ... ဒါပေမဲ့ကိုယ်ကတော့ ထိပ်ထားရဲ့ မမြင်ကွယ်ရာကနေ ထိပ်ထားကိုအမြဲစောင့်ကြည့်နေရသူမို့ ဖြေသာပါသေးတယ် ... ထိပ်ထားကတော့ ... အင်းလေ ... ကိုယ် အမြန်ဆုံးလာတွေ့နိုင်ဖို့ကြိုးစားပါ့မယ် ထိပ်ထားကလေးရယ် ... ကတိပေးတယ်နော် ... ” ”

“အဲ့ဒီစကားတွေပြောတာထပ်နေပြီ ... ခေါင်းစဉ်သာပြောင်းသွားမယ် ... အကြောင်းအရာကတော့ ဒီအတိုင်းကြီးပဲ ... ဟွန့် ... ”

“မျက်မာန်တော်မညိုးပါနဲ့ကွာ ... ကိုယ်တို့တွေ့ဖြစ်ကြရင် တစ်ဝကြီးအားရအောင် ချော့ပါ့မယ် ... ”

“တော်ပါ ... ”

“ပြောစရာတွေအများကြီးကျန်သေးတယ် ... ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနေရာ ... ရှင်ပို့လိုက်တဲ့ ဓာတ်ပုံအတိုအထွာတွေ ဆက်စပ်ကပ်ကြည့်နေတာ ရယ်စရာပုံတွေချည့်ပဲ ထွက်လာတယ် ... စဉ်းစားကြည့်ရရင် ရှင် တကယ်ရုပ်ဆိုးလို့ ကျွန်မကို အတွေ့မခံတာပေါ့ဟုတ်လား ..."

"ဟုတ်တယ်ဆိုရင်ကော ..."

"သင့်တင့်ပြေပြစ်တဲ့ ရုပ်ရည်မျိုးဆိုရင် မဆိုးပါဘူး ... အဓိကကတော့ ကျွန်မလိုချင်တာ အရည်အချင်းပဲ ... ကျွန်မ လေးစားလောက်တဲ့ အရည်အသွေးစံမီရင် ဂုဏ်ရည်ကို လျှော့ပေါ့စဉ်းစားပေးလို့ရပါတယ် ..."

"အရည်အသွေးစံဆိုတာ ခုန ကိုယ် ကြိုးစားတည် ဆောက်မယ်ဆိုတဲ့ အခြေအနေတွေပဲ မဟုတ်လား ..."

"ဟုတ်တာပေါ့ ..."

"အဲ့ဒါတွေ တကယ်ဖြစ်လာအောင် ကြိုးစားတည် ဆောက်နေရလို့ ထိပ်ထားဆီ လာမတွေ့ဖြစ်သေးတာပေါ့။ မဖြစ်သေးဘဲ လာတွေ့ရင် အငြင်းပယ်ခံဘဝနဲ့ ကိုယ်ကျရှုံး ပြီး နှလုံးကြေကွဲ သေဆုံးသွားနိုင်တယ် ... ဖြစ်အောင် ကြိုးစားနေတဲ့ ကာလမို့ ကိုယ်က လာမတွေ့ဖြစ်ဘဲ အခုလို



ဖုန်းပြောနေရင်းနဲ့ ရင်ခုန်နေကြတာ ကောင်းပါတယ် ..."

"ဒါနဲ့ ... ရှင် ဘယ်တော့လောက် ဥရောပခရီးထွက် စရာရှိသေးလဲ ..."

"ရှိတော့ ရှိတယ် ... ထိပ်ထားက အမြန်လက်ခေါင်း မှာချင်လို့လား ... ဘာလိုချင်လဲ ... ကိုယ့်ကိုပြောလေ ... ဆေးသုတေသနဆိုင်ရာစာတမ်းဖတ်ပွဲနဲ့ နီးနှောဖလှယ်ပွဲ တွေ တက်စရာတော့ရှိနေသေးတယ် ..."

"မရှိပါဘူး ... ထိပ်ထားနဲ့ရှင် ဖုန်းမပြောဖြစ်တဲ့ကာလ တာရှည်လေး ရောက်လာတော့မှာ ကြိုတွေးမိနေလို့ပါ ... ရှင်ကော ကျွန်မနဲ့ဖုန်းမပြောရတဲ့နေ့ဆို နေလို့ရလား ... နေလို့ရမှာပါလေ ... ရောဂါအကြောင်းပြုပြီး တစ်ပတ်ကြီး များတောင် နေနိုင်သေးတာပဲ ..."

"အဲ့ဒီလို အထင်မမှားပါနဲ့ ထိပ်ထားရယ် ... ဘယ်လာ နေလို့ရမတဲ့လဲ ... ဖုန်းမြည်သံကြားရင် ရင်တွေခုန်ခုန်သွား တာ ကြာရင် နှလုံးရောဂါရနိုင်လောက်တယ် ... မဖြစ်သာ လို့ ဝေဒနာခံစားနေရတဲ့အခိုက်လေး မဆက်ဖြစ်လိုက်တာ ပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆိုရင် ညဘက်တစ်ခေါက်ပြန်ဆက်ပါလား ... ညဘက်ကျရင် ဖုန်းပြောရတာ လွတ်လပ်တယ် ... တစ်ညလုံး ပြောလို့ရတယ် ... ဟိုးအရင်တစ်ခါက ရှင် စန္ဒရားတီးပြီး သီချင်းတီးတိုးဆိုပြတဲ့အသံကို ကျွန်မ အမြဲကြားယောင်နေမိတယ် ... ပြီးတော့ ... ရှင်က ဥရောပကျေးလက်တေးသံတွေကို ဘာဂျာမှုတ်ပြတာလည်း နားထောင်လို့ကောင်းတယ် ..."

"စန္ဒရားတီးရမယ် ... ဘာဂျာမှုတ်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ ... ဒီည ရှင့်အိမ်ကမသိအောင် လုပ်မပြနိုင်ဘူးလား ..."

"ကိုယ်ကလေချွန်တတ်တယ် ... စောင်းတီးတတ်တယ် ... ဒါပဲတတ်တာ ..."

"ရှင်ဟာသဖောက်မနေနဲ့ ..."

"ဩော် ... အင်း ... ကိုယ့်အိမ်က လစ်မလစ်စောင့်ကြည့်ပြီး ကိုယ် ကြိုးစားမယ်လေ ... ထိပ်ထားက ညခင်းတွေ တီးပိုင်းသံစဉ်တွေကို နှစ်သက်တတ်လား ..."

"ကြိုက်တယ် ... ရှိုးဖန်၊ ဗီသိုဗင်၊ မိုးဇက်အနံ့ပဲ ကြိုက်တယ် ..."

"ဩော် ..."

"ဒီနေ့ ရှင်နဲ့စကားပြောရတာ တစ်မျိုးဖြစ်နေသလိုပဲ ... အရင်နေ့တွေကဆို တစ်ပတ်မပြောနဲ့ ... နှစ်ရက်လောက် ဖုန်းမပြောဖြစ်လိုက်တာနဲ့ ရှင်ပဲဦးဆောင်ပြောပြီး လွမ်းမကုန် ချွဲမကုန်နိုင်အောင် ပြောတတ်လိုက်တာ ... ဒီနေ့ကျတော့ ... အင်တင်တင်နဲ့ အသံကလည်းသြရှရှသံပိုပေါက်လာတယ် ... ရှင် ဘာတွေဖြစ်နေလဲဟင် ... ရောဂါက အကင်းမသေသေးဘူးလား ..."

"ရောဂါအကင်းသေပါပြီ ... နှာစေး ချောင်းဆိုး၊ အသံဝင်ချင်နေသေးလို့ ကိုယ့်ကို နားလည်ပေးပါနော် ... အခုတောင် ခေါင်းတွေအရမ်းကိုက်ခဲနေတာ ... ပြောချင်လွန်းလို့သာပြောနေရတာ ..."

"အဲ့ဒါဆို ဖုန်းချပြီး ရှင် နားလိုက်တော့လေ ..."

"အိုကေ ... ဂွဒ်ဘိုင့် ..."

"ခဏ ... ဒီညဖုန်းဆက်ဦးမှာလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထားသဘောလေ ..."

"ကိုယ်ဆက်မဲ့အရေးတောင် ကိုယ်မသိတော့ဘူး လား..."

"ထိပ်ထား ဆက်စေချင်ရင် ဆက်မယ်လို့ပြောတာ"

"မဆက်စေချင်ရင် မဆက်ဘူးပေါ့ ..."

"ဒါပေါ့ ..."

"အဲဒါဆို မဆက်နဲ့တော့ ..."

"အိုကေ ..."

"ဘယ်တော့မှ နောက်မဆက်နဲ့တော့ ..."

"ဟို ... မဟုတ်ဘူးလေ ... ထိပ်ထား စိတ်ဆိုးသွား တာလား ... ဟဲလို ... ဟဲလို ... ထိပ်ထား ... ဟဲလို"

စံထိပ်ထားဘက် ဖုန်းချသွား၏။ သူပြောနေရင်းတန်းလ မှာပင် ချသွားခြင်းပင်။ ဖုန်းထပ်ဆက်ကြည့်၏။ ဖုန်းပိတ်ထားလို လေပြီ။ စံထိပ်ထားက တမင်ရွဲ့ပြောတာကို အကောင်းပြောတ ထင်ပြီး ဖော်လိုအလိုက်မှား၍ စံထိပ်ထား စိတ်ဆိုးသွားလေ မတတ်နိုင်။

မိန်းမနှင့်ဆောင်းလေသည် တူညီ၏။



စံထိပ်ထားနှင့် နောက်တစ်နေ့ ဖုန်းပြောလျှင် သူရောစ်ရမည်မှာ တစ်ခုတည်းသာရှိ၏။ ထိုလုပ်ရမည့်အလုပ်က ...

ချော့ ... ။ မပြေလည်မချင်း ချော့ ... ။

www.burmeseclassic.com

www.burmeseclassic.com



ဈေးရပ်ဇာတိရွာက အသိမိတ်ဆွေတစ်ယောက်လာလည်၍ ဆွေ့မ်လိုက်ရ၏။ ဂိမ်းဆိုင်မှာပင် တစ်ညတည်းခို၏။ ရွာအခေါ်သူကို 'နတ္တိ'ဟုပင်ခေါ်၏။

"ဟော့ကောင် နတ္တိ … မင်းကွာ မြို့ရောက်မှ အရောင်တွေ တသွေးတမွေးကိုဖြစ်လို့ … ကျောင်းက ကပ္ပိယကြီးကတော့ မင်းကို မေးရှာတယ် … ရွာပြန်ရင် လက်ဆောင်လေး ဘာလေးဝယ်တန်ပေါ့ … လိုက်ပါဦးလားကွာ … နတ္တိရာ မင်းတို့မြို့က တိုက်ခန်းကလည်း သစ်သားမီးခြစ်ဘူးခွံထဲ ဝင်အိပ်နေရသလိုပဲ မွန်းကျပ်လိုက်တာ … မင်း



လည်း ရွာက ထွက်သွားကတည်းက ပျောက်သွားလိုက်တာ … တစ်ခေါက်မှရွာကိုပြန်မလာဘူး … အခုတောင်မင်းနဲ့ငါ ဒီနားက မှတ်တိုင်မှာ ကားစောင့်ရင်းတွေ့ကြလို့ပြန်တွေ့ကြရတာ … နို့မို့ကတော့မောင်ရာ ဘယ်လာတွေ့ရလိမ့်မတုံး … "

"တိုးတိုးပြောပါ ကိုဖိုးခင်ရာ … နားမလေးပါဘူး … ကြားပါတယ်ဗျာ … "

"တို့တောကလူတွေက ပွင့်ပွင့်လင်းလင်းပြောတတ်တာ … အကျင့်ပါနေတာပဲ … အားရဝမ်းသာ တုတ်စိုးအိုးပေါက် ပြောတတ်တာ မင်းလည်းအသိပဲ … ငါကွာဒီညနေရထားနဲ့ ရွာပြန်မလို့ဟာ … ဘတ်(စ်)ကားစီးတာနောက်ကျနေတာနဲ့ လမ်းမှာမိုးချုပ်သွားတယ် … မျက်စိတွေလည်ပြီး ဘုရားစာတွေ ရွတ်လိုက်ရတာ … မင်းနဲ့တိုးတာ ဘုန်းမ,တာပဲ … သကြားမ,တာပဲကွ … "

"ကျုပ်တော်လည်း ညခုနစ်နာရီဆိုင်ပိတ်ပြီးတာနဲ့ ထမင်းဆိုင် ထမင်းထွက်စားတာ … ခင်ဗျားကို ကားဂိတ်မှာ တွေ့လို့ ခေါ်ဖြစ်တာဗျာ … ထမင်းဆိုင်မှာ မျှူးတဲ့

www.burmeseclassic.com

ထမင်းချော စားရတာ ဝ,ရဲ့လား ... အရသာကော ဘယ်လို လဲ ..."

"မဆိုးပါဘူးကွာ ... ဝ,တာမှ ဗိုက်ကိုကားနေတာပဲ၊ နတ္တိ ... နတ္တိ ... မြို့ရောက်မှ ကျွန်တော်တွေ ဘာတွေနဲ့ ပြောတတ်နေပြီ ... ရွာမှာတုန်းကဆို ကျုပ် ... ကျုပ်နဲ့ ပြောတတ်တဲ့ကောင် ... အေးလေ ... ပုတ်သင်ညိုတောင် အရောင်လိုက်ပြီး ပြောင်းရသေးတာပဲ ... မင်းပြောင်းလဲ တာ ဆန်းတာမှတ်လို့ ..."

"စိတ်ဓာတ်ကတော့ အရင်အတိုင်းပါပဲဗျ ..."

"အဲဒါကြောင့် ငါ့ကို အူယားဖားယားခေါ်တာပေါ့"

မွေးဇာတိရွာက ကိုဖိုးခင်ကို တစ်ညလုံးစည့်ဝတ်ပြုပြီး နောက်တစ်နေ့မနက် ဘူတာကြီးလိုက်ပို့ပေးပြီး ဆိုင်ပြန်လာတော့။

"နတ္တိ ... ငို့နတ္တိ ... ရှင့်နာမည် မောင်ဘုန်း မဟုတ် ပါဘူး ... နတ္တိ မဟုတ်လား ..."

အပေါ်ထပ်ဝရန်တာကနေ ဆွိတီ လှမ်းမေးနေ၏။ မနက် ကိုးနာရီခွဲနေပြီမို့ သူမ,မိဘနှစ်ပါးစလုံး ရုံးသွားကုန်ကြပုံပေါ်၏။ သို့မို့ကြောင့် အတင့်ရဲပြီး နှုတ်ဆက်နေခြင်းပင်။



"ဆွိတီ ... ဘာကိစ္စရှိလို့လဲ ..."

"မနေ့က သတင်းစာလာပို့မပို့ မေးကြည့်မလို့ လာပို့ ရင် ... အဲ့ဒီခေါင်းလောင်းကြိုးကလစ်မှ ချိတ်ထားတတ် တယ် ... မနေ့က မတွေ့ရလို့ နတ္တိများ သတိထားမိသလား လို့ မေးကြည့်တာ ..."

အကြောင်းမရှိ အကြောင်းရှာလာခြင်းလား။ စံထိပ်ထား က နှင်တံနှင့်တို့လိုက်ပြန်ပြီနှင့်တူသည်။ ဝင်ရောပြီး အမေးအဖြေ ထူတော့မှာသေချာ၏။

"မနေ့က လာပို့မှာပါ ... တစ်ယောက်ယောက်ကများ ဖြုတ်ယူသွားသလားပဲ ..."

"အဲ့ဒါဆို ဂိမ်းလာဆော့တဲ့လူတွေထဲကပဲ ဖြစ်လိမ့် မယ် ... အဲ့ဒါ နတ္တိမှာ တာဝန်ရှိတယ် ..."

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဒီနေ့မနက်ကစပြီး ကျွန်တော် သတိထားစောင့်ကြည့်နေပေးပါ့မယ် ..."

"ဒီလိုမှပေါ့ နတ္တိရဲ့ ..."

ဆွိတီက ပြုံးတုံးတုံးနှင့် အခန်းတံခါးသော့ဖွင့်ပြီး 'ခိုင်ပိတ် ပြီ' ကတ်ပြားကို ပြောင်းပြန်လှန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖွင့်ပြီ ...' ကတ်ပြားပေါ်လာ၏။

စတင်အားပေးဖို့ရောက်ချလာသူက နီတျာရဲ။ ယခင်က အစ်မြေစိသူလစ်မှ ခိုးကြောင်ခိုးဝှက် ရောက်လာတတ်သည့်ငနဲ လေး။ ယခုဖြင့် ဆိုဗီကာ လိုလားစွာ လွှတ်လိုက်ဟန်တူ၏။

"ဦးယေး ... နိုပ်မယ် ... နိုပ်မယ် ..."

"နိုပ်ချင်ရင် ... မာဆတ်သွား ... အဲလေ ... အနိုပ်ခန်း သွား ..."

"ဂိမ်းနိုပ်မယ်လို့ပြောတာဗျ ..."

"ဘာအခွေနိုပ်မှာလဲ ... ဝေါဘလုံးလား ... ဖလား လုမှာလား ... ခွက်လုမှာလား ..."

"ပါဝါရိမ်းဂျားဆော့မှာ ..."

"မနက်ပိုင်းမင်္ဂလာတော့ရှိပါစေနော် ... မင်းအစ်မနဲ့ ရော မှီစေရဲ့လား ... တော်ကြာ ဆိုင်ရှေ့မှာ ဆူဆူပူပူလာ လုပ်နေမှ လာဘ်ပိတ်နေဦးမယ် ..."

"ဂျေပါဒယ် ... မိုင်နာကစ်ပါဂျာ ..."

"နင့်လင်ကြီးတာ မိုင်နာကစ်ရမှာလား ... မိုင်နာကျေစ် လုပ်စမ်းဝါ ... ကဲ ... ဖြွ ... ကြိုက်တဲ့အလုံးရှေ့မှာဝင်ထိုင်၊



ထည့်ပေးမယ် ... ထည့်ပေးမယ် ... ပါဝါရိမ်းဂျားအခွေ"

"ဟော့ ... မောင်လေး နင်တစ်ယောက်တည်း ..."

ဆိုင်ပေါက်ဝမှာ ယောက်ျားဝတ်ရှပ်အင်္ကျီဖားဖားကြီးနှင့် ရောက်ချလာသော ဆိုဗီရယ်လေ။ ဆိုင်ထဲကို ခပ်ရဲရဲဝင်လာပြီး နီတျာရဲဘေးမှ အသာရပ်ကြည့်နေ၏။

"စောသေးလို့လား ... ဆိုင်ထဲမှာ ဒီနေ့ လူရှင်းနေ တယ် ..."

"ဖွင့်ကာစမို့ပါ ... ခဏနေ ကျေးရူးရှင်တွေ တစ်ပြုံ တစ်မကြီး ရောက်ချလာပါလိမ့်မယ် ..."

"နတ္တိဆိုတာ ရှင့်နာမည်အရင်းလား ..."

"ဟုတ်တယ် ..."

"ရှင်က ဘယ်ဇာတိလဲ ..."

မေးလာ၍ ဟုတ်တိုင်းမှန်ရာ ဇာတိချက်ကြွေ၊ မွေးရပ်မြေ ကို ပြောပြလိုက်ရ၏။ ဆိုဗီက ...

"ဒီမှာ ရှင်တစ်ယောက်တည်းနေတာလား ..."

"ဟုတ်တယ် ..."

"ဒါနဲ့ စကားမစပ် ရှင့်မှာဦးနှောက်နဲ့အသုံးကြောနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တဲ့ရောဂါရှိလို့ ပြဖူးသလား … ကျွန်မအသိ တစ်ယောက် ဦးနှောက်ထဲ တစ်ခုခုဝင်နေတယ် … ထင်လို့ဆို ပြီး ပြချင်နေတာ … ပါရဂူကောင်းကောင်းလိုက်ရှာနေတာလေ … အဲ့ဒါ … ”

“အဲ့ဒါဆိုရင် ပုဂ္ဂလိကဆေးရုံကြီးတွေသွား … အဲ့ဒီမှာ ပါရဂူကြီးတွေ ထိုင်ကြတယ် … ကိုယ်ပြချင်တဲ့လိုင်းကိုရွေး ပြလို့ရတယ် … ”

“ဒေါက်တာအောင်လှိုင်ဘွားဆိုတဲ့ ပါရဂူက တော်တော်ကုထုံးကောင်းတယ်လို့ ပြောကြတယ် … သူ ဘယ်ဆေးခန်းမှာထိုင်တာလဲ … ပုဂ္ဂလိကဆေးရုံ အစုံလျှောက်ကြည့်ပြီးပြီ … ဒေါက်တာအောင်လှိုင်ဘွားဆိုတဲ့ ဆိုင်းဘုတ်ကို မတွေ့ရဖူးသေးဘူး … ရှင် ဟိုတစ်ခါပြတာ … အဲ့ဒီပါရဂူနဲ့ဆို … ”

“ကျွန်တော်က ဘာရောဂါဖြစ်လို့လဲ … ”

“ဦးနှောက်နဲ့အာရုံကြောရောဂါလေ … ”

“တစ်ခါမှ မဖြစ်ဖူးဘူး … ”

“ရှင် မညာနဲ့နော် … ”



“နေရင်းထိုင်ရင်း အမှုလာပတ်နေပါလား … ”

“ရှင်းရှင်းမေးမယ်ရှင် … ရှင်နဲ့ဒေါက်တာအောင်လှိုင်ဘွား ဘယ်လိုပတ်သက်သလဲ … တောင်းပန်ပြီး ကျွန်မကို ပြောပြပေးပါလား … ”

ဝေ့လည်ကြောင်ပတ်မေးမြန်းရာက ဒဲ့ဒိုးမေးမြန်းလာချေပြီ။ ထို့ကြောင့် …

“အဲ့ဒီပါရဂူနဲ့ ကျွန်တော်က ဆရာတပည့်လိုခင်တာပါ … သူက ပုဂ္ဂလိကဆေးရုံနဲ့ ဆေးခန်းကြီးတွေမှာ မထိုင်ဘူး … သူ့အိမ်မှာ စမ်းသပ်ကုသပေးတာများတယ် … ကျွန်တော့်အသိမိတ်ဆွေလူနာတွေ အဲ့ဒီဆရာဆီ မကြာခဏ ပို့ပေးတယ် … ပျောက်ကင်းအောင်ကုသပေးတဲ့ ဆရာနဲ့ ကျွန်တော် ရင်းနှီးသွားတာ တစ်နှစ်လောက်ရှိပြီဆိုပါတော့”

“ဟုတ်လား … အဲ့ဒီဆရာ … အဲ့ဒီဆရာ ဘယ်မှာနေတာလဲဟင် … ”

“လွန်ခဲ့တဲ့တစ်ပတ်လောက်က အသိလူနာတစ်ယောက်က လိုက်ပို့ခိုင်းလို့ သွားပြတော့ … အဲ့ဒီဆရာ အိမ်ပြောင်းသွားပြီတဲ့ … အရင်က ရွှေတောင်ကြားထဲမှာနေတာ …

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းကြည့်တော့ အင်းလျားထဲလိုလို ... ဗိုးစိန်လမ်းထဲလို လို ... လသာမြို့နယ်ထဲလိုလို ... သုဝဏ္ဏအိမ်ရာထဲလိုလို၊ ပြောင်းသွားတယ်ဆိုတာလောက်ပဲ သတင်းရတော့တယ် ... ဘာလဲ ... ဆွိတို့မှာ အဲ့ဒီရောဂါရှိနေလို့ အဲ့ဒီပါရဂူနဲ့ပြကြည့် မလို့လား ... ”

“မဟင်း ... မပြောလိုက်ချင်ဘူး ... နောက်ပိုင်း ... ရှုံးသွားတော့တာပဲ ... ဒါနဲ့ ... အဲ့ဒီဆရာပုံစံက ဘယ်လို ပုံစံလဲဟင် ... ”

“အဲ့ဒီဆရာရဲ့ရုပ်ရည်ကို မေးတာလား ... ”

“အင်းပေါ့ ... ”

“ဂျိမ်း(စ်)ဘွန်းမင်းသားသစ်နဲ့ ဆယ်ဆင့်ဆင်တူတယ် ... ပီတာဘာရော့နန်ဆိုလား ... ဘာဆိုလား ... အဲ့ဒီမင်းသား လေဗျာ ... ”

“အဲ့ဒီဆရာက တော်တော်ချမ်းသာလား ... ”

“ချမ်းသာပါတယ် ... ကမ္ဘာကျော်သူဌေးကြီးတွေ အဆင့်လောက်တော့ ဘယ်မီပါ့မလဲဗျာ ... ”

“အတွန့်ကလည်းတက်ပြန်ပြီ ... အဲ့ဒီဆရာက ဆေးကု



တာ တကယ်တော်လားဟင် ... ”

“ဓိဝကပြီးရင် သူပဲလို့ ပြောရမလောက်ပဲ ... ”

“အဲ့ဒီဆရာရဲ့ မျိုးရိုးက အဆင့်အတန်းမြင့်မြင့်ထဲကပဲ လား ... ”

“မြင့်တယ် ... ပြင်ဦးလွင်တို့ တောင်ကြီးတို့ မြစ်ကြီး နားတို့ ... ခါကာဘိုရာဇီတို့လို တောင်ရှန်း မြေမြင့်မြို့ တွေမှာ နေထိုင်ကြတဲ့သူတွေချည်းပဲ ... တချို့ဆို မိုးမျှော် တာဝါကြီးတွေပေါ်မှာနေကြတာ ... ဒါတောင် သူတို့ထဲက အဆင်းရဲဆုံးဆိုတဲ့လူတောင် ထန်းပင်ပေါ်မှာ အိမ်ဆောက် နေကြပုံရတယ် ... အဲ့ဒီလောက်ကို အဆင့်မြင့်မြင့်နေကြ တဲ့လူသားတွေပေါ့ ... ”

ခပ်ရွဲ့ရွဲ့ ပြောလိုက်သော သူ့စကားကြောင့် ဆွိတို မျက် မှောင်နှင့်လှမ်းထောက်ကြည့်ပြီး နှုတ်ခမ်းကိုတင်းတင်းစေ့ထား၏။ သူက ပါဝါရိမ်းဂျား CDကို ဂိမ်းစက်ထဲထည့်ပေးရင်းမှ ...

“နိုဘျာရဲ ... မင်းအစ်မကြီးက ဘာအခွေဆော့မှာ လဲ ... ဒီမှာ အင်တာဗျူးတဲ့အခွေတော့ မရှိဘူး ... ဝါသနာ ပါရင် ကာရာအိုကေဆိုချင်ဆိုနိုင်တယ် ... ဟိုသီချင်းနှစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုမလား … တစ်ပုဒ်က အရှင်ရှက္ခစိုးနတ်မင်းကြီးရယ် … ကျွန်တော့်သားလေးမသိလို့ အရှင့်ရဲ့သစ်ပင်အရင်းမှာ မစင်စွန့်မိပါတယ် … အမိုက်အမဲလေးမို့ ဖွေမယူပါနဲ့ ဆိုတဲ့ … သီချင်းရယ် … ဆရာမ သမီးဗိုက်ထဲက အောင့်အောင့်နေတယ် … သမီး မတည့်တာတွေစားမိပြီနဲ့တူတယ် … ဘာစားသလဲ … ဗီးကြမ်းနဲ့ကြက်ဥ … ကြက်နီနဲ့ကြောင်နှတ်ခမ်းမွေးကြော် စားမိပါတယ် ဆရာမ …”

ပညာပေးဇာတ်လမ်းပိုင်းကလေးတွေကို ဟာသဖောက်၍ နောက်လိုက်ခြင်းဖြစ်၏။ ဆွိုတီက …

“မဆေဒ့ဘဲနဲ့ ဒီအတိုင်းကြည့်လို့ကော မရဘူးလား”

“မရဘူး … ထိုင်ကြည့်မှရတယ် …”

“နတ္ထိဆိုတာ ဘာမှမရှိခြင်းသဘောပဲ … ရှင့်မှာတော့ ဟာသမြက်လုံးတွေ ရှိနေသေးတယ်နော် …”

“ဒီငယ်နာမည်ကိုဘယ်ကတယ်လို့ သိသွားတာလဲ”

“မနေ့ညက ရှင့်ဆီကို ရှင်တို့ဇာတ်ရှာက ကိုအာမြလာလည်တယ် မဟုတ်လား … တစ်ညလုံး စကားတွေပြောလိုက်တာ အပေါ်ထပ်ထိအောင် အသံတွေလှိုင်လှိုင်ညံနေ



တာပဲ … အဲ့ဒီမှာတင် ရှင့်နာမည် နတ္ထိဆိုတာ ကြားသိလိုက်ရတာပေါ့ …”

“ဒီလိုကိုး … လာလည်တာ ကိုအာမြ မဟုတ်ပါဘူး ကိုစိုးခင်ပါ … အေးပေါ့ … စကားပြောအာကျယ်တော့လည်း အာမြလို့ နာမည်ပြောင်ပေးတာလည်း မမှားပါဘူးလေ … ဒါနဲ့ ဒီနေ့ ကျောင်းမသွားဘူးလား …”

“ကျောင်းပိတ်တယ် … ရှင့်ဆရာဖို့နိုင်းတဲ့ပစ္စည်းတွေ ကျွန်မသူငယ်ချင်း စံထိပ်ထားကိုပေးပြီးတော့ … ရှင်ဘာလို့ အတွေ့မခံရတာလဲ … ရှင့်ဆရာကသိပ်လှို့ဝှက်တဲ့လူကြီး … ရှင့်ဆရာအကြောင်း ရှင်ဘယ်လောက်သိသေးသလဲ … သိရင် ကျွန်မကို ပြောပြပါလား …”

“ခင်ဗျား သိချင်တာလား … စံထိပ်ထားက သိချင်တာလား …”

“အဲ့ဒါ ရှင်နဲ့မဆိုင်ပါဘူး …”

“မဆိုင်ရင် ဘာပြောနေစရာလိုတော့မလဲ …”

“ရှင်ဟာလေ … လက်ပေါက်ကိုကပ်တယ် … ကျွန်မ သိချင်တာ …”

www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းခံရှိလို့လဲ ... ဘလိုင်းကြီးတော့ ဘယ်သူမှ လေကုန်ခံပြီးမေးမှာ မဟုတ်ဘူး ..."

"ဘာလဲ ... ပြောခရမှ ပြောပြချင်တဲ့သဘောပေါ့"

"ဈေးခေါ်ဖူးလို့လား ... ဇေလည်ကြောင်ပတ်ဖြစ်နေတာက ဆွိတ်ီပါ ... စံထိပ်ထားက သိချင်လို့ ... ဆွိတ်ီက စုံစမ်းပေးနေတာပါလို့ ပြောင်ဖွင့်ပြောပြလိုက်ရင် ပြီးရော"

"ရှင်မဆိုးဘူး ... အဲ့ဒီလောက်အထိ ဆက်စပ်တွေးတောတတ်သားပဲ ... တကယ်ကိုမဆိုးဘူး ..."

"ဆိုးရင် တောင်ကျသွားမှာပေါ့ဗျ ... စံထိပ်ထားက သိချင်တာဆိုရင်တော့ စံထိပ်ထားကိုယ်တိုင် လာမေးမှ ကျွန်တော် ပြောသင့်ရင်ပြောမယ် ..."

"အဲ့ဒါကြောင့်မို့ အဲ့ဒီလိုအကျပ်ကိုင်ချင်လို့ ... ရှင်က အကြောင်းရင်းခံကို သိနေရဲ့သားနဲ့ တမင်ဖွင့်မပြောဘဲ ... နေစိမ့်နေနိုင်တာကိုး ..."

"စံထိပ်ထားအတွက် ဆွိတ်ီ အကျိုးဆောင်ပေးနေသလို ကျွန်တော့်ဆရာသမားအတွက်လည်း ကျွန်တော် ကာကွယ်လျှို့ဝှက်ပေးနေရတဲ့အပေါ်မှာ ကိုယ်ချင်းစာပြီး နားလည်



ပေးပေါ့ ဆွိတ်ီရာ ..."

"ရှင်က ဒီလောက်ပြောနိုင်ဖို့အထိတောင် တွေးတောပြင်ဆင်ထားပြီးခဲ့ပြီကိုး ..."

"ကျွန်တော်နဲ့ ဆွိတ်ီက ကြားခံနယ်ရုပ်ကလေးနှစ်ရုပ်ပါ ... ဘုရင်ကို တစ်ဘက်ကဘုရင်မက လိုက်ဖမ်းနေတဲ့နေရာမှ ဆွိတ်ီက အကွက်ကူပိတ်ပေးနေတော ... ကျွန်တော်က ပြေးလမ်းကူဖောက် ထောက်ရှိန်ကာကွယ်ပေးနေတာ။ စစ်တုရင်ကစားကွက်နဲ့ နှိုင်းယှဉ်ပြီးပြောပြနေတဲ့အပေါ်မှာ ဆွိတ်ီနားမည်နိုင်ရဲ့လား ..."

ဆွိတ်ီ့မျက်နှာလေး တည်ကြည်ငြိမ်အေးစက်သွား၏။ ပြီးမှ မျက်လုံးလေးအသာလှန်ကြည့်ရင်း ...

"ရှင်လည်း မစော့လှသားပါလားနော် ..."

"ဒေါက်တာနဲ့ပတ်သက်ရင် ကျွန်တော့်ဘက်က နှုတ်ပိတ်နေရတာ ... ဆွိတ်ီ့ကို အရှုံးအားနာပါတယ် ..."

"အဲ့ဒီ အားနာမှုရလဒ်ကြောင့် ထိပ်ထားက ကျွန်မကို အညံ့သရဖူဆောင်းပေးတော့မယ် ... လက်လျှော့လိုက်ပြီ... ဒီအရေးမှာ ကျွန်မ ဘာမှအစွမ်းတော ရှင်ခံရေးပို့သာ ...

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်ပိုးမထိဖို့ချင်တယ် ... ရှင် ဘာငြင်းမလဲ ..."

"မငြင်းပါဘူး ..."

"မငြင်းရင်သွားမယ် ... မောင်လေး ... တော်လောက်ပြီ ... ကျသင့်ငွေကိုရှင်းပြီး အခန်းပေါ်ပြန်တက်ခဲ့ ... မမ အရေးကြီးတဲ့ဖုန်းဆက်စရာရှိသေးတယ် ... မြန်မြန်ပြန်လာခဲ့နော် ... မမ တက်နှင့်မယ် ... ဪ ... နတ္ထိ ... နတ် မဆက်ချင်လို့ မဆက်တော့ဘူး ... ဒါပဲ ..."

ဆွီတီက မဲ့ခနဲရွဲ့ကာ လှည့်ထွက်သွား၏။ ဖြစ်ချင်တော့ ဆိုင်မှာဂိမ်းလာလာနှိပ်နေသည့် မူတူးတို့အဖွဲ့နှင့် အပေါက်ဝမှာ သွားဆုံ၏။ မူတူးတို့ကသုံးယောက်၊ အပေါက်ပြည့်ကျပ်အောင်ဝင်လာ၍ ဆွီတီနှင့် တိုက်မိမလိုဖြစ်သွားလိုက်၊ ထုပ်စည်းတိုးသလို သူရှောင်သည့်ဘက် ကိုယ်ရှောင်၊ ကိုယ်ရှောင်သည့်ဘက် သူရှောင်နှင့် ဗျာများကုန်ရတော့၏။

နီတျာရဲက ဂိမ်းဖိုးငွေပေးသည်ကို သူ လက်မခံ၊ ဆွီတီတို့ မောင်နှမ တိုက်ပေါ်ကို ချစ်တောက်ချစ်တောက် ပြောဆိုပြီး ပြန်ရောက်သွားမှ ရှင်အေးရတော့၏။ ဂိမ်းနှိပ်နေကြဖောက်သည်ကြီး မူတူးက ...



"ကိုသုန်းတို့ကတော့ မရှိတော့ဘူးနော် ... ကြည့်လုပ် ..."

မူတူးနှင့်တွဲလာသော အချော်ဒဂေါက်ကြီးက မူတူးကို ပြောသလိုလိုနှင့် ...

"ဟယ် ... အဲဒါ ပြောစရာလား ... ဓမ္မာ ရှက်သွားပြီ ... ရှက်တဲ့သူကို ... တို့ကကျေးဦးမှာ ... မုန့်ဖက်ထုပ်"

"မင်းတို့ကောင်တွေကလည်း မိုးလင်းလာတာနဲ့ ဒါမျိုးပဲ ပြောင်မျက်နေဖို့တတ်တယ် ... အစောကဟာလေးနဲ့ ငါက ဘာမှမဆိုင်ဘူး ... သူမိဘတွေသိသွားရင် တစ်မျိုးထင်ပြီး ဒီတိုက်ခန်းမှာ ငါ့ကို မနေနိုင်အောင်နှင်နေမှ ဒုက္ခရောက်နေရဦးမယ် ... မစ, ကြော့ ... ကဲ ... နိုင်ငံရေးလား ... ကလပ်အသင်းလား ... ချန်ပီယံလိဂ်လား ... ဘာနှိပ်မှာလဲ ..."

"မေ့ကြောနှိပ်ချင်တယ် ..."

ကပ်လိုက်ပြီးလှောင်ကြပြန်၏။ ဥပေက္ခာပြုလိုက်ရတော့ ၏။ ဆယ့်တစ်နာရီဆိုလျှင် စံထိပ်ထားတဲ့ ဖုန်းအမြဲခေါ်တတ်သော အချိန်။ ဘတ်(စ်)ကားလေးမှတ်တိုင်ဝေးသော အခြားမြို့နယ်ထဲမှ

www.burmeseclassic.com



ဖုန်းသွားပြောရပေဦးမည်။ အနီးအနားက ဖုန်းသာ လွယ်လွယ် ဆက်လိုက်ဖို့ အတွေးပေါက်၏။

စိတ်နောက်ကိုယ်ပါလည်းမဟုတ်။ ကိုယ်နောက်စိတ်ပါလည်းမဖြစ်ပြန်။ ပေးထားမိသော ကတိနောက်ထံ ကိုယ်ရော စိတ်ပါ မြှုပ်နှံရမည့်အချိန်ပိုင်းအလုပ် ဖြစ်နေမှတော့ ... ။

စံထိပ်ထားရယ် ... ရှုပ်ချင်သလောက် ကြိုးတွေကို ထုတ်ချင်သလောက်သာ ထုတ်လိုက်တော့။

❤❤❤❤❤



"ဒီနေ့တော့ ကျွန်မကို ရှင် ဘယ်နေရာကနေ လှမ်းကြည့်နေသလဲ ... အခု ... ကျွန်မအိမ်က ဝရန်တာနားမှာ ကျွန်မ ရပ်နေတယ် ... ရှင် မြတ်နိုးလှပါတယ်ဆိုတဲ့ ဆံပင်တွေကို ချော့ပြီး ဖြန့်လှန်းဖီးသင်နေရင်းနဲ့ ဟမ်းဖုန်းပြောနေတာလေ ... ရှင် မြင်ရဲ့လား ..."

ခုကျနေလေပြီ။ ကျော်ဇင်မင်းထွန်း မမှာကြားထားသော အခြေအနေတွေကို ပြောဆိုရသောအခါ သူ့မှာအခက်တွေ့ရပြန်တော့၏။ ယခင်က ကျော်ဇင်တစ်ယောက် စံထိပ်ထားတို့အိမ်အနီးအပါး မမြင်ကွယ်ရာမှ စံထိပ်ထားကို မှန်ဘီလူးနှင့်ချောင်းပြီး နီးရာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က ဖုန်းဆက်ပြောဖြစ်ခဲ့လေသလားမသိ။ သူက ဘတ်(စ်)မှတ်တိုင် နှစ်ဆယ်မက ကွာဝေးသောနေရာမှ လှမ်းပြောနေရသူ။ အမှန်ဆိုလျှင် ထိပ်ထေး ဖုန်းမှာပေါ်လွင်နေသော (သူ ပြောနေသည့် ဖုန်းနံပါတ်)ကိုကြည့်၍ ဘယ်မြို့နယ်က ဆက်တယ်ဆိုတာလောက်ကို သဘောပေါက်သင့်ပါ၏။ ယခုဖြင့် ထိပ်ထားခမျာလည်း သံယောဇဉ်မွှန်ပြီး စောင့်နေရသော ဖုန်းဆက်ချိန်အရောက်မှာ ဖုန်းမြည်လာ၍ သွန်ပြီးပြောနေရသဖြင့် သတိမေ့လျော့သွားဟန်တူ၏။

"ကိုယ် ------မြို့နယ်က ဆက်နေတာပါ ..."

"... ...."

"ဪ ...ဟုတ်သားပဲ ... ဒီနေ့ ကျွန်မအိမ်ပတ်ဝန်းကျင်မှာ ရှင် ရှိမနေနိုင်ဘူးကို ... ဆယ့်နှစ်နာရီလောက်ကျရင် သူငယ်ချင်းတွေနဲ့ ပစ်ကနစ်ထွက်မလို့ ... ဒီနေ့ကျောင်းနားရက်လေ ... ကန်တော်ကြီးဘက်ဖြစ်မလား ... မြေပဒေသာကျွန်းဘက်ဖြစ်မလားဘဲ ... ယောကျ်ားလေးသူငယ်ချင်းသုံးယောက်လည်းပါတယ် ... ရှင် သဝန်တိုသွားပြီ မဟုတ်လား ... ဘာမှစိတ်မပူပါနဲ့ ... သူတို့ ကျွန်မကိုလက်ဖျားလေးနဲ့ထိပြီးတော့တောင် အခွင့်အရေးမယူရဲကြ



ပါဘူး ... ဒါနဲ့ ရှင်ရော ပစ်ကနစ်တွေ ဘာတွေ ထွက်တတ်တဲ့အကျင့်ရှိလား ..."

"မြည်ပမှာ ပညာတော်သင်ဘဝတုန်းက ရှိခဲ့ဖူးတယ်၊ မကြာခဏပေါ့ ... ဒီရောက်မှ အလုပ်များနေတာနဲ့ မထွက်ဖြစ်သလောက်ပါပဲ ..."

ကျော်ဇင်မင်းထွန်းနှင့် ယခင်ကပြောဆိုဖြစ်ဖူးကြသည့်အကြောင်း၊ ပြောပြထားသည့်အကြောင်းရာမို့ အလိုက်အထိုက်ပြန်ပြောလိုက်နိုင်၏။

"ရှင့်ကိုတစ်ခုပြောရဦးမယ် ... ရှင့်ရဲ့လူနာမိတ်ဆွေဆိုတဲ့ မောင်ဘုန်းဆိုတာလေ ... အဲ့ဒီလူနာမည်က နတ္ထိတဲ့၊ အဲ့ဒါရှင်သိလား ... မယုံရင်မေးကြည့်ပါလား ... အဲ့ဒီလူအကြောင်းကို ကျွန်မ သိသင့်သလောက် သိနေရပြီ ... အဲ့ဒီလူတို့ ဆွဲဆောင်သိမ်းသွင်းတတ်ရင် ရှင့်အကြောင်းလည်း မကြာခင်ပေါ်လာတော့မယ်ဆိုတာ ရှင်နားလည်မှာပါ ... ရှင် ... နတ္ထိနဲ့တွေ့ပြီးပြီလား ..."

"အလုပ်တွေများနေလို့ မတွေ့ဖြစ်သေးဘူး ... ထိပ်ထားကလေးက ကိုယ့်ထက်ပိုသိနေပါလား ... သိချင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြိုးစားပြီး စုံစမ်းကြည့်ပေါ့ ... အဲဒီ နတ္တိက ကိုယ့်အကြောင်းကို မပြောပါဘူးဆိုတာ ကတိခံထားတယ် ... သိပ်ကတိတည်တဲ့ကောင် ... ဒီကောင်က ဘယ်လိုဆွဲဆောင် သိမ်းသွင်းလှည့်စားမှုမျိုးကိုမှ တုန်လှုပ်ပြီး လက်မြှောက် အရှုံးပေး လိုက်လျောသွားမဲ့ကောင်စားမျိုး မဟုတ်ဘူး... အဲဒါ အမြဲသတိရနေဝါ ... ”

“ရှင့်လူကို ရှင်သိပ်ပိုင်နေပြီထင်တယ်ပေါ့ ... ”

“ပိုင်တာပေါ့ ... အရမ်းပိုင်ပါတယ် ... ”

သူ့စကားကြောင့် စံထိပ်ထား လှောင်သံလေးနှင့်ရယ်၏။

“ကြည့်ကြရသေးတာပေါ့နော် ... ”

“စိတ်ကြိုက်ကြည့်လိုက်စမ်းပါ ထိပ်ထားရယ် ... ”

“ရှင့်လူက ဆက်ဆံရခက်တဲ့ ... ခေါင်းမာမာ သတ္တဝါတစ်မျိုးပဲနော် ... ရှင် လူရွေးတော်သားပဲ ... ”

“နတ္တိကိုလျှော့မတွက်နဲ့ ... သူက ဘဝင်မြင့်မာနတက်၊ မာနတလူလူနဲ့ မိန်းမမျိုးဆိုသိပ်မုန်းတဲ့ကောင် ... တတ်နိုင်သမျှ ဝေးဝေးရှောင်နေတတ်တယ် ... မရှောင်နိုင်လို့ တည့်တည့်တိုးရင်လည်း ... မုန်တိုင်းလို တိုက်ခတ်ပစ်



လိုက်တတ်တယ် ... ”

စံထိပ်ထားရဲ့မထီမဲ့မြင်ရယ်သံ။ တုံ့ပြန်ဆက်ပြောင်လျှင် သူကိုယ်သူဖော်မိသလိုဖြစ်သွားမှာစိုး၍ အသာနှုတ်လျှိုနေလိုက်ရ ပြန်၏။ စံထိပ်ထားက ...

“ကျွန်မအတွက်တော့ ... အဲဒီနတ္တိလိုလူမျိုးကို စကားထဲထည့်ပြောနေဖို့တောင် မလိုအပ်ဘူး ... လှိုင်မှတ်ပုန်းရှောင်ကောင်းတဲ့ ရှင့်ကြောင့်သာ မလွှဲသာဘဲ ပတ်သက်နေမိရတာ ... ”

သူ့အာရုံပြောင်းမှဖြစ်မည်။ သူသာ ဒေါက်တာအောင်လှိုင် ဘွားအစစ်အမှန်ဖြစ်ပါက ဆေးပညာ၊ ဆေးလောက၊ ဆေးဘက်ဆိုင်ရာ တီထွင်ဆန်းသစ်တွေ့ရှိချက် ရောဂါအသစ်အဆန်းနှင့် နောက်ဆုံးပေါ် ဆေးစွမ်းကောင်းတွေအထိ စိတ်ဝင်တစားပြောဆိုဆွေးနွေးနေဖြစ်ကြမှာ အမှန်ဖြစ်သည်။

အယောင်ဆောင်သမားသက်သက်မို့ အနောက်တိုင်းဆေးတက္ကသိုလ် အတွေ့အကြုံများကို မေးမြန်းလာမှာကိုပင် အထူးတလည် စိုးရိမ်နေမိ၏။ ကျော်ဇင်မင်းထွန်းက ဆေးတက္ကသိုလ်တွေ အကြောင်းပြောဆိုပြီးစီးခဲ့ကြပြီဆိုသော်လည်း အချိန်မရွေးသိမ်

www.burmeseclassic.com

www.burmeseclassic.com



မေးလာနိုင်သေးတာကို ဆင်ခြေတက်မိ၏။ ကျော်ဇင်မင်းထွန်းက
ရှမ်းကြီးရွှမ်းပြီး တာသနဲ့ဖမ်းထိန်းဖို့သာ နည်းပညာပေးသွား၏။

ဘုန်းမာန်ခဆိုသော နတ္တိဆိုသော သူ့ကိုကြောင်မျက်ရှု
ပညာစမ်းဖို့ထက် လူမှုရေး၊ အနာဂတ် အမြော်အမြင်၊ စိတ်ကူ
စိတ်သန်းနှင့် ရှေ့ဆက်လမ်းများကိုသာ အမိကထားဆွေးနွေးသွား
၏။

ဖုန်းပြောချိန် အနည်းဆုံးမှာ တစ်နာရီဖြစ်ပြီး အကြာဆုံး
မှာ သုံးနာရီ၊ တစ်ခါတလေ တစ်ညလုံး ရှိတတ်သည်ဟု သိထားရ
၏။ ဘုန်းမာန်ခနှင့် ဖုန်းပြောဖြစ်သည်မှာ ဘာမျှမကြာသေးသော်
လည်း တစ်နာရီတာမျှ ပြောခွင့်ရခြင်းမှာ စကားလုံးများ၏ ခွန်အား
စွမ်းပကားကို စိမ့်ဝင်ခံစား လာစေရ၏။

တစ်ညလုံးဖြင့် မပြောဖူးသေး။ ကိုယ့်ရည်းစားလည်း
မဟုတ်။ အယောင်ဆောင်ပြီး ချစ်သံနှောသံလေးတွေထည့်ပြော
ခြင်းကို အစပိုင်း၌ လျှာခလုတ်တိုက်ချင်၏။ နောက်ပိုင်းမှာ ထ
အကျင့်လို စွဲစွဲမြဲမြဲ ပြောချင်ဆိုချင်လာမိပြန်သည်။

သို့ဖြင့် တစ်ရက် တစ်ရက်မှ တစ်လနီးပါးပြည့်ရန် အချိ
သို့ ဆိုက်ရောက်လာသောအခါ ဘုန်းမာန်ခကိုယ်တိုင် ဖုန်းပြော



ခြင်း အရသာကို တပ်မက်မှု အာသီသပြင်းပြလာမိရလေတော့
သည်။

ဘုန်းမာန်ခ အပြောမကောင်းသော်လည်း ကျော်ဇင်
အပြောကောင်းခဲ့သမှုကြောင့် ပညာရည်ပြည့်ဝပြီး ပြန်လည်အပြော
ကောင်းလာလေရောသလား မသိ။ စိတ်ထိပ်ထား အပြောကောင်းမှု၊
ခပ်ညူညူသံစဉ်တွေထဲမှာ ဘုန်းမာန်ခ မျော၍ဆိမ့်၍ ပတ်လက်
ယက်ကန် စီးမျောခံဖြစ်သွားရလေသည်။

စံထိပ်ထားဆိုသည့် သူမမှာ အခြားတစ်ပါးသော
ယောက်ျားများအပေါ်တွင်သာ မောက်မာခက်ထန်သလောက် သူမ
သံယောဇဉ် အမြစ်တွယ်သည့် သူမ၏ ရည်ရွယ်စံမီသူ၊ သူမသဘောကျ
နှစ်မြို့က်ပြီး စိတ်ကူးယဉ်၍ ကောင်းလွန်းသူကြီး ဒေါက်တာအောင်
လှိုင်ဘွားနှင့်ဆိုလျှင်ဖြင့် မာန်မာနနှင့် မောက်မာမှုမရှိ၊ ကလေးလို
တီတီတာတာ၊ အပျိုစင်လို နွဲ့ဆိုး၊ ဆယ်ကျော်သက်လို မာယာသံချို
နှော်တတ်သည်မှာ အခြားသော မိန်းမသားများနှင့် အတူတူသာ။

"ညက ... အိပ်မက် မက်တယ် သိလား ..."

"အခုပြောမှသိရတယ် ... ဘာအိပ်မက် မက်လို့လဲ..."

"ရှင်က ... အိပ်မက်ထဲမှာ စိန်နဲ့ကျောက်မြတ်ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားယံစီခြယ်ထားတဲ့ လက်ထပ်လက်ဆွစ်ပေးတယ် ... ကျွန်မက ရှင့်ကို ကမ္ဗဏ်ကျော် ဂျက်ကော့နာရီတစ်လုံးကို ချစ်သက်လက်ဆောင်အဖြစ် ပြန်ပေးလိုက်တယ် ... ပြီးတော့ ... ကျွန်မတို့နှစ်ယောက် ကမ္ဘာတစ်ပတ် ဟန်းနီးမွန်းထွက်ကြတာ ... အရမ်းပျော်စရာကောင်းတာပဲ ... ”

“အပြင်မှာ တကယ်ဖြစ်လာတော့မှာပါ ... ”

“အပြောနဲ့ ... နှစ်သိမ့်မနေပါနဲ့နော် ... ”

“တကယ်ဖြစ်မှာမို့ ... အဟုတ်ပြောနေတာပါ”

“ဟုတ်လိမ့်မယ် ... အားကြီးကြီး ... ”

“မသရော်ပါနဲ့ ... ”

“ဒီလိုပဲ ပြောတတ်လို့ပါနော် ”

“ဩော် ... ”

“ဘာဩော်လဲ ... ရှင်နော် ... ”

“ဘာပြောမိလို့လဲ ... ”

“ဩော်ဆိုတာကြီးက ဘာလဲ ... ”

“ဒီလိုပဲပြောတတ်လို့ပါ ... ”

“သူများပြောတဲ့အတိုင်းလိုက် မပြောနဲ့လေ”



“ဒီလိုပဲ ပြောတတ်လို့ပါဆိုမှ”

“ကျွန်မ စိတ်တိုအောင်ဆွနေတာလား ... ကိုအောင်နော် ... ကျွန်မက သိပ်စိတ်ကြီးတာ ... အဲ့ဒီတစ်ချက်ကို အစကတည်းက ကြိုတင်စဉ်းစားထား ... ကျွန်မစိတ်ကြီးရင် ရှင်ဘယ်လောက်တောင် ချော့နိုင်မှာလဲ ... ကျွန်မက ကျွန်မကို မြတ်နိုးသည်းခံနိုင်တဲ့ ယောက်ျားမျိုးကို ပိုလိုချင်တဲ့သူ ... ပေးတာနည်းပြီး အယူများချင်တဲ့သူ ... အဲ့ဒီနေရာမျိုးမှာတော့ အတ္တကြီးတတ်တာ ကျွန်မအကျင့်နော် ... ”

“ထိပ်ထားကလေးနဲ့ ပတ်သက်ရင် ကြိုတင်စွေးတောမိပြီးသား ... ထိပ်ထားကလေးမှာ ကြိုက်တဲ့အကျင့်တွေ ရှိချင်သလိုရှိနေပါစေ ... ချစ်ခြင်း အသစ်နဲ့ ခွင့်လွှတ်နေမယ် ... ”ဟို

“အဲ့ဒီ အပြောတွေနဲ့ မအာပါနဲ့နော် ... ဘယ်လိုဖြစ်ပြီး ကိုအောင်က ... ကျွန်မကို ထိပ်ထားကလေးလို့ ပြောင်းခေါ်လာရပြန်တာလဲ ... အရင်က ထိပ်ထားလို့ပဲ ခေါ်နေကြတာကိုများ ... ”

“ထိပ်ထားက ကိုယ့်ထက်စာရင် အသက်နှာဘယ်နီး

www.burmeseclassic.com

www.burmeseclassic.com



ပါးလောက် ငယ်တော့ ... ကလေးအရွယ်လို့ သတ်မှတ်တင်စားခေါ်ခေါ်တဲ့အနေနဲ့ ... ကလေးထိပ်ထား ထိပ်ထားကလေးလို့ ကိုယ်ကသာ ထွင်ခေါ်ကြည့်မိတာပါကွာ ... ဘာလဲ ထိပ်ထားက အဲ့ဒီလို ခေါ်တာမကြိုက်ဘူးလား ... ကိုယ်ပြင်ဆင်ခေါ်ပေးရမလား ...”

“အဲ့ဒါတွေက အရေးမကြီးပါဘူး ... ခေါ်ချင်သလိုခေါ်ပါ ... အရေးကြီးတာက ... ကျွန်မ အိမ်ကာသဘောတူတဲ့ လူတစ်ယောက်နဲ့ တစ်ခါတလေ ကျောင်းမှာ ... တစ်ခါတလေ လမ်းမှာ ... တွဲသွားတွဲလာလုပ်ဖြစ်ကြတာမျိုး ရှိချင်ရှိလိမ့်မယ် ... ကျွန်မစိတ်ထဲက ဘာမှမပါဘူး ... ရှင်ကလွဲရင် ... အားလုံး ... ကျောက်တုံးကျောက်ခဲချည်းပဲလို့ယောက်ျားတွေကို သဘောထားတယ် ... ရှင့်အနေနဲ့ကျွန်မ မမြင်ကွယ်ရာကနေ ကျွန်မကိုလိုက်ချောင်းရင် အဲ့ဒီလို စုံတွဲခုတ်တာကို အထင်မှားချင်မှားနိုင်တယ် ... အမှန်ဆို ရှင်သဝန်တိုအောင်တောင် ကျွန်မက ခပ်တည်တည်နဲ့တမင်အရွဲ့တိုက်ပြီး တွဲပြရဦးမှာ ... အဲ့ဒါမှ ရှင်သဝန်တိုပြီးလျှို့ဝှက်ပုန်းကွယ်နေရာကနေ မနေ့လိုစိတ်နဲ့ ကျွန်မအနား



ကို အမြန်ရောက်လာချင်ရောက်လာမှာပေါ့ ... အခုတော့ရှင်နဲ့ကျွန်မရဲ့ ကြားက သံယောဇဉ်ကြောင့် ရှင်အထင်လွဲပြီးငုပ်လျှိုးပျောက်ကွယ်သွားမှာကို ကျွန်မမှာ ဘယ်လိုမှမလိုလားနိုင်အောင် ဖြစ်နေရတယ် ... အဲ့ဒါကြောင့် ... အထင်လွဲ မခံနိုင်တာနဲ့ကို ရှင်းပြနေရတာ ... မိန်းကလေးတစ်ယောက်အနေနဲ့ ... အဲ့ဒီလောက် ဖြစ်နေရတာ ဘယ်လောက် အောက်သွားသလဲ ... ရှင်နဲ့ပတ်သက်ရင် ကျွန်မအလျှော့ပေးနေရတာတွေ အရမ်းကိုများနေပြီ ... ကိုအောင်လှိုင်ဘွား ...”

ဖုန်းပြောနေရင်း စံထိပ်ထား ရင်ထဲသို့သိပ်ထားခဲ့ရသောတင်းမာမှုတွေ ပေါက်ကွဲလာဟန်တူ၏ ကျော်ဇင်မင်းထွန်းရဲ့ စကားဖြစ်သော မိန်းမဆိုတာ အချော့ကြိုက်တဲ့အမျိုး ဆိုတာကို ပြန်တွေးမြင်ယောင်ပြီး ...

“ကိုယ် အနူးအညွတ်တောင်းပန်ပါတယ် ထိပ်ထား ... ရေမြင့်မှကြာမြင့်မယ်ဆိုတဲ့စကားကို ကိုယ်တို့နှစ်ယောက်ရဲ့အနာဂတ်ကို အခမ်းနားဆုံးတည်ဆောက်ချင်လို့ ... အချိန်ယူနေရတဲ့ကာလမှာ ... ကိုယ်လာမတွေ့ဖြစ်နိုင်တာပါ ...

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားအနေနဲ့ အခြေအနေအရ မိဘတွေကြိုတင် သဘောတူသူနဲ့တွဲချင်တွဲပါ ... ကိုယ်အထင်မလွဲပါဘူး ... မှုန့်လင်း ရိုးသားစွာ အသိပေးတဲ့ ထိပ်ထားကို ပိုလေးစားပြီး ... ပိုတန်ဖိုးထားမိရတယ် ... ကိုယ့်ဘဝဟာ ထိပ်ထားပေးတဲ့ အသက်နဲ့ ရှင်နေရတဲ့လူလိုပါပဲ ... အချိန်တိုင်းရဲ့ အရှင်သခင်ဟာ ... ထိပ်ထားပဲ ဖြစ်နေပါတယ် ... ထိပ်ထားရယ် ကိုယ်တို့က စိတ်ကစားတတ်တဲ့အရွယ်တွေမှ မဟုတ်တော့တာ ... မဟာရည်ရွယ်ချက်ကြီးတွေနဲ့ အနာဂတ် အင်ပါယာကြီးကို ထူထောင်ကြမဲ့ ... ချစ်သူတွေဖြစ်ကြရတော့မှာပဲ ... မိုင်နာကလေးတွေ အပေါ်မှာ သည်းခံပြီး ... နားခိုပေးပါလို့ ကိုယ်အနူးအညွတ် လှိုက်လှဲစွာနဲ့ တောင်းပန်ပါတယ်"

စံထိပ်ထားမှ ဟင်းချသံကို ဖုန်းထဲက ပီပီသသကြားလိုက်ရ၏။ ဆက်လက်ပြောဖြစ်ကြသည်က သူမရဲ့ ဆေးတက္ကသိုလ်သင်ခန်းစာတချို့အကြောင်းတွေ ဖြစ်နေ၏။ သူက 'အင်း' ချပြီးမှောလိုက်နေရုံမှတစ်ပါး ဝေဖန်ပိုင်းခြားမှုကို ခပ်ရှောင်ရှောင်ပင် နှုတ်ဆိတ်သမှုဖြစ်နေလိုက်၏။ ထိုအပေါ်မှာ ထိပ်ထားသံသယဝင်ချင်



လည်း ဝင်ပါလိမ့်မည်။ အလုပ်ရှုပ်မှု အကြောင်းပြချက်ဖြင့်သာ ထိပ်ထားရဲ့ သံသယကို ဗိုမိုမပွားများအောင် ထိန်းညှိထားလိုက်ရ၏။

ကျော်ဇင်မင်းထွန်းရဲ့ ထိမ်ထားကို

သူ့အနေနှင့် ရှေ့ညီဆွဲဆောင်ထားဖို့ လွယ်ပုံမလားဆိုတာကို သူအသေအချာ မြန်စဉ်းစားရပေတော့မည်။ ဖုန်းပြောမှုပြီးသည်နှင့် ကျော်ဇင့်ရဲ့ အခြေအနေကို သွားကြည့်ဖြစ်၏။ လူကောင်း တစ်ယောက်လို စားသောက်နေထိုင်နိုင်သော်လည်း စိတ်အနေအထား ပုံမှန်ပြန်မဖြစ်သေးဖူသာ ကျော်ဇင်က သူ့ကို အလျှူခံနှင့် အမှတ်မှားနေပြန်၏။

ပေးထားသောကာတိရှိနေ၍သာ ဆက်လက်လုပ်ဆောင်ဖို့ အာသီသကို နှိုးဆွထားနေရ၏။ ကာတိမရှိပါက စံထိပ်ထားကို ဖုန်းမပြောလိုတော့။ သို့ပြား ဖုန်းပြောချိန်ရောက်လျှင် ရိုးတိုးရှုတဖြစ်ချင်သည့် စိတ်။ ထိပ်ထား အသံကို မကြားရလျှင်။ ထိပ်ထားရဲ့ စကားလုံးလေးတွေ နားမဆင်ရလျှင် သူမှာနေမထိ ထိုင်မသာဖြစ်နေမိသည်ထတော့ မလွဲကေန်။ စိတ်ဆိုတာကလည်း ဖွဲလန်းမိလျှင် ဖြစ်ရအခက်သားပင်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စကားကို အကြောင်းပြပြီး စံထိပ်ထားကို ဖုန်းနှင့် ဆက်လက်ဆက်သွယ်ပြောကြားဖို့သာ ခွန်အားရှိသမျှနှင့် ပြင်ဆင်နေလိုက်တော့မည်။

ဒီကောင်ရဲ့ အာရုံကမ္ဘာကို ...

ဝင်လာသိမ်းပိုက်တဲ့ ထိပ်ထား

နောက်ဆုံးထွက်သက်အထိ တုံ့ပြန်တိုက်ခိုက်သွားမဲ့ အောင်မွဲဆိုတာ သေရဲတိုက်ရဲသူတို့ရဲ့ အမြင့်မြတ်ဆုံး ကဗျာပဲဆိုတာ တစ်နေ့ မင်းနားလည်လာစေရမယ် ထိပ်ထား။

❤❤❤❤❤



အောင်လင်းခိုင်က ခေါ်၍သာ သူလိုက်လာရ၏။ ဂိမ်းဆိုင်ကို ပိတ်ထားခဲ့ရသည်။ ဘယ်ကို ဘာကိစ္စသွားမှာလဲဆိုတာ မေးသော်လည်း ပြန်မဖြေ။

မင်္ဂလာဒုံလေဆိပ်ရောက်မှပင် သဘောပေါက်သလိုရှိလာ၏။

"မင်းဦးလေး ... ဒေါက်တာအောင်လှိုင်စွားကို လာကြိုတာ မဟုတ်လား ... အောင်လင်းခိုင်"

"ဟုတ်တယ် ... ဂျါအမေက ဒေသွးတိုးနေလို့ အဖော ရှုံးတက်နေရတာဆို ... ငါပဲ အားတဲ့လူရှိလို့ လာကြိုရတယ်

www.burmeseclassic.com



... ငှိုးလေးနဲ့ အမေက မောင်နှမနှစ်ယောက်တည်း ရှိတာ ငှိုးလေးက ရည်ရွယ်ချက် ကြီးမားတဲ့လူ ... လက်တွေ့ဖြစ် အောင်လဲ ... အကောင်အထည်ဖော်တဲ့လူဆိုတော့ ... အမြင့်ရောက်သွားတာပေါ့ကွာ ... တခြားဆွေမျိုးတွေ လည်း လေဆိပ်ကို ကြိုရောက်နေလောက်ပါပြီ ... မင်းကို ငှိုးလေးနဲ့ မိတ်ဆက်ပေးချင်လို့ တမင်ခေါ်လာတာ ...”

လေဆိပ်ထဲရောက်ပြီး မကြာမီမှာပင် လေယာဉ်ဆိုက် ရောက်လာ၏။ ညှို့ကြိုဆိုသူတွေ လှုပ်ရှားကုန်၏။ စာတန်းကိုင် ဆောင် ကြိုဆိုသူတွေကလည်း မနည်းမနော။

“ဟော ...”

အောင်လင်းနိုင်က ‘ဟော’ ဆိုတာနှင့် အောင်လင်းနိုင်တို့ အမျိုးတွေက စုပြုံတိုးဝှေ့ပြီး နှုတ်ဆက်နေကြသည်နှင့် ဒေါက်တာ အောင်လှိုင်ဘွားကို မမြင်လိုက်ရ။ အားရဝမ်းသာ နှုတ်ဆက်ပြီးကြ အောင်လင်းနိုင်နောက်ကို ဦးအောင်လှိုင်ဘွားလိုက်လာ၏။ အင် ဖြစ်သူ၏ ကျန်းမာရေး အခြေအနေကို စိုးရိမ်တကြီးမေးမြန်းနေ ယောက်ဖဖြစ်သူနှင့် အမျိုးအဆွေတွေ အကြောင်းတွေဆက်တိုက် ပြောဖြစ်နေကြသည်မှာ မရမ်းကုန်း (ရှမ်းခိုင်) လမ်းဆုံရောက်သည်



နိမိတ်ပုံဆောင်စဲတွေကို ငေးကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်လာ ၏။ သူထွက်သွားစဉ်ကနှင့် များစွာခြားနားသွားကြောင်းလည်း ပြော၏။ သတင်းတွေထဲမှာ ကြည့်ရသော်လည်း ဤမျှလောက် မထင်ထား။

“ဒါ ... ကျွန်တော့် သူငယ်ချင်း ဘုန်းမာန်ခတဲ့ ... အန်ကယ်(လ်) လှိုင် ...”

“ဪ ... တွေ့ရတာဝမ်းသာပါတယ် ဘုန်းမာန်ခ”

“ဟုတ်ကဲ့ ... အန်ကယ်(လ်)လိုပါပဲခင်ဗျာ ...”

“ဘုန်းမာန်ခကလည်း ဖိုးအောင်နဲ့ ကျောင်းအတူတူပဲ လား ...”

“ကျွန်တော်က ဆယ်တန်းကျနေခဲ့တာ ပြန်ဖြေဖို့ လုပ်နေပါတယ် ...”

“ဪ ... အောင်အောင်ကြိုးစားပေါ့ ... ဒီခေတ်မှာ ပညာရှိမှ တတ်မှဖြစ်မှာ ... ပညာမရှိရင် ဥစ္စာရှိမှ ဖြစ်မှာကွ ဇွဲမလျှော့နဲ့ ချာတိတ် ...”

“ဟုတ်ကဲ့ခင်ဗျား ...”

ဦးအောင်လှိုင်ဘွားမှာ သက်လတ်ပိုင်းအရွယ် အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ပြီး မိန်းမတွေကျလောက်သော ရုပ်ရည်မျိုး ပိုင်ဆိုင်၏။ ဝတ်စားဆင်ယင်မှုမှာ နိုင်ငံတကာ တန်းဝင်၏။ ပြောဆို ဆက်ဆံပုံမှာလည်း ယဉ်ကျေးသိပ်မွေ့၏။ ပါရဂူကြီး တစ်ယောက် ဖြစ်နေမှာပဲလေ။

လူကြီးလူကောင်း ပုံစံအပြည့်ရှိသော ဦးအောင်လှိုင်ဘွား ရဲ့ ဘဝမှာ မြင်ရသူတိုင်းအားကျကြည်နူးစရာ။

အသက်အရွယ်နှင့် မလိုက်အောင် ချမ်းသာကြွယ်ဝနေ ယခု စီးလာသော မာစီးဒီးကားမှာ အောင်လင်းခိုင်တို့ မိသား ပြည်ပမှ ကြိုတင်ပို့ပေးထားသော ကားဖြစ်နေ၏။ အိမ်ခံပစ္စည်း အကောင်းဆုံးတွေကိုသာ အလေးပေးသုံးစွဲတတ်ဟန် ပေါ်လွင် ၏။

အနောက်တိုင်းမှာ အနေကြာလာ၍ နေထိုင်မှုပုံစံ အနောက်ဟန် အပြည့်။ လူပေါ့လူ့ဘွမ်းတွေ စတိုင်(လ်) မဟုတ် လူကြီးလူကောင်း ပုံစံအပြည့်။

မြန်မာပြည်ရဲ့ ရာသီဥတု အခြေအနေ၊ ဈေးကွက်စီးပွား ရေးစနစ်နှင့် ကျန်းမာရေးနှင့် သက်ဆိုင်ရာတွေကို အောင်လင်း ထံမှ မေးမြန်းစုံစမ်းနေပြန်၏။ သူနှင့် စကားပြတ်သွားပြီမို့ နေ



သလိုသာနေရင်း လိုက်ပါလာ၏။

အောင်လင်းခိုင်တို့ အိမ်ကို ပြန်ပြင်ဆောက်ထားသည်မှာ မကြာသေး။ ဒေါက်တာအောင်လှိုင်ဘွားရဲ့ ကောင်းမှုကြောင့် ဖြစ်ဟန်တူ၏။ အိမ်ကြီးမှာ အနောက်တိုင်းဗိသုကာ လက်ရာဆန် ပြီး လှပနေချင့်စဖွယ်ကောင်း၏။

အိမ်ပေါက်ဝမှာ ကားရပ်စဉ် သူ့ကိုအသိအမှတ်ပြုသလို ပြီး ပြဆင်းချသွား၏။ အောင်လင်းခိုင်က လိုက်သွား၏။ သူ့ကိုအိမ်ထဲ လိုက်ဖို့ခေါ်သော်လည်း ကမ္ဘာကျော်ရေမွှေးနံ့တွေထက် မြင်ပ လေညှင်းလေးကို ရှူရှိုက်ချင်၍ခြင်းဆန်ပြီး အပြင်မှာနေခဲ့၏။ ရေသူမ ရုပ်တုနှင့် ရေပန်းတွေကို လှမ်းငေးကြည့်ဖြစ်၏။

အစစ်အမှန် ဒေါက်တာအောင်လှိုင်ဘွားရောက်လာပြီ။ ခါတ်လမ်း ရှုပ်စရာတွေများဖြစ်လာမလား။ စံထိပ်ထားက အောင်လှိုင်ဘွားဆိုတာနှင့် စုံစမ်းရတာကို ဝါသနာထုံ၏။ သူမ ကိုယ်တိုင်ဖြင့် မာန်မာန ပွန်းရှမှာစိုး၍ အောက်ဆင်းပြီးမစုံစမ်း တစ်ဆင့်ခံဖြင့် စုံစမ်းတတ်သည့် အကျင့်ရှိ၏။ မြန်မာပြည်ကို ပြန် လည် အခြေချမည်ဆိုပါက ဒေါက်တာအောင်လှိုင်ဘွားအနေနှင့် ကိုယ်ပိုင်ဆေးခန်းကြီးဖွင့်လျှင် ဖွင့်။ မဖွင့်လျှင် ပုဂ္ဂလိက ဆေးခန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေမှာ အချိန်ပိုင်းနှင့် ထိုင်ချင်ထိုင်။ သို့မဟုတ် ပုဂ္ဂလိက ဆေးရုံမှာဝင်လုပ်ချင် လုပ်။ ပြည်သူ့အကျိုး ပြုမည်ဆိုပြီး ပြည်သူ့ဆေးရုံးတွေမှာ ဝင်အမှုထမ်းချင် ထမ်း။ တက်စွမ်းလာသော ပါရမီ့ဘွဲ့ကို တနည်းနည်း အသုံးချမည်မှာ သေချာ၏။

စုံစမ်းနေသော သူနှင့်ထွက်ပေါ်လာသောသူတို့ မတော်တဆ တွေ့ဖြစ်ကြလျှင်။ အမှန်ဆို မတော်တဆဆိုခြင်းထက် ဆေးလောကကို စိတ်ဝင်စားတတ်သော စံထိပ်ထားတို့ အသိုင်းအဝိုင်းကြားမှာ ဒေါက်တာအောင်လှိုင်ဘွားဆိုသော အမည်မှာ ခဏလေးနှင့် ပျံ့နှံ့သွားမှာ သေချာ၏။

စံထိပ်ထားရဲ့ဖခင်က အရိုး၊ အကြောအထူးကု သမားတော်ကြီး။ မိခင်ဖြစ်သူက မီးယပ်နှင့်သားဖွား (ဓဗ)။ စံထိပ်ထားရဲ့ အစ်ကိုတွေကလည်း ပုဂ္ဂလိက ဆေးခန်းတွေမှာ ဆရာဝန်တွေး တကယ့်ကို ဆရာဝန်မျိုးလို့ ဆိုရမလောက် ဆေးလောကနှင့် ကျွမ်းကျင်နှံ့စပ်နေသူတွေ။

သူ ပင့်သက်ချပြီး အောင်လင်းနိုင်ပြန်ထွက်အလာကို စောင့်ကာ နှုတ်ဆက်ပြီး ပြန်လာမိ၏။ ကျော်ဇင့်ထံ အလွန်လှေ့ရဲသော မျှော်လင့်မှုလေးဖြင့် ဖုန်းနှိပ်ခေါ်ကြည့်သေး၏။



"ကျော်ဇင်လား ..."

"အင်း ..."

"ငါ ... ဘုန်းမာန်ပါ ..."

"ဘယ်က ဘုန်းမီးနေသလဲကွ ..."

"မင်းသူငယ်ချင်း ဘုန်းမာန်လေကွာ ... မမှတ်မိဘူးလား ..."

"မသိဘူး ... မင်းဘာရှုးနေတာလဲ ... ဒီမှာ ကျွန်ုပ်ဇာ ဂိမ်းဆော့နေတာကွ ..."

"ဒေါက်တာအောင်လှိုင်ဘွားရောက်လာပြီ ... အောင်လင်းနိုင်ရဲ့ ဦးလေးလေ ..."

ကျော်ဇင်ရှုးချင်ယောင်ဆောင်နေသလားဆိုသည့် စိတ်အင်ယောင်ထင်မှားဖြင့် ထိုးဆွမြောကြည့်လိုက်၏။

"မင်းဘာတွေလာပြောနေတာလဲ ... ငါနားမလည်ဘူး ..."

"မင်းရဲ့ ထိပ်ထားအတွက် ... ငါရေရှည်အကာအကွယ်လုပ်ထားလို့ ရလွယ်လိမ့်မယ် မထင်တော့ဘူး ..."

"မင်း ဘယ်ကကောင်လဲကွာ ... ရှုပ်လိုက်တာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါဘာဆက်လုပ်ရမလဲဆိုတာ သိတယ် ... မီးစင်ကြည့်ကရမယ် ... ဒါပေမဲ့ ... မင်းပေးထားတဲ့ ဓာတ်ညွှန်းထဲမှာ ... နောက်လူတစ်ယောက်မပါဘူးကွ ... ငါနဲ့ စံထိပ်ထားပဲ ... ဒေါက်တာအောင်လှိုင်ဘွား အမည်ကို သုံးစွဲပြီး ဖုန်းဆက်နေတဲ့ ... ငါ ဘုန်းမာန်ခနဲ့ ထိပ်ထားပဲလာတာ ... အခုတော့ ... ကျစ် ... ညစ်တယ်ကွာ ..."

"ဘာကျစ်တာလဲ ... ဘာညစ်တာလဲ ... မင်း ဖုန်းသရဲကောင် မဟုတ်လား ... ငါခဲလိုက်ရ ... အကုသိုလ် တွေရကုန်တော့မှာပဲ ..."

တစ်ဖက်မှ ကျော်ခင်မင်းထွန်းပြောနေဆဲမှာ ကျော်မင်း ဖခင်ဖြစ်သူ ဖုန်းပြောင်းကိုင်သွားၾ၏။

"စိတ်မရှိပါနဲ့ မိတ်ဆွေ ... ကျွန်တော်ဘုရားခန်း ဝင်နေလို့ ကျွန်တော့်သား ဖုန်းကိုင်ပြီး ... တွေ့ရာပြောနေတာ ... သူက ဆိုက်ကိုရှိနေလို့ပါ ... အခု ဆက်တာ ဘယ်သူပါလဲ ..."

သူ ဖုန်းချလိုက်၏။ ကျော်ခင့်ဆီမှ ဘာမှအကူအညီမရနိုင်တော့။ ဖြစ်ချင်တာဖြစ်၊ ရင်ဆိုင်ပစ်ရုံပေါ့ဟုသာ စိတ်ဖော့ဖြေ



ယမ်းမကြီးအတိုင်း စိတ်ဖျက်လက်ဖျက် လျှောက်လာမိလိုက်၏။

ညဖက်ရောက်သည်အထိ စိတ်ပြေလက်ပျောက် လျှောက်နေမိလိုက်၏။ ထိပ်ထားဆီ ဖုန်းမခေါ်ဘဲ တမင်နေကြည့်လိုက်၏။ နေနိုင် မနေနိုင် ကိုယ့်ဘာသာကြိုတင်လေ့ကျင့်စမ်းသပ်ကြည့်မိခြင်းဝင်။

ညမဟူရာ ကတ္တီပါမှာ ကြယ်ညီလာခံစုံညီနေ၏။ လခြမ်းကွေးက နောက်ပြန်ပက်လက်ကလေးလဲလို့၊ ညလေရှူးဝှေရာ မြို့ပြရဲ့ ဝက်သီရန့်တွေ စိမ့်ပျံ့လာ၏။ နီယွန်းမီးရောင်တွေအောက်မှ ထိန်လင်းနေသော မီနီမားကတ်ကြီးတစ်ခုထဲကို လှမ်းဝင်လိုက်၏။

ဖုန်းဆက်ချင်စိတ်တွေပြင်းပြလာ၍ အလွတ်ရနေသော ဘာမ်းဖုန်းနံပါတ်ကို နှိပ်လိုက်၏။ ဖုန်းပိတ်ထား ၏။ အိမ်ဖုန်းနံပါတ်ကို နှိပ်ကြည့်ပြန်၏။ ကံအားလျော်စွာပင် ဖုန်း လာကိုင်သူမှာ စံထိပ်ထားဖြစ်နေ၏။

"ဘာလို့ ... ဖုန်းပိတ်ထားတာလဲ ..."

"ဖုန်းဆက်ချိန်မှ မဟုတ်တာ ... ညဆက်မယ်လို့လဲ မမှာထားဘဲနဲ့ ... ဒီမှာ အိပ်တော့မလို့ ... ပိတ်ထားလိုက်တာပေါ့ ... မနက်စောစော စာထကျက်ဖို့ စောစောအိပ်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ ... နေပါဦး ရှင်ဒီနေ့ဘာလို့ ဖုန်းမဆက်တာလဲ ကျွန်မကသာ မေးစရာရှိရင်မေးရမှာ ရှင်က ပြန်မေးနေရတယ်လို့ ... "

"အလုပ်တွေများနေလို့ မဆက်ဖြစ်တာပါ ... အခုမှ အားတယ် ... ခွဲခန်းဝင်နေရ တာနဲ့ ... မအားတာ ... လူနာရဲ့ အခြေအနေကို စိုးရိမ်တာနဲ့ စောင့်ကြည့်ပေးနေရတာလေ ... တကယ် စိတ်လှုပ်ရှားဖို့ကောင်းတယ် ... "

"ဒီလိုလား ... ခွင့်လွှတ်နားလည်ပေးရတော့မယ်ဆိုပါတော့ ... "

" ... ... "

"မေးနေတယ်လေ ... ပါးစပ်မပါဘူးလား ... "

"မဖြေဝံ့ရဲလို့ပါ ... "

"မရဲစရာ ဘာမှမရှိပါဘူး ... ဒီနေ့ ဖုန်းဆက်နေကျအချိန်ရှိလည်း ကျွန်မရဲ့ ဟမ်းဖုန်းကိုရှင်ဆက်လို့ရမှာ မဟုတ်ဘူး ... ဖုန်းပိတ်ထားလို့လေ ... ကျွန်မနဲ့ လူကြီးချင်းသဘောတူတဲ့ ဒေါက်တာဇော်ရှိန်းရဲ့ မိဘတွေအိမ်ကိုလာလည်တဲ့ ... အချိန်ဖြစ်လို့ ... ကျွန်မမိဘတွေနဲ့ ညှိခံ စကား



ပြောနေရတယ်လေ ... နေ့လယ်တစ်နာရီလောက်မှ ပြန်သွားကြတာ ... ရှင်များဖုန်းလာဦးမလားလို့ ဖုန်းပြန်ဖွင့်ထားတာ ... ညခြောက်နာရီထိုးတဲ့အထိပဲ ... "

"ဪ ... ထိပ်ထားရဲ့ အသံတွေကြည်လင်ရွှင်ပျနေတာပဲ ... ဒီနေ့ စိတ်ချမ်းသာမှုတွေ အများကြီးနဲ့ ဆုံတွေ့ခဲ့ရတယ်နဲ့ တူတယ် ... "

"တွေးတော ခန့်မှန်းတက်သားပဲ ... "

"ည အိပ်ချိန်လည်း ယောနဲ့ထားသလို ရှစ်နာရီခွဲအိပ်ဆိုတာနဲ့ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားရော မဟုတ်လား ... "

"အင်းပေါ့ ... ယယ်ယယ်ကတည်းက လေ့ကျင့်ထားတာလေ ... စာကျက်ချိန်၊ စားချိန်၊ သွားချိန်၊ အားလပ်ချိန်၊ ဘုရားရှိခိုးချိန်၊ အနားယူအပန်းဖြေချိန် ... အဲ့ဒါမျိုး ယောနဲ့ထားတော့ အချိန်ပိုလစ်ဟင်းတာ အလကားဖြစ်တာမျိုး မရှိတော့ဘူးပေါ့ ... "

"ဒေါက်တာဇော်ရှိန်းက သဘောကောင်းလား ... "

"အရမ်းကိုကောင်းတယ် ... "

www.burmeseclassic.com

"အရာရာပြည့်စုံတဲ့လူမျိုးဖြစ်မှာပါ ... "

"အရမ်းဟုတ်တယ် ... "

"ဒါကြောင့် အရမ်းပျော်နေတာပေါ့ ... "

"အရမ်းပျော် တအားပျော်တာပေါ့ ... (ရယ်သံ) ဘယ်လိုလဲ ... ရှင့်ရင်ထဲ မဇ္ဈရိယာ မီးတွေတောက်လောင်သွားပြီ မဟုတ်လား ... "

သူဟာနဲ့နဲ့ရယ်သံပြုလိုက်ရ၏။ မချိသွားဖြဲရယ်သံမျိုး။

"ကိုယ်က ပြင်ဆင်ကြိုးစားနေသူဆိုတော့ ... ဒီလိုပဲ ခံစားရမှာပဲပေါ့ ... "

"ခံစား ... အဲဒီလိုများများခံစား ... နောက်ဆုံး ထိပ်ထားသူများနဲ့ လက်ထပ်ထိမ်းမြားသွားတဲ့အထိကို စိမ်ပြေနပြေခံစားနေတော့ ... ကိုအောင်လှိုင်ဘွားရေ ... "

"ထိပ်ထားရယ် ... ကိုယ့်မှာ ... "

"အင်းဟင် ... ဘာဖြစ်သလဲ ... ကိုယ့်မှာ ... "

"မင်းကိုချစ်တဲ့ ချစ်ခြင်းသစ္စာကလွဲရင် ဘာမှဖြစ်သေးသရွေ့ ... ဘာမှကို မမျှော်လင့်ရဲတဲ့ လူညံ့တစ်ယောက်လိုဖြစ်နေရပြီ ... ကိုယ်လေ မင်းကိုလွမ်းတဲ့စိတ်နဲ့ ညဆိုလည်း



အိပ်လို့မပျော်ဘူး ... မင်းနဲ့ ဖုန်းပြောဖြစ်တဲ့ စကားတွေ အသေးစိတ်ပြန်တွေးနေမိတယ် ... နေ့ဖက် အလုပ်ထဲမှာလည်း မင်းအကြောင်းကိုပဲ ... အမျှင်တန်းပြီး စဉ်းစားမိတယ် ... "

"အဲဒီလောက်တို့ ခံစားနေရတာကိုး ... မနေ့က ထိပ်ထား ဘာအကျီအရောင်လေးဝတ်ထားသလဲ ... ဘယ်နေရာတွေ သွားတာတွေ့သလဲ ... အရင်ကဆို ဦးခေါက်စနဲ့ အတပ်ပြောနိုင်တယ် ... ထိပ်ထားကို မမြင်ကွယ်ရာကနေ ... အရိပ်လိုလိုက်ကြည့် မြတ်နိုးနေတဲ့ကိုအောင်လှိုင်ဘွားဆို ... အခုရော အဲဒီမှ ဟုတ်သေးရဲ့လားဆိုတာ ... စမ်းသပ်မေးလိုက်ပြီ ... ကဲပြော ... "

"မနေ့က ... မနေ့ကလည်း အလုပ်မအားလို့ပါ ... "

"အဲဒါဆို ... တစ်နေ့ကရော ... "

"တစ်နေ့က ပန်းဆီရောင်လိုလို ပန်းရေမြှောရောင်လိုလိုမျိုးလေး ဝတ်ထားတယ်နဲ့ တူတယ် ... ကိုယ်က အထည်ရောင်းတဲ့သူ မဟုတ်တော့ ... အရောင်တွေကို သေသေချာချာ မပြောတတ်ဘူး ... အုတ်ခဲကျိုးရောင်တို့ သံချေးကား

www.burmeseclassic.com



ရောင်တို့ ... သျှားညိုရောင်တို့ ... အုန်းခွံရောင်တို့ အဲ့ဒီလို အရောင်စပ်ရောထားတဲ့ အမည်နာမအသစ်နဲ့ အရောင်သစ်တွေကို မခေါ်မပြောတတ်ဘူး ဖြစ်ဖြစ်နေတယ် ... "

"ညာဝါးမနေပါနဲ့ ... တစ်နေ့ကဝတ်ထားတာ အဖြူရောင်နဲ့ အဝါရောင်ကို တွဲစပ်ဝတ်ထားတာပါနော် ... ဒီလောက်ဆို သဘောပေါက်ပြီ ပါးစပ်သာလွှမ်းတယ် သတိရတယ် ... အမှတ်ရတယ်တွေ ထပ်တလဲလဲ ပြောနေတာ တကယ့်တကယ်က အလုပ်အကြောင်းပြပြီး ... ရောက်ကို ရောက်မလာဖြစ်တာ မဟုတ်လား ... "

"ဆေးကျောင်းသူလေးမှာတောင် စာများလို့ အချိန်မယားနဲ့ စာကျက်နေရသေးတာပဲ ကိုယ်လိုပါရဂူတစ်ယောက်က လက်တွေ့ ခွဲစိတ်ကုသနေရတာ ... ဆေးကျမ်းတွေကို ဒီနေ့အထိ မလွှတ်တမ်းဖတ်ရှုမှတ်သားပြီး ဦးနှောက်ထဲ ရိုက်သွင်းနေရတာ ... လူနာက တစ်ဦးတလေမဟုတ်ဘူး ... တစ်နေ့ကို အယောင်သုံးလေးဆယ်လောက် ရှိတယ် ... အဲ့ဒီ ကုသချက်တွေအပေါ်မှာ အပြန်အလှန် စီစစ်နေရတာ ... အစရှိသဖြင့်ပေါ့ ထိပ်ထားရယ်



... အလုပ်ကို ဗန်းပြနေတာ မဟုတ်ပါဘူး ... တကယ် အလုပ်များနေတယ်ဆိုတာ ထိပ်ထားလို ဆေးကျောင်းသူက ပိုပြီးတော့တောင် နားလည်နိုင်ပါတယ် ... "

"အကြောင်းပြချက်ကတော့ ကောင်းမှကောင်းပဲ ... ဒါကြောင့်မို့ တစ်နှစ်ခွဲကျော်လာတဲ့အထိ လျှို့ဝှက်သူကြီး အနေနဲ့ ဖုန်းပြောနိုင်နေတာပေါ့နော် ... "

စံထိပ်ထား လူချင်းလာမတွေ့သည့် ကိစ္စအပေါ် သတိရတိုင်း ထိုးဆွပြောဆို ပေါက်ကွဲလာတော့မည်။ သို့ဆိုလျှင် ပြန်ထိန်းပြီး ချော့ရတာ အထပ်ထပ်ကြော့ပြီး ... ။မထိုးတော့လျှင် အခက်တွေ့ရတော့မည်။ သို့မို့ကြောင့် ထိပ်ထားကို အာရုံအမြန်ပြောင်းလဲရာအဖြစ် ပါးစပ်ထဲရှိရာ ဆက်ခနဲပြောချပစ်လိုက်၏။

"မနက်ဖြန် ထိပ်ထားနဲ့တွေ့ဖို့ ... လူတစ်ယောက် လွှတ်လိုက်မယ် ... ထိပ်ထား ဘယ်နေရာမှာ ရှိနေနိုင်မလဲ"

"မနက်ဖြန် ... ဘာအကြောင်းရှိလို့ လွှတ်မှာလဲ ... အရင်တစ်ခါလူပဲလား ... "

"ကိုယ့်အကြောင်းနဲ့ပတ်သက်ပြီး အဲ့ဒီလူက ထိပ်ထားကို တစ်ခုခုပြောပြပါလိမ့်မယ် ... အရင်တစ်ခါလူပါပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"အခု ကာယကံရှင်ကိုယ်တိုင် ပြောလို့ရနေတာပဲ ... ဘာလို့ တဆင့်ခံလူကို ပြောခိုင်းနေရတာလဲ ... ကိုအောင်မှာလေ ... အဲ့ဒါတွေကိုပဲ ထိပ်ထား နားမလည်နိုင်အောင် ဖြစ်နေရတာ ..."

"ကိုယ်ပြောမထွက်တဲ့အကြောင်းမို့လို့ပါ ..."

"လူငှားနဲ့ ပြောခိုင်းတဲ့ သတ္တိအပြည့်ရှိတယ်ပေါ့ ..."

"ထိပ်ထားရယ် ..."

"အဲ့ဒီလေသံလေးကြောင့်ပဲ ... ကျွန်မလျော့ပေးနေရတာများပြီ ... ကျွန်မနဲ့ ရှင်ရဲ့ကြားမှာ ... အရေးပါတဲ့ စကားကို ကြားလူထားတာတော့ ... သိပ်ဆိုးဝါးလွန်းနေပြီ ..."

"အဲ့ဒီလို မထင်ပါနဲ့ ထိပ်ထား ... ထိပ်ထားအတွက် ဂုဏ်သိက္ခာထိခိုက်နစ်နာစေနိုင်တဲ့ အရာမျိုး မြူတစ်မှုန်တောင် မပါဝင်ပါဘူး ..."

"အတွင်းရေးကို အဲ့ဒီဘာမဟုတ်တဲ့လူ သိနေကတည်းက လုပ်ပုံမဟုတ်တော့ဘူးလေ ... စဉ်းစားပြောပါဦး"

"ကိုယ့်အကြောင်းသက်သက်ကို ပြောပြရုံပေါ့ ... အဲ့ဒီလူကို လိုတာထက်ပိုပြီး ဘာမှပြောမပြထားပါဘူး ..."



"ကိုအောင့်ကို ကြာလေနားမလည်နိုင်အောင်ဖြစ်လာရတာပဲ ... သံယောဇဉ်ကြောင့်သာပေါ့ ... သံယောဇဉ်သာ မရှိရင် ... ပွဲပြီးတာ ကြာလှပြီ ..."

သူက ထိပ်ထားကို အတင်းချော့မော့ ဖျောင်းဖျရ၏။ ထိပ်ထား နစ်သိမ့်ဖြေသာနိုင်လောက်မှ ကြည်ရွှင်စရာ စကားလေးဆိုပြီး နှုတ်ဆက်ကာ ဖုန်းချရ၏။ မနက်ဖြန်မနက် ဆယ့်တစ်နာရီ ထိပ်ထား သူငယ်ချင်း ဆွိတီတို့ တိုက်ရှေ့မှာ ကားရပ်မည်။ လာတွေ့ပါတဲ့။ ထိုနေရာကို သူအတင်းငြင်းပယ်သောအခါ ထိပ်ထားက နာရီနှင့် နေရာကို ပြောင်းလဲသတ်မှတ်ပေးလာပြန်၏။ ပလာဇာ တစ်ခုမှာ ညနေငါးနာရီတိတိတွေ့မည်။ အဆာပြေစားသောက်ဆိုင် အမည်နှင့် ဆိုင်ရှိသည့် လယ်ဗယ်အထပ်ကို ပြောပြ၏။

စံထိပ်ထားနှင့် သူနဖူးတွေ့ဒူးတွေ့ တွေ့ဆုံပြီး ကျော်ခင်မင်းထွန်းရဲ့ အခြေအနေကို ပြောပြကာ သူလက်ရှောင်နေဖို့ စဉ်းစားဖြစ်ပြီး ချိန်းဆိုလိုက်ခြင်းပင်။ ထိုနေ့ည အိပ်ချိန်အထိ ပြန်လည်တွေးတော ဆင်ခြင်မိသောအခါ ...

(ငါနေကောင်းပြီး စိတ်ကျန်းမာလာမှ မင်းအောင်မြင်

www.burmeseclassic.com



အောင် ထိန်ထားတဲ့ ထိပ်ထားနဲ့ ဖုန်းပြောနေခွင့်ကို ငါ့လက်ထဲပြန်အပ်ပေးပါ သူငယ်ချင်းရာ ... မင်းအပေါ် ငါကောင်းခဲ့တာကို ကျေးဇူးတွေ လိုမှတ်တင်မနေပါနဲ့ အဲ့ဒီလုပ်ဆောင်ချက်တစ်ခုတည်းနဲ့ ငါ့ကို ကျေးဇူးအကျေဆပ်ပေးပါကွာ ... )

ဖုန်းဆက်ချိန်ဆိုပြီးသွားပြီ၊ အဖြစ်မှန်တွေ ပြောသင့်မပြောသင့်ကို ချိန်ဆနေသည့် စိတ်ကဒွိဟ။

(ဟူး ... မနက်ဖြန်မှာ ငါဘယ်လိုလုပ်ရပါ့မလဲ ... )



အချိန်အတော်အကြာမှာ ရောက်ချလာသူက ဆီတီ။ ပြုံးရယ်ခြင်းကင်းမဲ့သော ခပ်တည်တည်မျက်နှာထားနှင့် ခုတန်းလျားအေးမှ ရပ်နေသော သူ့ကိုလှမ်းကြည့်လိုက်ပြီး

"နတ္တိ ... တို့ကို ထိပ်ထားလွှတ်လိုက်တာ ... ဘာပြောစရာရှိလို့လဲ ... ပြော ... "

"အားနာပါတယ် ... ဆီတီ ... ထိပ်ထားနဲ့ တွေ့ရမှာပဲ ကိုယ်ပြောလို့ဖြစ်ပါလိမ့်မယ် ... "

"ရှင့် ဆရာဘက်က ကြားလူစ်သေးတာပဲ ... ထိပ်ထားဘက်က ကြားလူခံတာ ဘာဖြစ်လို့လဲ ... အဲ့ဒီအပေါ်

www.burmeseclassic.com



မှာ တခေါ်သက်သက်မဲ့ ကပ်တာလား ...”

“ဒီလို မထင်စေချင်ပါဘူး ...”

“ဘယ်လို ထင်စေချင်တာလဲ ...”

“စံထိပ်ထားနဲ့တွေ့မှပဲ ပြောခွင့်ပြုထားတာမို့လို့ပါ ... တကယ်လို့ စံထိပ်ထား မအားလပ်ရင်လည်း အကြောင်း မဟုတ်ပါဘူး ... ကျွန်တော် လှည့်ပြန်သွားလို့ ရပါတယ်”

ဆွိတီဏ သူ့ကို စူးစူးရှရှကြည့်နေ၏။ လေတဖျတ်ဖျတ် တိုက်နေ၍ နှစ်ဦးစလုံးရဲ့ ဆံနွယ်တွေ နဖူးပေါ်မှာ တဖတ်ဖတ်လွင့် ခါနေ၏။ စုံဆိုင်းအနားစ သူမ၏ လုံချည်အနားစတွေ အောက်ပျံဖတ် လွတ် ရိုက်ခတ်နေ၏။

“အဲဒါဆို ... နောက်ထပ် ခုနစ်မိနစ်လောက်စောင့် ထိပ်ထားကို ပြောပြလိုက်မယ် ... တွေ့ချင်တဲ့ ဆန္ဒသူမှာ ရှိရင် လာတွေ့လိမ့်မယ် ... တွေ့ချင်တဲ့ ဆန္ဒမရှိရင်တော့ လာတွေ့မှာ မဟုတ်ဘူး ... ခုနစ်မိနစ်ကြောက် ရောက်မလာ ခဲ့ရင် ... နတ်ပြန်လို့ ရပြီ ...”

သူ ခေါင်းညိတ်ပြလိုက်၏။ ဆွိတီ လှည့်ထွက်သွား၏။ သုံးမိနစ်ခန့်အကြာမှာ စားသောက်ဆိုင်တန်းဆီ သူမ ရောက်သွား၏။



ပြောဆိုနေတာ တစ်မိနစ်၊ စဉ်းစားနေတာ တစ်မိနစ်၊ နှစ်မိနစ် ထိပ်ထား လာနိုးနိုးနှင့် မျှော်ကြည့်ဖြစ်၏။ သုံးမိနစ်၊ သွားပြီ၊ ခုနစ် မိနစ် ပြည့်သွားပြီ။ လှည့်ပြန်ဖို့သာ ရှိတော့၏။ ချာခနဲလှည့်ပြီး လှေ ကားထစ်တွေဆီ လှမ်းလျှောက်လာစဉ် လှေကားအတိုင်း တက် လာသော စံထိပ်ထားကို တွေ့လိုက်ရ၏။ လက်ထဲမှာ ပြောလာ သော ဟမ်းဖုန်းကို ပိတ်လိုက်ပြီး။ သိုင်းကြိုး လွယ်အိတ်ထဲ ထည့် နေတာ လှမ်းမြင်ရ၏။ စံထိပ်ထားနှင့် ဆွိတီတို့ ဟမ်းဖုန်းကိုယ်စီဖြင့် ဆက်သွယ်ပြောကြားလိုက်ဟန်တူ၏။

လှေကားထိပ်မှာ သူရပ်စောင့်နေစဉ် ခြေသို့မျှမ တစ် တောင်က သားတောင်ကို ဖမ်းဆုပ်ဖို့ လှည့်ပတ်ချောင်းမြောင်းပြီး အလစ်ကို စောင့်တိုက်ခိုက်မည့် ဟန်မျိုးဖြင့် ထိပ်ထား အနားကို ရောက်လာ၏။

“မင်း နာမည် ... နတ္တိလား ...

ဟုတ်တယ် ...”

အထက်စီးဆန်သော လေသံကို အထက်သံနှင့်ပင် ပြန် ပြေလိုက်၏။ အသက်အရွယ်ချင်း ရွယ်တူလောက်ရှိသူများဖြစ်ပြီး အလုပ်ရှင်က အလုပ်သမားကို ဆက်ဆံသလို ပြောလာခြင်းက

www.burmeseclassic.com

www.burmeseclassic.com



ရှင်သီးလွန်းလှ၏။

"ဒေါက်တာအောင်လှိုင်ဘွားက ... ဘာမှာလိုက်သလဲ ... အဲ့ဒါကို အတိုချုံးပြီး ... အမြန်ဆုံးရှင်းပြ ... "

"အတိုချုံးပြီး မပြောတတ်ဘူး ... လျှာခလုတ်တိုက်လောက်အောင် အမြန်နှုန်းတင်ပြီးတော့လည်း ... ရှင်းမပြတတ်ဘူး ... တကယ်လို့ ခေါင်းအေးအေးထားပြီး စိတ်အေးအေးနဲ့ နားထောင်နိုင်မယ်ဆိုရင်တော့ ... ဟော့ဒီ ဟိုက ခုံတန်းပေါ်မှာ ခဏထိုင်ပြီး ပြောကြရအောင် ... "

"မင်းနဲ့ငါက အဆင့်အတန်းမှ မတူတာ ကြမ်းတပြေးတည်း ထိုင်ပြီးပြောခွင့်ရလိမ့်မည်များ မင်းထင်နေသလား... ကျွတ်ကျွတ်ကျွတ် သနားတယ် ... ကိုယ့်ဘဝကိုယ် မသိတဲ့ အထိ မိုက်လိုက်တာ ... "

"ခင်ဗျား စကားက လူတစ်ဖက်သားကို သိပ်စော်ကားရာ ရောက်နေပြီ ... ခင်ဗျားကိုယ်ခင်ဗျား ဘာထင်နေသလဲ ... အဆင့်အတန်းမတူရအောင် ... ခင်ဗျားရဲ့သွေးက ရွှေရောင် ငွေရောင် ပတ္တမြားရောင်နဲ့ စီးဆင်းလှည့်ပတ်နေလို့လား ... ခင်ဗျား သွေးလည်း အနီရောင် ကျုပ်သွေး



လည်း အနီရောင် ... အတူတူကို ရွှေကြောင်မူးကြောင်ရဲ့ တစ်မှုပို ရှူးပြမနေနဲ့ ... ခင်ဗျားရဲ့ အဆင့်အတန်းဆိုတဲ့ စိတ်ဓာတ်ဟာ ... ကျုပ်ရဲ့ ဖိနပ်အောက်က မြေမှုန့်လောက်တောင် တန်ဖိုးမရှိဘူး ... နားလည်ရဲ့လား ... "

"နင် ဘယ်လိုကောင်လဲ ... အစုတ်အပြတ်ကောင် တစ်ကောင်က ငါ့ကိုဒီပြောရဲသလား ... နင့်ကို လက်ခံစကားပြောမိတာကိုက မှားပါတယ် ... ဟေ့ ... ဒီမှာ တော်ပြီ ... "

သူမ စကားမဆုံးခင်မှာ သူက ...

"လူကို လူလို့မမြင်တဲ့ ခင်ဗျားရဲ့ ... ဆက်ဆံရေးအတိုင်း တုံ့ပြန်လိုက်တာပါ ... ကျုပ်က အစုတ်အပြတ်ထောင်ပဲထား ... ခင်ဗျားကတော့ အပုပ်အသိုးမကြီးပဲ ... တရားသဘောလည်း မသိ ... ငါဆိုတဲ့ မာန်မာနကြီးနဲ့ လုပ်တိုင်းဖြစ်နေတော့ ... ထင်တစ်လုံးဘဝင်တွေ လေဟပ်မဆုံးအောင် ဖြစ်နေရတာပေါ့ ... အဲ့ဒါကိုက ခင်ဗျားရူးနေတာ ... အရူးမကြီး လောကမှာ ခင်ဗျားတပ်မက်အားကြီးအားကိုးနေတဲ့ အဲ့ဒီဂုဏ်မာန်မနေ ဘဝင်မာနတွေက အားလုံး

www.burmeseclassic.com

www.burmeseclassic.com



နတ်ချိုချည်းပဲဗျ … မယုံရင် ခင်ဗျားတို့ ကိုးကွယ်တဲ့ ဆရာတော် ဘုရားကြီးတွေ မေးကြည့်ပါလား … ”

“အရှိအစိုင်းကောင် နင်ကငါ့ကိုများ အရူးတဲ့ နင့်ဦးနှောက်က ဘယ်လောက်ကောင်းလို့လဲ … ငါလို ဆေးလိပ်းပါအောင် ကြိုးစားနိုင်လို့လား … နင့်အကြောင်းငါ ကြားသိပြီးပြီ ဆယ်တန်းတောင် အောင်အောင်မဖြေနိုင်တဲ့ အကြိတ်ုံးအညာက်တုံးကများ … ”

“ဒီမှာ စံထိပ်ထား … အရူးလို့ပြောတာ နာသလား … ဘုရားက ဟောထားပြီးသား မှုထုဇနော ဥမ္မတကောတဲ့ ပုထုဇဉ်မှန်သမျှ အရူးတဲ့ … ကျုပ်က ရူးတယ် … ဒါပေမဲ့ ခင်ဗျားလို ဂုဏ်ရူး၊ မာန်မာနအရူး၊ အတ္တသဝင်အရူး … အရူးအွှဲ့တွေ တစ်သီကြီးရနေတဲ့ အရူးမျိုးမဟုတ်ဘူး … ကျုပ် ပြောတာများရင် ကျုပ်ကိုတရားခွဲလိုက် … ခင်ဗျားကို စော်ကားနေတာ မဟုတ်ဘူး … တရားသဘောနဲ့ ဆင်ခြင်ပြီး … လူကို လူလိုဆက်ဆံဖတ်ဖို့ … နားမလည်နိုင်သေးတဲ့ ခင်ဗျားကို နားလည်စတတ်အောင် … စေတနာနဲ့ ပြောပြနေတာ … ”



“တောစော် … ကျော်တော်လှုပါးစေတဲ့ အကောင် … ကိုယ်အောင်လှိုင်ဘွားကာသည်း ဘယ်လိုအရိုင်းအစိုင်း ကလေ ကာကြီးမှ ရွေးခွတ်လိုက်သလဲ မသိဘူး … တော်ပြီ တော်ပြီ မင်းပြန်တော့ ဒီနေ့ရာကိုလာတာ … ဒီလို စကားများရန်ဖြစ်ဖို့ မဟုတ်ဘူး … ”

“မပြောချင်လည်းနေပါ … ခင်ဗျားအရင်သွားနိုင်ပြီ”

ကြောင်မျက်လုံး တစ်စုံကလွဲလျှင် အပြစ်ဆိုစရာမရှိအောင်လှပသောမျက်နှာမှာ ဖြတ်ရိုက်ခံရသလို အပြောခံလိုက်ရ၍ နီမြန်းတင်းမာနေ၏။ ဆံနွယ်စတွေ တဖျတ်ဖျတ် ခတ်ခြင်း၊ မျက်လုံးအစုံ၏ ဖိုးကွယ်လှုတ်ခတ်ခြင်းတွေကိုလည်း မသိမ်းသပ်နိုင်။ မောက်မာလှိုင်းထန်သော ရင်အစုံဖြင့် မီးလျှံဝင်းတောက်သော မျက်လုံးများနှင့် ကြည့်ရင်း ချာခနဲလှည့် ထွက်သွားသော စံထိပ်ထား။

အဆင့်အတန်းမော်ဝင်ပြီး တော်ဝင်စံထား မိန်းမသားဟုဆိုး သူမကိုယ်သူမထင်မှတ်ထားသော ခြေလှမ်းတွေဖြင့် လှေကားပေါ်မှာ ဆောင့်အောင့်ဖောက်ခွပြီး ဆင်းချသွားပုံက ဘီလူးဆိုင်းတီးသံလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



သွားနေရင်းမှ ဟမ်းဖုန်းကို ယောင်မှားထုတ်ကိုင်နေ၏

ဖုန်းနံပါတ်ပေးမထားသော ဒေါက်တာအောင်လှိုင်ဘွားကို ဖုန်းဆက်ခေါ်ပြီး အပြတ်ဆူပူ ကြိမ်းမောင်းဖို့ သတိလက်လွတ် တွေးမိလုပ်လိုက်ဟန်တူ၏။ ဖုန်းကို ပြန်ထည့်ပြီး အံတင်းတင်းကြိတ်ထားသော အကြည့်ဖြင့် တစ်ချက်လှည့်၍ မိုက်ကြည့်ကြည့်ကာ ဆက်လက်ဆင်းချသွား၏။

သူမျှော်လင့်ထားသည်က တစ်မျိုး။ ဖြစ်လာတာက တစ်မျိုး။

သူရိုးရိုးလေး ဖြေသိမ့်ကြည့်၏ မရ။

သူ့ရင်ထဲမှာ ဆန်းဆန်းပြားပြားကြီးကို ဖုထစ်ရင်နင့်စွာ ခံစားနေရ၏။ ထိုခံစားမှုကို သရုပ်ခွဲထုတ်ကြည့်ချင်၏။

တစ်ခါဆို ဆိုသလောက် ဂုဏ်မာန်တက်ပြီး ပေါက်ချလိုက်သည့် စကားလုံး အဆိပ်က သူ့ရင်နှလုံးကို တဒိတ်ဒိတ်တက်စပြုနေလေပြီ။

စကားနိုင်လု ပြောလိုက်ရသော်ငြား ကိုယ်၌သာ ရှိုင်းရာကျပြီး ကျရှုံးရသည့်အလား ခံစားရချက်က ထပ်ဆောင်းပေါင်းတင်လာပြန်၏။



ထိပ်ထားရယ် ... လို့

ဖုန်းထဲမှာလို ... ကြေကွဲနွမ်းလျစွာ ဆိုလိုက်ချင်ပါဘိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမာန်ခ တစ်ယောက် ဒေါက်တာအောင်လှိုင်ဘွား အနေနှင့် ဖုန်းဆက်ချိန်ပုံမှန်အတိုင်း ဖုန်းဆက်ကြည့်၏။ ဖုန်းပိတ်ထား၏။ ရက်သတ္တတစ်ပတ်ကြာသည်အထိ၊ မည်သည့်အချိန်ခေါ်ခေါ် ဖုန်းပိတ်ထား၏။ စံထိပ်ထား အကြီးအကျယ်စိတ်ဆိုးသွားလေပြီ။ စံထိပ်ထားကို မြင်တွေ့လို၍ အရိပ်လိုလိုက်လံ ချောင်းကြည့်မိ၏။ အရိပ်လိုလိုက်ရသည်မှာလည်း မလွယ်။ သူမှန်းသိသာနေ၍ လိုက်ကြည့်ခြင်းကိုလည်း လက်လျှော့ရပြန်၏။

ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့။



ဒေါက်တာအောင်လှိုင်ဘွားအနေနှင့် ဖုန်းဆက်၍မရတော့။ ကျော်ဇင်မင်းထွန်းကို ပေးထားသည့် ကတိအတိုင်းအောင်မြင်အောင် မထိန်းသိမ်းနိုင်၍ လက်လျှော့ရမည့် အခြေအနေသို့တိုင်ဆိုက်ရောက်လာချေပြီ။

သို့မှပင် သူ့ရင်ထဲမှ အမျိုးအမည်မသိသော ဝေဒနာကိုသရုပ်ပေါ်လွင်လာ၏။ သူကိုယ်၌က စံထိပ်ထား၏ ဖုန်းပြောသံလေး အပေါ်စွဲလမ်းနှစ်သက်မှုကို မဖြတ်နိုင်အောင် ဖြစ်နေရှာလေပြီ။ ဂိမ်းဆိုင့်ကိုပင် သိပ်မထိုင်ချင်။ ဖုန်းဆိုင်သို့သာ သွားနေချင်စိတ်ပေါက်နေ၏။ တစ်လတာ ဆိုင်ဝင်ငွေကိုလည်း အောင်လင်းခိုင်လက်သို့သာ အပ်လိုက်၏။ ချောင်ဇွဲ့ထံသို့ ခွဲဝေပို့ဆောင်သည့်အလုပ်ကို အောင်လင်းခိုင်သာ လုပ်ဖို့ လွှဲပေးလိုက်၏။

စံထိပ်ထားနှင့် ဆက်သွယ်မှုရရန် နည်းလမ်းရှာကြံမိ၏။

ဆက်သွယ်မှုရလျှင် ကျော်ဇင်မင်းထွန်းအတွက် စံထိပ်ထား ဖြစ်နေအောင်သာ သူ့အနေနှင့် ပံ့ပိုးထိန်းသိမ်းရမည့် အခွင့်အလမ်းသာ ရှိ၏။ ထိုထက်ပိုသော ရင်တွင်းဆန္ဒကို ဦးစားပေး၍မရ။

ကြောင်မျက်လုံးနှင့် မိန်းမကို ဘာစွဲလမ်းစရာရှိလို့လဲဟု

www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ဖြေတွေးတွေးသော်လည်း ရင်ခုန်သံက ဒိတ်ဒိတ်မြည်ရ မည့်အစား ထိပ်ထား ထိစ်ထား' ဖြစ်လာလေသည် ထင်ရသောအခါ ကိုယ်၌ ပြန်၍လန့်လာမိ၏။

(ဘယ်အချိန်ကများ ဖမ်းစားခံလိုက်ရပါလိမ့်)

မရိုးသားသောစိတ်ကို ရင်ထဲ ထိုးသိပ် သော့ခတ်၊ ချိတ် ပိတ်ပစ်လိုက်၏။ သို့ပြား ဖောက်ထွင်းဝိဇ္ဇာထက် ကိုးဆယ်ဆသာ သော စိတ်က ခတ်မရ ပိတ်မရ။

စံထိပ်ထားကြောင့် သူ့မှာ စွဲလမ်းလွှမ်းရလေပြီ။

❤❤❤❤❤



ပုဂ္ဂလိက ဆေးခန်းတစ်ခုမှာပင် အချိန်ပိုင်းနှင့် ဝင်ထိုင်ဖြစ် ၏။ မြို့နယ်ပြည်သူ့ ဆေးရုံများမှာလည်း အချိန်ပိုင်းနှင့်ပင် ဂျူတီဝင် ဖြစ်၏။ ဒေါက်တာအောင်လှိုင်ဘွားဆိုသော သူ့လိုပါရဂူအဖို့ ငွေကြေး ဓနဆောင်းစရာ သိပ်မလိုတော့သော်လည်း တတ်ထားသည့် ပညာ ရှိနေသာဆိုသလိုပင် ဝင်ရောက်လုပ်ကိုင်ပေးဖြစ်၏။ စိတ်ကျန်းမာ ရေး ဆေးရုံးကြီးမှာလည်း ဂျူတီဝင်ရင်း တစ်ဖက်တစ်လမ်းက သင်တန်းပို့ချဖြစ်၏။

ဒေါက်တာအောင်လှိုင်ဘွားအတွက် ဒရိုင်ဘာသီ... ...ဘားရသေးခင်မှာ တူဖြစ်သူ အောင်လင်းခိုင်ကို အကြို... ...လုပ်...

www.burmeseclassic.com



[illegible] သုံးလေးရက်ခန့်သာ ခိုင်းခြင်းဖြစ်၏။ ကျောင်းတစ်ဖက်နှင့် ဖြစ်သော အောင်လင်းခိုင်ကို ကြာရှည်ခိုင်း၍ မဖြစ်။ စိတ်ကြိုက်ငှားရမည့် ဒရိုင်ဘာကလည်း သုံးလေးရက်နေမှ အလုပ်ဝင်မည်။ ကိုယ်တိုင်မောင်းနှင်ဖို့ ပြင်ဆင်ပြောင်းလဲ ဖြည့်စွက်စရာများနှင့် အလုပ်ရှုပ်ရမည်။ ယာဉ်ကြော အသစ်မို့လည်း မောင်း၍မဖြစ်သေး။

နာမည်ကြီး ပုဂ္ဂလိက ဆေးခန်းကြီးတစ်ခုမှ တတိယမြောက်နေ့အဖြစ်ဝင်ထိုင်စဉ် ထူးဆန်းသော မိန်းမလှလေးတစ်ဦးနှင့် ဒေါက်တာအောင်လှိုင်ဘွား တစ်ယောက်စတင်ကြုံဆုံရလေ၏။

မြင်မြင်ချင်း ဆောက်နှင့်ထွင်းဆိုသလိုပင်

"ကျွန်မက ... ဒေါက်တာရဲ့ ပေ့ရှင်းမဟုတ်ပါဘူး ... ကျွန်မကို မြင်တာနဲ့ ကျွန်မဘယ်သူလဲဆိုတာ ဒေါက်သိမှာပါ အယ်လိုလဲ ဒေါက်တာ ... တစ်နှစ်ခွဲကျော်လွန်ကဲ့အထိ ပုန်းနေခဲ့တာ ... ဘာသဘောလဲ ... အခုတော့ ဆက်မပုန်းနိုင်တော့ဘူး မဟုတ်လား ... ကျွန်မဆီကို ဘယ်လို လူရမ်းကားကို လွှတ်လိုက်ရတာလဲ ... အဲ့ဒီလူနဲ့ စကားပြောရတာ အချိုးမပြေဘူး ... တစ်စက်မှကို အဆင်မပြေတာပါ ... အဲဒီလူကို ဒေါက်တာလွှတ်လိုက်လို့ ... ထိပ်မိထားစိတ်ဆိုးပြီး



ဖုန်းဆိတ်ထားခဲ့တာ အခုအချိန်အထိပဲ ..."

စံထိပ်ထားပြောနေသမျှ ဘာမှ နားမလည်သလို ဖြစ်နေရသူက ဒေါက်တာအောင်လှိုင်ဘွား။ စံထိပ်ထားနှင့် အဖော်ပါလာသူကလည်း သက်တူရွယ်တူ မိန်းကလေး။ ထိုအဖော် မိန်းကလေးကပါ။

"ဟုတ်တယ် ... ဒေါက်တာ ဒေါက်တာလွှတ်လိုက်တဲ့လူက အရမ်းရိုက်ရိုင်းတာပဲ ... ဒေါက်တာမို့လို့ ... ဒီလိုလူမျိုးကို လူယုံလုပ်ပြီး လွှတ်လိုက်ရတာယ်လို့ ... ထိပ်ထားမပြောနဲ့ ... ကြားထဲက ကျွန်မတောင် အဲ့ဒီနတ္တိဆိုတဲ့ကောင်ကို ကြည့်မရလောက်အောင် မုန်းနေပြီ ..."

သူမတို့နှစ်ယောက် စကားကြောင့် အောင်လှိုင်ဘွားတစ်ယောက် နားထင်ကို လက်ညှိုးလေးနှင့်ကုတ်ရင်း နားဆက်ထောင်နေမိ၏။ သူတို့နှစ်ယောက်ကလည်း အောင်လှိုင်ဘွားဘက်က ဘယ်လို တုံ့ပြန်လာမလဲဆိုတာကို စောင့်ကြည့် အကဲခတ်ငံ့လင့်နေကြပြန်၏။

ဒေါက်တာအောင်လှိုင်ဘွား စဉ်းစားမိ၏။ ဤနှစ်ယောက်လုံး စိတ်ကျန်းမာရေး ယဉ်ယဉ်လေးနှင့် ချို့ယွင်းနေကြသူတွေ

www.burmeseclassic.com

www.burmeseclassic.com



များလား။ ပြောပုံဆိုပုံအရ ဖြစ်နိုင်သော်လည်း၊ ဝတ်ပုံစားပုံအရ ဖြစ်နိုင်ရာ အကြောင်းမရှိမနေပြန်။ လူတူပုံမှားပြီး ရန်ဆောင်ဟန်ဖွဲ့ ပြောလာရှာသလား။ သို့ဖြစ်ရာ အမည်နှင့် ဘွဲ့ထူးပါလိုက် တူနိုင်လောက်ဖြင့် တိုက်ဆိုင်လွန်းလိမ့်မည် မထင်။

မိန်းကလေးနှစ်ယောက်မှာ သူနာစာရင်း၏ နောက်ဆုံးမှ ဝင်လာကြသူများဖြစ်နေ၏။ အောင်လင်းခိုင်ပင် မကြာခင် သူ့အိမ်ပြန်ဖို့အတွက် လာကြိုနေလေပြီ။ အောင်လင်းခိုင်လာသည်ကိုလည်း မိန်းကလေးနှစ်ယောက်စလုံး အမှုမထားဖြစ်ကြ။ အောင်လင်းခိုင်က သူမတို့နောက်ဖက်မှာ ဝင်ထိုင်ရင်း ဆေးပညာစာအုပ်စာတန်းတွေ လှန်လှောဖတ်ကြည့်နေ၏။

"မင်းတို့နှစ်ယောက်စလုံး … တစ်ခုခုမှားနေကြပြီနဲ့တူတယ် … "

"ဘာမှ မှားစရာအကြောင်းမရှိပါဘူး … ဒေါက်တာ ကျွန်မတို့ကို အရှုံးလုပ်ဖို့ ထပ်မကြိုးစားပါနဲ့ … ကျွန်မတို့ဘက်က အခုလိုက်တွေ့တာ တစ်နှစ်ခွဲစက လျှို့ဝှက်ပုန်းရှောင်ပြနိုင်တဲ့ … ဒေါက်တာ့လိုလူကို အမိလာဖမ်းပြရုံ သက်သက်ပါ … ဒေါက်တာ့အသံက ဖုန်းထဲမှာထက် ပို



ကြည်လင်နေပါလား … "

"ဟုတ်တယ် ထိပ်ထား … တို့တစ်တွေ ဒေါက်တာ အောင်လှိုင်ဘွားဆိုတာ တကယ်မရှိဘူးလို့ သံသယဖြစ်ခဲ့မိသေးတယ်နော် … "

"ကျွန်တော့်လို နာမည်တူ … ဘွဲ့တူ နောက်ထပ် လူတစ်ယောက်ကိုများ တွေ့ဖူးခဲ့ကြလို့လား … "

"အဲဒီလိုမေးတော့ … ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ ကုန်ကြေးကို အကြီးအကျယ်စော်ကားလိုက်တာနဲ့ အတူတူပဲ … အဲဒါ ဘာသဘောလဲ ဒေါက်တာ … "

"သဘောရိုးနဲ့ မေးကြည့်တာပါ … တကယ်ကို ကျွန်တော် … "

အောင်လှိုင်ဘွားစကားမဆုံးခင်မှာ ထိပ်ထားက မတ်တတ် ထရပ်လိုက်၏။ ခွန်တီကလည်း ထိပ်ထားလှုပ်ရာ လှုပ်မည့်ဟန်တပြင်ပြင်။

"ကျွန်မ … သိချင်တာ မြင်ချင်တာကို သိနိုင်မြင်နိုင်သွားပြီ … ကျွန်မအတွက်တော့ ဒီလောက်နဲ့တင် ရှိ လောက်သွားပါပြီ … အယောင်ဆောင်ကောင်းခဲ့တဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် … ဘယ်တော့မှ ယုံနိုင်စရာအကြောင်းမှမရှိတာ … ပက်ပင်းတွေ့တာတောင် ဆက်ပြီး ဟန်ဆောင်တော့မှာပေါ့ … ‘လိပ်’ ကို ‘ကြမ်းပိုး’ ဖြစ်အောင် ပြင်းနိုင်သေးတယ် … (ခနဲ့တဲ့တဲ့ရယ်သံ) … ”

“လာပါထိပ်ထားရယ် … ပါရဂူဘွဲ့ရထားတဲ့ လူတစ်ယောက်မှာ ဒီလိုစိတ်ဓာတ်နဲ့ အကျင့်စရိုက်မျိုးရှိလိမ့်မယ်ဆိုတာ … ယုံနိုင်စရာတောင် မရှိဘူး … ဒီလို ဒေါက်တာမျိုးကတော့ ခြင်းချက်ထားရမဲ့ ချို့ယွင်းချက် ဒေါက်တာကြီးပါပဲ … သူက ဒီလို စိမ်းရင့်မှတော့ ကိုယ်ကပိုပြီး ရင့်ရင့်စိမ်းပြလိုက်ပေါ့ … ”

ဆိုတီစကားကြောင့် စံထိပ်ထားတစ်ယောက် သူမရဲ့ ဂုဏ်မာန်မာန၊ မာနဘဝင်ဘဝကို ရုတ်ခြည်းသတိရပြီး ဆိုတီလက်ကိုဆွဲကာ အောင်လှိုင်ဘွားကို ‘ဟွန့်’ ခနဲ လုပ်ပြပြီး အခန်းထဲမှ ထွက်ခွာသွားကြ၏။ လူနာအယောင်ဆောင်၊ စာအုပ်ထပ်၊ တံကင်ယူ၊ နောက်ဆုံးမှ ဝင်တွေ့ပြီး ပြောချင်ရာပြောသွားကြသည့် မိန်းကလေးနှစ်ယောက်ကို စိတ်ကျွန်းမာရေး ချို့တဲ့၍ အတူတူလာပြကြတာများလားဟု အတွေးသံသယဖြစ်မိရပြန်၏။



မိန်းကလေးနှစ်ယောက် ထွက်သွား၍ ဆေးအိတ်နှင့်ညီးပစ္စယတွေ သိမ်းဆည်းနေစဉ်မှာ တူဖြစ်သူ အောင်လင်းခိုင်

“ခုန မိန်းကလေးနှစ်ယောက်ကြောင့် အန်ကယ်(လ်) ခေါင်းစားသွားတယ်နဲ့ တူတယ် … ”

“တကာယ့်ဟာလေးတွေပါပဲကွာ … ဘယ်လိုဖြစ်ပြီး ငါ့ကို အဲ့ဒီစကားမျိုးတွေ လာပြောနေကြသလဲ မသိဘူး … နှစ်ယောက်စလုံးက လူနာများလား … ဒါဆိုရင် … သူတို့ကို ဆေးခန်းပြဖို့ခေါ်လာတဲ့ အဖော်တွေကကော ဘယ်ရောက်ကုန်ကြပြီလဲ … ”

“အဲ့ဒီမိန်းကလေးနှစ်ယောက်စလုံး အရူးတွေမဟုတ်ကြပါဘူး … နှစ်ယောက်စလုံး ဆေး(၁) ကျောင်းသူတွေပါ အဲ့ဒီနှစ်ယောက်စလုံး … အရူးလုပ်ခံရလို့ … ဦးလေးနဲ့ ထိပ်တိုက် တမင်ကိုလာရှင်းတဲ့ပုံစံနဲ့ ဝင်တွေ့သွားတာပါ”

“ငါ နားမလည်နိုင်တော့ဘူး … အောင်လင်းခိုင် ဘာတွေလဲ … ဘာတွေလဲကွာ … ”

“အဲ့ဒါကို အန်ကယ်(လ်) နားလည်အောင် ကျွန်တော် အချိန်ယူပြီး အေးအေးဆေးဆေး ရှင်းပြပါ့မယ် … အိမ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး ... အနားယူချိန်ကြမှပေါ့ ... ”

“တကယ့်အာဂမလေးတွေပါလား ... ငါနဲ့ အခုမှစ, တွေ့ဖူးကြတယ် ... ဘာမှန်းမသိတဲ့ ပြဿနာစ,တတ်နေတယ် ... တို့မြန်မာလူကြီးသူမတွေ ပြောကြသလို ... ငါက်များနှိမ့်နေလို့လားပဲ ... ယကြာလေးဘာလေးချဉ်းမှ ...”

“အဲ့ဒီ နှစ်ယောက်ထဲက ... ဘယ်တစ်ယောက်ကို ဦးလေးသဘောကျသလဲ ... ”

“ဘာလဲ ... ငါတူက အောင်သွယ်တော်လုပ်ငန်းဖွင့်ပြီး ... အကျိုးတော်ဆောင်လုပ်ပေးနေလို့လား ... အဲ့ဒါဆိုရင်တော့ မျက်လုံးစောက်တောက်နဲ့ အသားဖြူဖြူကောင်မလေးကို သဘောကျတယ်ကွာ ... သူ့ပုံက မာကြောတဲ့ ရိုးသားပွင့်လင်းမှု ပုံစံလေး ... ”

ဒေါက်တာအောင်လှိုင်ဘွား စကားကြောင့် တူဖြစ်
အောင်လင်းခိုင် သက်ပြင်းကိုတ်ရှိုက်ပြီး လှိုက်လှိုက်လှဲလှဲ ပြုံး
လိုက်မိ၏။ ဦးအောင်လှိုင်ဘွား တစ်ယောက်မှာမူ မြန်မာပြည်
တချို့သော မိန်းကလေးတွေ ဤမျှအထိ ရင်ဘောင်တန်းပြီး ပြော
ဆိုရဲရှိလာတာကို သဘောခွေ့ပြီး။ အရင်က မိန်းမသားတို့ဘဝ



တခုတ်တရ နှိုင်းယှဉ်ပြီး အောင်လင်းခိုင်ကို ပြောပြနေ၏။

လူပျိုကြီးပီပီ သူသဘောကျသည့် မိန်းမတစ်ယောက်အကြောင်းကို ပြောပြနေရမည်ဆိုလျှင် ဆယ်ကျော်သက်ပမာ ငယ်မူပြန်မျက်နှာနှင့်။

“ဦးဘဝတစ်သက်မှာ ... စိတ်ကြိုက်အိမ်ထောင်ဖက်ကို ရှာလို့ မလွယ်တော့ဘူးဆိုပြီး ... လူပျိုကြီးဘဝနဲ့ အရိုးထုပ်ဖို့ပဲ ဆန္ဒရှိနေခဲ့တာ ... ဒီနေ့တွေကလိုက်ရတဲ့ ကောင်မလေးကြောင့် ... အဲ့ဒီဆန္ဒတွေ ပြောင်းပြန်ဖြစ်ကုန်ရတော့မယ်ထင်တယ် ... ”

“အန်ကယ်(လ်)အောင် သဘောကျတဲ့ ကောင်မလေးရဲ့ နာမည်က စံထိပ်ထားတဲ့ ... ”

“စံထိပ်ထား ... စံထိပ်ထား လူနဲ့နာမည်နဲ့ လိုက်ဖက်တယ် ... လိုက် ... အဲ့ဒီ စံထိပ်ထားကို ငါတူသိနေတယ်”

“သိတာပေါ့ ... ဆေးကျောင်းသူတွေ ... အဲ့ဒီစံထိပ်ထားက ပထမနှစ်မှာကတည်းက အလှဘုရင်မဘွဲ့ရထားတာ ... တကယ့်မာနခဲ ... ဘဝင်မြင့်သလို ဘဝလည်းမြင့်တယ် ... ရည်ရွယ်ချက်လည်း မြင့်တယ် ... သူနဲ့ လ[illegible]ဆက်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ထိုက်တန်တဲ့သူ မှန်းတဲ့နေရာမှာလည်း ... သူထက်ပို တော်တဲ့လူ ပိုပြီးစံပြဖြစ်နိုင်တဲ့ လူမျိုးကိုမှ လက်ခံစဉ်းစား တတ်တဲ့သူပေါ့ ... အန်ကယ်(လ်)ရဲ့ အရည်အချင်းနဲ့ ကြွယ်ဝချမ်းသာမှုနဲ့ ပေါက်မြောက်အောင်မြင်မှုတွေနဲ့ဆို အံကိုက်ပဲ ...”

အောင်လင်းခိုင်စကားကြောင့် ဒေါက်တာအောင်လှိုင် ဘွား ဟိုး၍ သဘောကျသွားပုံဖြင့် ပြုံးနေ၏။

“တကယ်လာတဲ့ ... စံပြမယ်လေး ... စံထိပ်ထားပါ လား ...”

“အန်ကယ်(လ်) အရွေးချယ်ခံဖို့ ဆန္ဒရှိနေပြီပေါ့ ...”

“ရှိတယ် ... ဦးကလည်း ... အဲ့ဒီလို မိန်းမမျိုးနဲ့မှ အခမ်းနားဆုံး လက်ထပ်ထိမ်းမြားချင်တာ ... ဒီလို မိန်းကလေးနဲ့ တိုက်ဆိုင်ဆုံစည်းအောင်လုပ်ပေးလိုက်တဲ့ ကံတရားကို ... တရားလွန်ကို ကျေးဇူးတင်လိုက်မိတယ် ကွာ ...”

“ဖြစ်လာလိမ့်မယ်လို့ ... ကျွန်တော်ထင်တယ် ... ခိုဗျာ ... ယုံကြည်နေတယ် ... စံထိပ်ထားနဲ့ ပတ်သက်ရင်



ရှုပ်နေတာလေးတွေတော့ ... ရှိသေးတယ် ... ခုနက အန်ကယ်(လ်)ကို လူမှားပြီး ပြောနေခဲ့ရတဲ့အကြောင်းကို အိမ်ရောက်မှပဲ ရှင်းပြတော့မယ် ...”

“အခု ရှင်းပြတော့ ... ဘာဖြစ်မှာမို့လို့လဲ ...”

“ကားမောင်းနေတယ်လေ ... အာရုံမများချင်ဘူး ... ရှင်းရမှာက အာရုံစူးစိုက်ပြီး ပြောတတ်ဖို့လိုတယ် ... ဒီလိုမှ မဟုတ်ရင် ကိုယ့်စကားနဲ့ ကိုယ်တောင် ပြန်ရှုပ်သွားနိုင် တယ် ...”

“ငါတို့ စကားကလည်း ... အဆန်းပါလား ...”

“အန်ကယ်(လ်) ကူသပေးဖို့ အပ်ထားတဲ့ ကျော်ဇင် မင်းထွန်းကို မှတ်မိလား ... ကျွန်တော့် သူငယ်ချင်းလေ”

“မှတ်မိတာပေါ့ ... စမ်းသပ်နေဆဲ လူနာလေ ...”

“စံထိပ်ထားနဲ့ ... ပတ်သက်ရှုပ်ထွေးနေတဲ့ လူတွေထဲ မှာ ... အဲ့ဒီ ကျော်ဇင်က ထိပ်ဆုံးကပါတယ် ... ရှုပ်ထွေး တယ်ဆိုတာ ... Sex တွေ ... ရှုပ်ပွေလိန်တာကို ဆိုလိုတာ မဟုတ်ဘူးနော် ... အပေါ်ယံ လူမှုဆက်ဆံရေး သဘော လောက်ကိုပဲ ပြောတာ အန်ကယ်(လ်)အောင် မှားရှုပ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီလား ... "

"ရှုပ်နေပြီ ... "

"အဲ့ဒါကြောင့် ... အိမ်ရောက်မှ အေးအေးဆေးဆေး ရှင်းပြမယ်လို့ ပြောတာပေါ့ ... ပြောချင်တာများနေတော့ စိတ်လောပြီး ... ထုံပိုင်း ထုံပိုင်းပြောဖြစ်၍ ... အစီအစဉ် ကျပြီး အဆက်အဆတ် ချိတ်ဆက်ဖြစ်နေရင်သာ အကြောင်း ပေါက်တယ် ... ချိတ်ဆက် မမိဘဲ ထုံပိုင်း ထုံပိုင်း ... ပြောနေရတော့ ပိုရှုပ်ထွေးကုန်ရတော့တာပေါ့ ... "

"ဒါဆိုလည်း ... အိမ်ကျမှ ပြောစေဗျာ ... "



ဂိမ်းဆိုင်ရှေ့မှာ ထိုင်မှိုင်နေသော သူ့ကိုကြည့်ကာ ဆီတီ မောင်နှမနှစ်ယောက်က သရော်လှောင်ပြောင်ချင် နေကြ၏။ အောင်လင်းနိုင် ရောက်လာပြီး နံနက်စာ စားဖို့လာခေါ်မှ လက် ဖက်ရည်ဆိုင် ထလိုက်လာရ၏။ ပဲနံပြား ကိုယ်စီမှာကြား စား သောက်ရင်းဖြင့်

"မင်းကို ... ငါပြောစရာရှိလို့ အခုလို စောစောစီးစီး ရောက်လာရတာပဲ ... ဘုန်းမာန်ခ ... "

"ထူးလှချည်လား ... ဘာပြောမှာလဲ ... မင်း ကောင်မလေး သူများနောက်ပါသွားလို့ ... ရင်လာဖွင့်တာ လား ... "

www.burmeseclassic.com

www.burmeseclassic.com



အောင်လင်းခိုင်က ဟက်ခနဲ ရယ်၏။ သူ့ဟာသကို လှပ်ရယ်ပြနေသည်နှင့် တူ၏။

"ငါ့ဦးလေး ... ဒေါက်တာအောင်လှိုင်ဘွားနဲ့ စံထိပ်ထားတို့တွေ့ဆုံဖြစ်သွားပြီ ... မတော်တဆ တိုက်ဆိုင်မှုကြောင့် မဟုတ်ဘူး ... စံထိပ်ထားကိုယ်တိုင်က ... စနည်းနာပြီး ရောက်ချလာကာ ... ရန်လိုဟန်ဖွဲ့ ပြောသွားတဲ့ စကားတွေက မင်းနဲ့အဆင်မပြေ ... ဘုဘောက်ကျတာတွေကိုပဲ ... ငါ့ဦးလေးကို မင်းတို့ ဖန်ဆင်းထားတဲ့ ဒေါက်တာအောင်လှိုင်ဘွားအမှတ်နဲ့ တဒိုင်းခိုင်းပြောချသွားတာကွ ..."

သူ့ရင်တွေ အတိုင်းအဆမဲ့ ခုန်ခါသွား၏။ ကြိုတွေးစိုးရိမ်သလိုဖြစ်လာခဲ့ပြီ။ သူဘာပြန်ပြောရမှန်း မသိအောင် စိတ်လှုပ်ရှားသွားမိ၏။ အောင်လင်းခိုင်က

"ဒီနေရာမှာ ... ပြန်ဖော်ပြောစရာ အကြောင်းခံတစ်ခုရှိနေတယ် ... အဲဒါက ဘာလဲဆိုတော့ ... ကျော်ဇင်ခွဲစိတ်မှုမခံရသေးခင်မှာ ငါ့ကိုပန်းသီးဝယ်ခိုင်းပြီး ... မင်းနဲ့လျှို့ဝှက်တိုင်ပင်တဲ့ကိစ္စ ... ငါအားလုံးကြားခဲ့တယ် ... ပန်းသီးသွားမဝယ်ဖြစ်ဘဲ ... အခန်းတံခါးကို လက်ညှိုးနဲ့အသာခုခံပြီး



ငါနားထောင်ခဲ့မိတယ် ... လူမှုရေးစည်းမစောင့်ဘဲ နားထောင်မိတာ ... ငါ့အပြစ်ပါ ... နားထောင်မိလို့လဲ ... လျှို့ဝှက်အကြောင်းတွေ အကုန်ကြားသိခဲ့ရတာပေါ့ ... ကျော်ဇင်က ငါ့ဦးလေး နာမည်နဲ့အတွဲထူးတွေကို ယုတ္တိရှိအောင် ဆွဲသုံးခဲ့တယ် ... နောက်တော့ ... ငါ့ဦးလေးပြန်ရောက်လာမှာကို ကြိုသိပြီး ... ကျော်ဇင်တော်တော်လေးကို စိုးရိမ်ပူပန်သွားတယ် ... လူမှားပြီး ဇာတ်လမ်းရှုပ်ကုန်မှာစိုးလို့ ... ငါ့ဦးလေးကို ဖုန်းအမြဲဆက်သွယ်နေတဲ့သူမှတ်ထင်ပြီ ... စံထိပ်ထားက ငါ့ဦးလေးကို ကြိုက်သွားမှာကျော်ဇင်အစိုးရိမ်ကြီး စိုးရိမ်သွားတယ် ... ပြီးတော့ ... ခွဲစိတ်ခံရပြီးတဲ့နောက်မှာ ... သူ့အာရုံကြောတွေ ထိခိုက်သွားနိုင်တာကိုလည်း ... ကြိုတွေးလန့်ထိတ်နေတယ် ... ကျော်ဇင်က စံထိပ်ထားအပေါ် အသေအလဲကိုသံယောဇဉ်ကြီးရှာတာပါ ... တစ်နေ့ သူလူကောင်းပြန်ဖြစ်လာမယ် ... ဖြစ်အောင် သူ့အိမ်က အစွမ်းကုန် ငွေပုံအောပြီး ကုသနိုင်လိမ့်မယ်လို့ ထင်ထားခဲ့တယ် ... သူ့အိမ်ကလည်းကုပါတယ် ငါ့ဦးလေးနဲ့လည်း ပြသစမ်းသပ်ကြည့်တယ် ... ပြင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ဖို့က (၁၀၀%) မှာ (၁၀%) လောက်မဲ မျှော်လင့်ချက်ရှိတော့တယ် ... အဲ့ဒီလို အခြေအနေမျိုးမှာ ငှါဦးလေးက စံထိပ်ထားကို တွေ့ပြီး ဘယ်မိန်းမမျိုးကိုမှ မနှစ်သက်မစွဲလမ်းဘူးတဲ့စိတ်နဲ့ ... စံထိပ်ထားကို နှစ်သက်သဘောကျသွားခဲ့တယ် ... လူပျိုကြီးလုပ်ဖို့ ဆုံးဖြတ်ချက်ကိုတောင် ချက်ချင်း ပယ်ဖျက်ပစ်လိုက်တဲ့အထိပဲ ... ”

“အောင်လင်းခိုင် ... မင်းက ... မင်းဦးလေးနဲ့ စံထိပ်ထားကို လှော်ပေးချင်နေတာလား ... အဲ့ဒါမဖြစ်သင့်ဘူး ကျော်ဇင်ဘယ်လောက်အထိ စံထိပ်ထားကို မြတ်နိုးတန်ဖိုးထားတယ်ဆိုတာ ... မင်းရော ... ငါရော အသိဆုံးပါ ... မင်းဦးလေးအတွက် မင်းဦးစားပေးလုပ်ဆောင်လိုက်ရင် ကျော်ဇင့်ကို ကျော်ဇင့်ရဲ့ မျှော်လင့်ချက်နဲ့ ... ရှင်သန်နေရတဲ့ ဘဝကို ကျော်ဇင့်ရဲ့ ... ပြိုင်ဘက်ကင်းတဲ့ ချစ်ခြင်းတရားကို သေကောင်ပေါင်းလဲ ဒုက္ခပေးနိုင်တဲ့သူဟာ မင်းဖြစ်သွားလိမ့်မယ် အောင်လင်းခိုင် ... ”

သူ့စကားကြောင့် အောင်လင်းခိုင်က ဆီရွှဲနေသော ဆံပင်ထဲကို လက်ထိုးသပ်လိုက်ပြီး ...



“ကျော်ဇင့် အခြေအနေက ... (၉၀%) လောက်ကို ဆိုးဝါးနေပြီပဲ ... ပြန်ကောင်းလာဖို့လမ်းမှ မမြင်တော့တာ ကျော်ဇင့်ကို ငဲ့ညှာပြီး ... ဒီအတိုင်း နေလိုက်ရရင်လည်း တစ်နေ့ စံထိပ်ထားက ... သူ့အိမ်ဂ သူဘောတူတဲ့ လူနဲ့ ယူသွားမှာပဲ ... ကျော်ဇင်လည်း မရ ... ငှါဦးလေးလည်း မရနဲ့ ... အခွင့်အရေးကောင်း တစ်ခုကို ... လက်လွှတ်ဆုံးရှုံးခံလိုက်ရသလို ဖြစ်သွားတော့မှာပေါ့ ... ”

နည်းလမ်းမှန်ကန်နေသော အောင်လင်းခိုင်စကားကြောင့် တုံဏှိဘာဝေ ဖြစ်သွားရသည်က သူ ဆိုသော ဘုန်းမာန်ခ။

“ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ ... ကျော်ဇင်ပြန်ကောင်းလာလို့ ... စံထိပ်ထားရဲ့ ... နောက်ဆုံးအဖျိုစင်ညအထိ ငါတို့စောင့်သင့်ရင် စောင့်ရမှာပဲမဟုတ်လား ... ငါ့အနေနဲ့တော့ ... အဲ့ဒီလို စံထိပ်ထား တစ်ပါးသူနဲ့ မထိမ်းမြားနိုင်အောင် ... ရတဲ့နည်းနဲ့ ထိန်းချုပ်ဆွဲဆောင်ရမှာပဲ ... ”

“ပြောသလို မလွယ်နိုင်ပါဘူး ... ဘုန်းမာန်ခရာ ... မင်းအခုတောင် ကျော်ဇင့်လေသံဖမ်းပြီး ... တယ်လီဖုန်းနဲ့ ရှုံးနုပ်နေတာ ဘာပိုပြီးထူးခြားလာလို့လဲ ... မင်းနဲ့ ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့တောင် ... အစိမ်းကွဲကွဲပြီး ဘုဘောက်ကျနေတာပဲ မျောက်လား ...”

“အဲဒါက ...”

“မင်း အခြေအနေကို ငါခန့်မှန်းမိပြီးသား ဘုန်းမာန် မင်းအနေနဲ့ ... ရှေ့ရှည်မလွယ်ပါဘူး ... ငှဦးလေးကိုပဲ ... ပို့ပေးလိုက်စမ်းပါ ... အရင်က ဖုန်းဆက်နေတဲ့ ဒေါက်တာ အောင်လှိုင်ဘွားနဲ့ ပြင်ပမှာ တကယ်ရှိနေတဲ့ ... ငှဦးလေး ဒေါက်တာအောင်လှိုင်ဘွားကိုသာ ပေါင်းစပ်ပေးလိုက်စမ်းပါ အဲဒါဆို ... ငှဦးလေးအနေနဲ့ စံထိပ်ထားကို ရရှိပိုင်ဆိုင်ဖို့ (၉၉%) သေချာသွားပြီ ... ဘယ်လိုလဲ ...”

သူက ခေါင်းကို ဖြည်းလေးစွာခါယမ်းပြ၏။ အောင်လင်းခိုင်က သူ့လက်မောင်းကို အားမလို အားမရဆုပ်ကိုင်ပြီး မေးလာသည်က

“ဘာဖြစ်လို့ ... မင်းက သဘောမတူတာလဲ ... ကျော်ဇင် မင်းအပေါ်ကျေးဇူးရှိသလို ငါလည်းရှိပါတယ်ကွ”

“ဟုတ်ပါတယ် ... ဒါပေမဲ့ ... ကျော်ဇင့်ကို ငါကတိ



ပေးထားပြီးပြီ ကတိအတိုင်းပဲ ဆက်လက်ဆောင်ရွက်ရလိမ့်မယ် ...”

“ဒီလောက် ရှင်းပြနေတာတောင် ... မင်းသဘောမပေါက်ဘူး ... ကျော်ဇင် ပြန်မကောင်းလာနိုင်တော့ဘူး ဘုန်းမာန် ... အဲ့ဒီကတိကို ဖျက်သိမ်းလိုက်တော့ ... ကျော်ဇင့်အပေါ် တင်တဲ့ကျေးဇူးကို ငါ့ကျေးဇူးနဲ့ချေချင်ချေပလိုက်ကွာ ... ငါ့အနေနဲ့ ... ငှဦးလေးကို စံထိပ်ထားနဲ့ လက်ထပ်ထိမ်းမြားစေချင်တယ် ... ငါတို့အမျိုးက မျိုးဆက်ရှားပါတယ် ... ငါ့မိဘတွေကလည်း မျိုးရိုးအစဉ်အဆက်ကို သိပ်အလေးထားကြတယ် ... ဘိုးစဉ်ဘောင်ဆက်ကတည်းက အလေးထားလာခဲ့တာ ... အဲ့ဒါတောင် ... ငါကစ်ယောက်တည်း ... မွေးပြီး ငါ့အမေရဲ့ရောဂါကြောင့် နားလိုက်ရတယ် ... မေမေက အားမလိုအားမရဖြစ်ပြီး ... ဦးလေးကို အိမ်ထောင်ချပေးချင်နေတယ် ... ဦးလေးက စိတ်ကြိုက်မတွေ့လို့ ငြင်းတယ် ... နောက်ဆုံးတော့ ... ရှားရှားပါးပါး ... ဦးလေးစိတ်ကြိုက်ဖြစ်ရတဲ့ စံထိပ်ထားကို တွေ့လာရတယ် ... ငါတို့ မျိုးနွယ်ရဲ့ မျိုးဆက်ရှားပါးမှုကို

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက ဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ ... ငါတို့ မိသားစု ရဲရဲမျှော်လင့်ဝံ့လာကြပြီ ... ”

အားတက်သရောနှင့် ပြောနေသော အောင်လင်းခိုင်ရဲ့ ကိုယ့်ဘက်ကိုယ်ယက် စကားကို သူခေါင်းငုံ့ပြီး နားထောင်ပေးနေရ၏။ စိတ်တွေက ကပ်လိုက် မကပ်လိုက်နှင့်။

“မင်းဘက်က ကြည့်ရင် ... မင်းအတွက်မှန်သလို ငါ့ဘက်က ... ကြည့်ရင်လည်း ... ငါ့အတွက်မှန်တယ် အောင်လင်းခိုင် ... ”

အောင်လင်းခိုင်က သူ့ကို စူးစူးစိုက်စိုက် ကြည့်ရင်း ...

“မင်းကိုယ်၌က ... စံထိပ်ထားကို စိတ်ဝင်စားပြီး စွဲလမ်းနေတာ မဟုတ်လား ... ဘုန်းမာန်ခ ... ”

သူ့ကို လှန့်လိုက်သည့်အမေး။ သူပြန်ကြည့်ဖြစ်လိုက်၏။ အောင်လင်းခိုက်ရဲ့ သံသယအကြည့်က သူ့ရင်ကို စူးစိုက်ထားသည့်နှယ်။

“ကတိစကား အတွက်ကြောင့်ပါ ... ”

“ဗန်းပြထားတဲ့ ... အကြောင်းပြချက်ပါကွာ ... ”

“စံထိပ်ထားရဲ့ ဆုံးဖြတ်ချက်သာ ... ရလဒ်အဖြေဖြစ်မှာပါ ... ”



“မင်းတို့ရဲ့ ... လျှို့ဝှက်ကြံဆောင်မှုကြီးသာ ပေါ်သွားရင် ... စံထိပ်ထားလို ... မိန်းမက မင်းတို့ကို သနားသက်ညှာ စာနာသယောဇဉ် စိတ်နဲ့ ခွင့်လွှတ်နားလည်ပြီး မင်းတို့ကိုစဉ်းစားပေးလာမယ် ထင်နေသလား ... မိုင်ပေါင်း ထောင်သောင်း ဝေးလွန်းပါတယ် ... ဘုန်းမာန်ခရာ ... ”

“ငါလို နတ္ထိကောင်အတွက် ကြိမ်းသေပဲပဲ ဟုတ်တယ် ... ကျော်ဇင့်လို လူမျိုးအတွက်တော့ ... အဖြေဟာ ... တစ်မျိုး ထွက်ချင်ထွက်နိုင်တယ် ... ”

“ကျော်ဇင် ပြန်မကောင်းနိုင်တော့ပါဘူး ဆိုမှကွ”

“အနားဂတ်ကို ကွက်တိမှန်အောင် ... မင်းတို့ငါတို့လို လူသာမာန်တွေ မပြောနိုင်ပါဘူးကွာ ... ကျော်ဇင် ကျေးဇူး တွေကို ငါခံ့ရမယ် ... မင်းရဲ့ကျေးဇူးကို မှငဲ့ချင်လို့ ... ဒီလို ပြောတာ မဟုတ်ပါဘူး ... ငါ့အနေနဲ့တော့ ... နောက်ထပ် အချိန်နည်းနည်းလောက် ထပ်စောင့်ကြည့်ပါဦး ... ကျော်ဇင့် မိဘတွေက ... ပြည်ပထွက်ပြီး သူ့သားကို ဆေးကုဖို့ ပြင်ဆင်နေကြပြီပဲ ... ”

သူ့စကားကြောင့် အောင်လင်းခိုင် အကြံအိုက်သွားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ

"ကောင်းပြီ ... မင်းပြောသလို စောင့်ကြည့်လိုက်ဦးမယ် ... ဒီကြားထဲမှာ မင်းကို ငါကြိုပြောပြထားချင်တာ တစ်ခုရှိတယ် ... ငါ့ဦးလေးကို ကျော်ဇင်က ဦးလေးနာမည်နဲ့ ဘွဲ့တွေယူသုံးပြီး ... ဖုန်းဆက်လှို့ဝှက်ချဉ်းကပ်ခဲ့တဲ့ ဇာတ်လမ်း အစအဆုံးကို မချွင်းမချန်ပြောပြလိုက်ပြီးပြီ ... ငါ့ဦးလေးက ခွင့်လွှတ်နားလည်ပါတယ် ... ကျော်ဇင် လူကောင်းအနေနဲ့ဆိုရင်တော့ ... စံထိပ်ထားကို ကြိုးစားမယ် ... ရယူမဲ့အရေးကို ငါ့ဦးလေးလက်လျှော့ချင်လျှော့လိမ့်မယ် ... ကျော်ဇင်ဖြန့်မကောင်းနိုင်တော့မှန်း စမ်းသပ်ပြီးလို့ ... သိထားပြီးတာမို့ ... ငါ့ဦးလေးက ကျော်ဇင်သုံးခဲ့တဲ့ ... နည်းအတိုင်းပဲ ... ဇါက်တာအောင်လှိုင်ဘွား အစစ်အမှန်နဲ့ စံထိပ်ထားအနားမှာ ... အခုနောက်ပိုင်းတစ,ပြီး ဝင်ရပ်တော့မယ် ... အဲ့ဒါ ကြိုပြောပြထားတာ ..."

"ဘယ်လိုဖြစ်နိုင်မှာလဲ ... ရှုပ်ကုန်တော့မှာပေါ့"

"ငါ့ဦးလေးက မီးစင်ကြည့် ကတတ်ပါတယ် ... မင်းဘာသာ ဖုန်းဆက်စရာရှိ ဆက်နေသွားပေါ့ ... လူကိုယ်တိုင်



တွေ့တာက ငါ့ဦးလေးတွေ့လိမ့်မယ် ... မင်းသာ စကားကို ထိန်းပြောပေး ... အဲ့ဒါ ငါ့ကျေးဇူးကိုသိတတ်ခြင်း တစ်မျိုးလို့ ငါယူဆမယ် ..."

သူ ပင့်သက်ရှိုက်လိုက်မိ၏။ အောင်လင်းမိုင်က

"ဘယ်လိုလဲ ... ငါပြောတာ သဘောတူရဲ့လား ... ဘုန်းမာန်"

သူ ခေါင်းမညိတ်ချင် ညိတ်ချင်နှင့် ညိတ်ပြလိုက်၏။

"ပါးစပ်က အတိအလင်းဝန်ခံတာကို ငါနားနဲ့ဆတ်ဆတ်ကြားချင်တယ် ... ဘုန်းမာန်ရာ ..."

"သဘောကွာ ... မင်းသဘော ... မင်းသဘော"

www.burmeseclassic.com

www.burmeseclassic.com



နောက် (၂) ရက်မြောက်မှာ ဖုန်းပိတ်မထား၍ ဖုန်းနှိပ် ခေါ်ဆိုခွင့်ရ၏။

"ထိပ်ထား ... ကိုယ့်အပေါ်စိတ်ဆိုးသွားတဲ့အပေါ်မှာ ကိုယ့်အနေနဲ့ ..."

"ကိုအောင် ... ကျွန်မကို လူကိုယ်တိုင်တောင်းပန်ပြီး သွားပြီပဲ ... ဘာလဲ ဖုန်းထဲကနေ ထပ်နောက်ပြောင်နေ တာလား ..."

"ထိပ်ထား စိတ်မဆိုးဘူးနော် ..."

"ဘာလဲ ကိုအောင်ပဲ ... ထိပ်ထားမကြိုက်တာမျိုး



ထပ်မဖြစ်အောင် ကြိုးစားနေပေးမယ်ဆိုပြီး ... ဝန်ခံ တောင်းပန်လိုက်လို့ ... ထိပ်ထားစိတ်ပြေသွားပြီး စကား တွေတောင် အပြန်အလှန်ရယ်ရယ်မောမော ပြောဖြစ်ကြ သေးတယ် ... ဘယ်လို ဦးနှောက်နဲ့ အာရုံကြောပါရှူကြီး ကလည်း လူရယ်စရာဖြစ်အောင် တမင်လုပ်နေပါ့လား ..."

"ဩော် ... ကိုယ်အခုတလော အလုပ်တွေများ အိပ်ရေးတွေပျက်ပြီး ... စိတ်တွေ ယောက်ယက်ခတ်နေမိ တာနဲ့ ..."

"အလုပ်ကိုလျှော့ပေါ့ ... လောဘကြီးပြီး စီးပွားသိပ် ရှာမနေနဲ့ဦး ... ကိုအောင်ပဲ လျှော့ပါ့မယ်ဆို ... ကိုအောင့် ဘက်မှာ ပြည့်စုံနေပြီဆိုတာ ထိပ်ထားကို ကျောင်းထဲလာ တွေ့တုန်းက မာစီးဒီးနဲ့လေ ... ကိုအောင်က ပြည့်စုံနေရဲ့ သားနဲ့ ထိပ်ထားကို တမင်ဟန်ဆောင်လှည့်စားနေတယ် အဲ့ဒါကြောင့် စိတ်တစ်ခါထပ်ဆိုးရတော့ ... ကိုအောင်ပဲ ထရိတ်ဒါးမှာ နေ့လယ်စာ လိုက်ကျွေးခဲ့တာ ... မမှတ်မိဘူး လား ... ကိုအောင်ဟာလေ ... လူချင်းတွေ့တော့လည်း ထိပ်ထားပြောတာကို ကြောင်သလိုလိုမေ့သလိုလိုနဲ့ အခု

www.burmeseclassic.com

www.burmeseclassic.com



လည်းကြည့် ဖွန်းနဲ့ပြောပြန်တော့လည်း ... အဲ့ဒီပုံစံဖြစ်နေ ဖြန်ပြီ ... ဆိပ်မနောက်နဲ့နော် ... စိတ်အခန့်မသင့်ရင် ထိပ်ထားက အတည်မှတ်ပြီး ကောက်ချင်ကောက်ပစ်လိုက်မှာ ... ”

“ထိပ်ထားရယ် ... ”

“လူကို ဘာလို့ ရယ်ခိုင်းနေရပြန်တာလဲ ... ”

“အဲ့ဒီလိုဆိုလိုတာ မဟုတ်ပါဘူး ... ရေရွှက်ညည်းတွား မိတာပါ ... ”

“ညည်းတွားရအောင် ... တုပ်ကွေးမိနေလို့လား”

စံထိပ်ထားက အပျော်စိတ်ဖြင့် ပြန်လှောင်နေ၏။ သူ မပျော်နိုင်။ ဒေါက်တာအောင်လှိုင်ဘွားက လက်သွက်ခြေသွက် စံထိပ်ထားကို ဝင်ရောသွားနိုင်လေပြီ။ သူ့ရင်ထဲ စိုးရိမ်ရေမှတ် လွှန်လာ၏။ အကြိုပေးအရာရှိ အောင်လင်းခိုင်ရဲ့ ပံ့ပိုးမှုဖြင့် မ သော ကာလမှာ ထိပ်ထားနှင့် ဒေါက်တာအောင်လှိုင်ဘွားတို့ ပြီ သွားကြတော့မှာ မြေကြီးလက်ခတ်မလွဲအောင် သေချာနေ၏

“ဒေါက်တာကြီးကို ... ဝမ်းသာစရာတစ်ခု ပြောရဦး မယ် ... အိမ်က သဘောတူထားတဲ့ လူကိုလေ ... ထိပ်ထား



ဒီနေ့မနက်ကပဲ အဆက်ဖြတ်ချလိုက်ပြီ ... ဘာဖြစ်လို့လဲ သိလား ... အဲ့ဒီလူမှာ အချစ်ဦးဆိုတဲ့ ပထမရည်းစားရှိနေလို့ ပေါ့ ... ထိပ်ထားက ဘယ်နေရာမှာမဆို ပထမပဲ ဖြစ်ချင် တယ် ... နံပါတ် (၁) ပဲ လိုချင်တယ် ... မဖြစ်လို့ကို မရဘူး အဲ့ဒါ ထိပ်ထားရဲ့ ခံယူချက်ပဲ ... ဒေါက်တာကြီးကို လှမ်းချင်း တွေ့တော့ ... မေးကြည့်သေးတယ်လေ မှတ်မိလား ... ”

“ဘာများလဲ ... ”

“အဲ့ဒါတွေ ပြောတာပေါ့ ... ဘာလဲ အရေးမထားတာ လား ... ”

“ပြောတဲ့ စကားတွေကများနေတော့ ... ”

“ကဲ ... ထား ... ဒါဆိုလည်း ပြောပြလိုက်မယ် ... ဒေါက်တာကြီးမှာလည်း ငယ်ချစ်ဦးတွေ ... ပထမ မိန်းကာ လေးတွေ နံပါတ်တစ် စတင်တွေ့ဆုံခဲ့ဖူးတဲ့ ချစ်သူတွေရှိမရှိ မေးကြည့်သေးတယ်လေ ... အဲ့ဒီတုန်းက ဒေါက်တာကြီး ပြန်ဖြေခဲ့တဲ့ အဖြေကို ... ဒေါက်တာကြီး မှတ်မိနိုင်ပါသေး တယ်နော် ... ”

“မရှိပါဘူး ကိုယ့်မှာ လုံးဝမရှိခဲ့ပါဘူး ... တို့ဘဝမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားဟာ အချစ်ဦး နံပါတ်တစ် ပထမချစ်သူပါ ... ”

“ဘယ်ဆိုးလို့လဲ ... မှတ်မိသားပဲ ... ဖုန်းထဲမှာပြန် ဖြေတာက ပိုပြီးတော့တောင် ပြည့်စုံသွားသေးတယ် ... လူကိုယ်တိုင်တွေ့တုန်းက ဖြေတာက မရှိဘူးပါတဲ့ ... ထိပ်ထားဘက်ကလည်း ဘယ်သူနဲ့မှ ဘာမှမဖြစ်ခဲ့ဖူးဘူး ... ဒီလောက်ဆို ဒေါက်တာကြီး နားလည်မှာပါနော် ... ”

“နားလည်ပါတယ် ထိပ်ထား ... ”

“သန်ဘက်ခါ ကျောင်းကိုလာတွေ့မယ်လို့ ပြောထားတာ အမှတ်ရပါသေးတယ်နော် ... မနက်ဖြန်က ဆေးရုံမှာ အချိန်ပိုင်း ဂျူတီဝင်စရာရှိလို့ဆို ... ”

“သြော် ... အင်း ... ဟုတ်လား ... ”

“လူချင်းတွေ့မှ စကားတွေအများကြီး ပြောကြတာပေါ့ ... အခုလို ဖုန်းနဲ့ လှမ်းဝှက်တွေ့ရလို့ စကားတွေ အများကြီးပြောဖို့ မလိုတော့ဘူးလေ ... စာတွေဖိကျက်စရာ ရှိနေသေးတယ် ... လူချင်းတွေ့မှ စန္ဒရားတီးပြ ... သီချင်းဆိုပြပေါ့ ... မကောင်းဘူးလား ... ”

“ဟို ... အခုလည်း အရင်လိုပဲ ပြောကြရအောင်လေ”



“စာကျက်ရဦးမယ် ... ခဏနေ မာမီက ဖုန်းလာသိမ်းသွားမှာ ... စာကျက်ချိန် ဖုန်းခိုးပြောနေမှာ စိုးလို့တဲ့ ... လူချင်းတွေ့ပြီး တစ်ယောက်ကို တစ်ယောက် နားလည်မှုရအောင် ညှိနှိုင်းပြီးနေပြီပဲ ... ဘာလိုသေးလို့လဲ ... ဖုန်းပြောတာ အချိန်ပိုအလုပ်တွေပါ ... ပြောစကားနားထောင်နော် သမားတော်ကြီးဖြစ်နေပြီ ... ကလေးဆိုးကြီးလို မဆိုးနဲ့တော့ ... လိမ္မာနော် ... ဘိုင့်ဘိုင် ... ”

“ထိပ်ထား ... ထိပ်ထား ... ထိပ်ထား ... ”

ဖုန်းချသွားလေပြီ။ ခေါ်မကြား အော်မကြား၊ ရင်ထဲရှိတာတွေ ပြောခွင့်မရလိုက်တော့။ ဒေါက်တာအောင်လှိုင်ဘွားရဲ့ အလိုက်သင့်နေရာရယူမှုကတော့ စိတ်ကုန်စရာကောင်းနေ၏။

သူ့အနေနှင့် ဒေါက်တာအောင်လှိုင်ဘွားနှင့် တွေ့ဆုံပြီး ညှိနှိုင်းကြည့်လျှင် ကောင်း မကောင်း စဉ်းစားတွေဝေမိ၏။ အောင်လင်းခိုင်က သူ့ဦးလေးရဲ့စိတ်ချမ်းသာကြည်လန်းမှုကို အရှောင်ဆိုးညစ်ထေးစေသူဟု စွပ်စွဲကာ စိတ်ဆိုးရန်စောင်လာမှာကိုလည်း နှိပြန်သေး၏။ အောင်လင်းခိုင်ဆိုသော တနင်္ဂနွေသားတွေ စိတ်ဆိုးပြီဆိုလျှင် ခဏတော့ တော်နေးဒိုးမုန်တိုင်း ကျသလိုဝင်း တုတ်

www.burmeseclassic.com



ထိုးအိုးပေါက်အောက်ထုတ်ပြောပစ်တတ်၏။ စိတ်ဆိုးပြေသွားလျှင်ဖြင့် ဘာမှမဟုတ်။

အောင်လင်းခိုင်နှင့်သူ ဆက်ဆံရေးမကောင်းမာချင်။

မည်သို့ရှိစေ ...

ဒေါက်တာအောင်လှိုင်ဘွားနှင့် တွေ့သင့်တာတော့ အမှန်ပင်။ ပြေလည်ရာ ပြေလည်ကြောင်း ပြောဆိုဆွေးနွေးရုံမျှနှင့်တော့ ပြဿနာမဖြစ်လာနိုင်ကောင်းပါဘူးလေ။



အောင်လင်းခိုင်ကို အသိပေးနေလျှင် တစ်မျိုးတစ်မည် ကြန့်ကြာနေမှာ စိုးရ၏။ ဒေါက်တာအောင်လှိုင်ဘွား ဆေးခန်းထိုင် ရာကိုသာ သွားတွေ့ဖြစ်လိုက်၏။ လူနာတစ်ဦးပမာ တိုကင်ယူ စောင့်ပြီးမှ ဝင်တွေ့ခြင်းပင်။

သူ့ကို တွေ့စက ဒေါက်တာအောင်လှိုင်ဘွား မမှတ်မိချင် ယောင် ဆောင်နေ၏။ သူက အကျိုးအကြောင်းပြောမြှ ...

"ဩော် ... အောင်လင်းခိုင်ရဲ့ သူငယ်ချင်း ဆိုတစ်ဦး ဦးကိုလာကြို့တဲ့အထဲမှာပါတယ်လေ ... နာမည်က ဘာမြမာန် ဆိုလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမာနီခပါ ... "

"ဟုတ်ပြီ ... ဟုတ်ပြီ ... အခု ဘာရောဂါဖြစ်လာသလဲ"

"ဒေါက်တာနဲ့ နှစ်ယောက်သား ဆွေးနွေးချင်လို့ပါ ... လူနာတစ်ယောက်ကို ကြည့်ရှုချိန်လောက်ပဲ ကြာမှာပါ"

ဒေါက်တာအောင်လှိုင်ဘွားက သဘောပေါက်သွားပြီး အနားမှ အကူရှိနေသော နာ့(စ်)မလေးကို အခန်းပြင်မှာ ခဏစောင့်နေဖို့ လှမ်းပြောလိုက်၏။

နှစ်ယောက်တည်း ရှိသောအခါမှ ...

"စိတ်ထိပ်ထားနဲ့ ပတ်သက်ပြီး ပြောချင်လို့ပါ ... အခု လောက်ဆိုရင် ... ဒေါက်တာလည်း အောင်လင်းခိုင်ပြောပြထားလို့ အကြောင်းရင်းခံ ဆက်နွယ်မှုတွေကို သိပြီးနေလောက်ပြီလို့ ကျွန်တော်ယူဆပါတယ် ... "

သူ့စကားကြောင့် ဒေါက်တာအောင်လှိုင်ဘွား မျက်မှောင်ကြုတ်သွား၏။

ပြင်းရှသောအကြည့်ဖြင့် သူ့ကိုလှေလာအကဲခတ်ကြည့်နေ၏။

"ဟုတ်ပြီ ... အဲ့ဒီတော့ ... "



"ကျွန်တော့်သူငယ်ချင်းကျော်ခင်က ဒေါက်တာ့နားချဉ်နဲ့ ဘွဲ့ထူးတွေကို ယူသုံးမိတာ ... သူငယ်ချင်းကိုယ်စား ကျွန်တော်လည်း အခြေအနေအရ လေးလေးနက်နက်တောင်းပန်ပါတယ် ... "

"ဒါ ... သိပ်ပြီး ပြဿနာမရှိပါဘူး ... မောင်ရင်ပြောချင်တာ ဆက်ပြောပါ ... "

"ကျော်ခင်ဖန်တီးထားတဲ့ ဒေါက်တာအောင်လှိုင်ဘွားရဲ့ နေရာမှာ ဒေါက်တာက အစစ်အမှန်အနေနဲ့ ဝင်နေရာယူလိုက်တာမျိုးဟာ ဒေါက်တာ့ရဲ့လူနာ ကျော်ခင်အပေါ်မှာ တစ်မျိုးတစ်မည်ပေါ့လေ ... မဖြစ်သင့်သလိုလေးများ ဖြစ်သွားနေသလားပေါ့ ... "

သူ့စကားကို ဆုံးအောင်နားထောင်နေ၏။ သူ့နှုတ်စိတ်ပြီး ဒေါက်တာအောင်လှိုင်ဘွားထံမှ စကားသံကို ပြန်ကြည့်ပြီး နားထောင်နေလိုက်သောအခါ ...

"ဒါကတော့ ... ဒီလိုအခြေအနေမျိုးဖြစ်လာအောင် ကိုယ့်အနေနဲ့ တမင်ဖန်တီးယူခဲ့တာ မဟုတ်ပါဘူး ... စိတ်ထားကိုယ်၌က လူမှားပြီး တိုးဝင်လာတာ ... ပထမတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖြေရှင်းဖို့ ကြိုးစားမိသေးတယ် ... ဒါပေမဲ့ ... အောင်လင်းခိုင်ရှင်းပြတော့မှ ဒီလို ဒီလိုတွေရှိတယ်ဆိုတာ သိလိုက်ရတယ် ... ကိုယ့်လူနာ ကျော်ဇင့်မင်းထွန်းအပေါ်မှာ ဆရာဝန်တာဝန်မဲ့နဲ့ ကိုယ်အခွင့်အရေးယူလိုက်တာတော့ လုံးလုံးမဟုတ်ပါဘူး ... စံထိပ်ထားကိုယ်၌က လွတ်လပ်တဲ့အမျိုးဇင်ဖြစ်နေတာရယ် ... ကိုယ်နဲ့တွေ့တော့ ကိုယ့်ကိုလိုလားမှုတွေ ပြသနေတာရယ် ... ကိုယ်လိုချင်တဲ့ မိန်းမသားပုံစံအဝင်နေတာတွေရယ်ကြောင့် ... လူကောင်းပြန်ဖြစ်လာဖို့မျှော်လင့်မှုမဲ့နေတဲ့ ကျော်ဇင့်ကိုယ်စား ကိုယ်ဝင်နေလိုက်တာပါ ... ဒီလိုလုပ်တာက ဟန်ဆောင်လိမ်ညာခြင်း တစ်မျိုးမှန်း ကိုယ်နားလည်ပါတယ် ... ဒါပေမဲ့ ကိုယ့်အနေနဲ့ စံထိပ်ထားနဲ့ ရင်းနှီးကျွမ်းဝင်ဖို့ အမြန်လမ်းက တစ်လမ်းပဲရှိနေတယ်လေ ... ကိုယ်ရွေးလိုက်မိတယ် ... ကျော်ဇင်ဦးထားတဲ့ ကုလားထိုင်မှာ ကိုယ်ဝင်ထိုင်လိုက်တဲ့သဘောပေါ့ကွာ ... အဲဒါကလည်း နောက်ပိုင်းကျတော့မှ စံထိပ်ထားနားလည်အောင် ကိုယ့်ဘာသာ နည်းလမ်းရှာကြံပြီး ပွဲမိမှားမိတဲ့ ဟန်ဆောင်အဖြစ်ကို ဝန်ခံမယ် ... တောင်းပန်မယ် ...



နောက်ဆုံး စံထိပ်ထား ခွင့်လွှတ်နားလည်နိုင်တဲ့အထိ ကိုယ့်ဘက်က လိုက်လျောတောင်းပန်မယ် ... ဒါဆို စံထိပ်ထားကျေနပ်သွားပြီး ကိုယ်နဲ့ စံထိပ်ထားတို့ ပျော်ရွှင်စွာ ဓာတ်ပေါင်းကြမယ် ... ကိုယ့်စိတ်ကူးနဲ့ ကိုယ်အကောင်အထည်ဖော်နေမိတာပဲ ... အဲဒီမှာတင် မထင်မှတ်ဘဲ ကျော်ဇင့်အစားဖုန်းထဲက အသံနဲ့ ဝင်တာန်ဆောင်ပေးနေရတဲ့ မောင်ရင်က ကြားညှပ်ပါနေတယ် ... ဟုတ်တယ် မောင်ရင်နဲ့လည်း ပြေလည်အောင် ညှိဖို့လိုတာပေါ့ ... ကိုယ်ပြောပြပါသေးတယ် ... အောင်လင်းခိုင်က သူ့သူငယ်ချင်းပါ ရတယ် သူပိုင်ပါတယ်ဆိုတာနဲ့ ကိုယ်လည်း ဒီအတိုင်းပဲ နေမြဲအတိုင်း နေလိုက်တာပါ ... "

ဒေါက်တာအောင်လှိုင်ဘွားက သူ့ဆီက တုံ့ပြန်မှုကို အလေးဂရုပြုကြည့်လာ၏။ သူက ...

"ကျွန်တော်က ကျော်ဇင် မခွဲစိတ်မီကတည်းက ဝန်ခံကတိပြုထားရတယ် ... ကျော်ဇင် ပြန်ကောင်းလာတဲ့အချိန်အထိ ကျွန်တော့်ကတိကို ကျွန်တော် စောင့်သိရိုသေရပါလိမ့်မယ် ... ဒေါက်တာ ... "

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင့်စိတ်ဓာတ်ကို လေးစားပါတယ် ... မဖြစ်ခင်က ကြိုတင်ဟားမြစ်နိုင်ခဲ့ရင်တော့ ... ကိုယ့်အနေနဲ့ ပြင်ဆင်ပြောင်းလဲပေးနိုင်လိမ့်မယ်ထင်တယ် ... အခုတော့ စိတ်လက် ခြောက်လို့မဖြစ်တော့ဘူး ... ဖြစ်ပြီးသွားပြီ ... ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ပြန်ထိန်းရမဲ့ အခြေဆိုက်နေပြီ"

"ဒေါက်တာ့အနေနဲ့ စံထိပ်ထားနဲ့ခင်မင်ရင်းနှီးမှုအဆင့်မှာပဲ ရှိနေဦးမှာပါ ... ခင်မင်မှုစည်းကနေ ဘောင်မကျော်ဘဲ အလိုက်သင့်မျောပြီး ဆက်ဆံသွားရင်လည်း ဖြစ်နိုင်တာပါပဲ ..."

"ကိုယ့်ဘက်က စည်းဘောင်ထားတယ်ပဲထား ... စံထိပ်ထားက မောင်ရင်တို့ စကားလုံးတွေနဲ့ ပစ်ခတ်ချည်နှောင်ထားလို့ သံယောဇဉ်နဲ့ ကိုယ့်ဘက်ကို တိမ်းမူးညွှတ်တွယ်လာရင် ... ညို့ယူဆွဲခေါ်လာရင် ... ပုထုဇဉ်တစ်ယောက်ဖြစ်တဲ့ ကိုယ့်ကိုယ်ကို တာဝန်ယူဖို့ တော်တော်ခက်ခဲသွားလိမ့်မယ် ..."

ဒေါက်တာအောင်လှိုင်ဘွားက ရအောင်ဖောက်ထွက်သွားပြီး အခြေ်းစကားလုံးများများသုံးပြီး ဇေလည်ကြောင်းပတ် ပေါ်ပြ



နေ၏။ မနှင့် ပတ်သက်လာလျှင် ဗိုသတ္တဝါတို့ မိုက်မှားမိခဲ့ကြသော ရာဇဝင်သမိုင်းမှာ စာတွင်ခဲ့ရပေါင်းလည်း များလှပြီ။ ရှေ့ဆက်တိုးရည့် အရိပ်အယောင်သာ ရှိနေ၏။ ဆွေးနွေးမှုမှာ မပြေလည်။ သို့ပြား အမုန်းမပွား၊ ယဉ်ကျေးစွာဖြင့် ညှိနှိုင်းမရသည့်အဖြစ်ကို ပိုနေမြဲထားနေမြဲအတိုင်းသာထားပြီး သူနှုတ်ဆက်ပြန်လာရတော့၏။

ထိုနေ့ညမှာပင် အောင်လင်းနိုင်ရောက်ချလာ၏။

"မင်းတော်တော် မိုက်ပါလား ဘုန်းမာန် ... ငှဦးလေးကိုတောင် မင်းက တက်ချဲရဲတယ် ... မင်းကိုတော့ ငါသိပ်အံ့ဩနေပြီကွာ ..."

"ငါလာတွေ့တဲ့အကြောင်းစုံကို မင်းဦးလေးက မင်းသိအောင် ပြောပြလိုက်ပြီလား အောင်လင်းနိုင် ..."

"ဟုတ်တယ် ... ဟုတ်လို့ ငါရောက်လာတယ် ... မင်းကွာ ကျော်ဇင့်ကျေးဇူးကျတော့ ခေါင်းပေါ်တင်ထားတယ် ... ငါ့ကျေးဇူးကျတော့ ဘေးကပ်ထားတယ် ... မင်းရဲ့ကျေးဇူးသိတတ်မှုဆိုတာ ဘာလဲ ... ဘယ်လိုကြီးလဲ ငါနားမလည်တော့ဘူး ..."

"မင်းကြိုက်သလို ပြောပိုင်ခွင့်ရှိတယ် အောင်လင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဒါက မင်းတို့ရဲ့ အလုပ်သမား အသိအမှတ်ပြုရုံလေး ပြခံထားရတဲ့ သူငယ်ချင်း ငါ့အပေါ်မှာ ... မင်းကြိုက်သလို ဆုံးဖြတ်နိုင်တယ် ... မင်းတို့က လူကောင်း ... ကျော်စင်က ... ”

သူဆက်ပြောမည့် စကားက ရှင့်သီးသွားမည်စိုး၍ ပြောမထွက်တော့။ အောင်လင်းခိုင်က ခေါင်းယမ်းခါပြီး ...

“ကျောင်းစင် ဆေးသွားကုတော့မယ် ... ကျော်စင်ရဲ့ အစုဝင်ငွေကို ငါပြန်အမ်းလိုက်တော့မယ် ... ဒီဆိုင်ကိုလည်း ငါဖြတ်တော့မယ် ... မင်းကို အမြင်ကတ်လို့ မဟုတ်ဘူး ဒီဆိုင်ရဲ့ လစဉ် အဆမတန် ကြီးလာတယ် ... မီးစက်နဲ့ လုပ်ရကိုင်ရတဲ့အခါ ဝင်ငွေနဲ့ ထွက်ငွေမမျှအောင် ဖြစ်လာတယ် အဲဒါကြောင့် ဒီဆိုင်ကို ဖြတ်ဖို့ စဉ်းစားရတာပဲ ... ”

“ကောင်းပြီလေ ... ငါအလုပ်ထွက်ပေးပါ့မယ် ... မင်း စိတ်ချမ်းသာအောင် ငါလုပ်မိရင် ... ငါအနူးအညွတ် တောင်းပန်ပါတယ် ... မင်းတို့ ဒီဆိုင်ထောင်ဖို့ လုံယုံတစ် ယောက်လိုတော့ ရက်စတောရင့်တစ်ခုမှာ ဝင်လုပ်နေတဲ့ ငါ့ကို အလုပ်ကထွက်ပြီး ဒီဆိုင်မှာ လုံယုံလုပ်ပြီး အကူအညီ ပေးဖို့ မင်းပဲ အတင်းခေါ်ခဲ့တာပါ ... အကူအညီပေးဖို့ဆိုပြီး



ရတဲ့လစာနဲ့ ငါဝင်လုပ်ပေးပါတယ် ... အလုပ်သမားနဲ့ အလုပ်ရှင်ဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပဲ ... ငါကသာ ငါ့ကျေးဇူးရှိတာတွေကို မေ့ပစ်တာ သူ့ကျေးဇူးကို အောက် မေ့တာကြောင့် မင်းဒီလို အထက်စီးက ပြောနိုင်တာပေါ့ မင်းကားအက်စီးဒင့်ဖြစ်တုန်းက သွေးလှူခဲ့တာ ငါပါ ... မင်းရန်ဖြစ်တုန်းက ရှေ့က ခံရိုက်ခဲ့လို့ အချုပ်ထဲရောက်ခဲ့ရ တာ ငါပါ ... မင်း ကောင်မလေးတစ်ယောက်နဲ့ ရှုပ်ပြီး ဒီအခန်းမှာ လာဖွက်ထားလို့ ... ကောင်မလေးရဲ့ အစ်ကို တွေက ငါ့ကိုဝိုင်းဝန်းပြောဆို စော်ကားကြတာကို အသေ အလဲတောင်းပန်ပြီး မင်းအစား ဖားစာခံဝင်လုပ်ပေးခဲ့ရတာ ငါပါ ... ကဲ ... အဲဒီကျေးဇူးတွေ မင်းအပေါ်မှာရှိတယ်လို့ ငါတစ်နစ်ခါ ပြောဖူးသလဲ ... မင်းကရော ငါ့ကို အလိုက်သိ သိနဲ့ ကျေးဇူးတင်ပါတယ် ... ကျေးဇူးရှိပါတယ်လို့ တစ်နစ် ခါ အသိအမှတ်ပြုပြီး တုံ့ပြန်ပြောဆိုဖူးသလဲ ... ထားလိုက်ပါ တော့ ... အခုအချိန်ကစပြီး ငါသွားတော့မယ် ... ”

သူပြောသမျှကို ပါးစပ်ပေါက်လောင်းကြီးဖြင့်သာ အောင်လင်းခိုင် နားထောင်နေ၏။ လိမ်းနှိပ်နေကြသော ကာလေး၊

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေလည်း ဝိုင်းကြည့်နေကြ၏။ သူရှက်သည်။ အဝတ်အစား အိတ်ကလေး ကောက်လွယ်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့လိုက်၏။ သည်အသက် သည်အရွယ်အထိ ဘာမှ အောင်မြင်မှုမရှိ။ ဘဝမှာ ဗလာနတ္ထိ။

လမ်းပေါ်မှာ ကားပေါင်းများစွာ၊ မြို့လယ်ခေါင် တိုက်ခန်းပေါင်းများစွာ၊ မြို့ဆင်ခြေဖုံးက အိမ်ရာအလုံပေါင်းများစွာ၊ အခန်းပေါင်းများစွာ၊ စီးပွားရေးလုပ်ငန်းပေါင်းများစွာ ... များစွာ ... များစွာနှင့် သူ့မှာ ဘာမှမသက်ဆိုင်၊ ဆံချည်တစ်မျှင်စာမျှပင် မပိုင်ဆိုင်။ သံသရာစက်ဝိုင်းကြီးကိုက သုညပုံစံ။

သူ့ဘဝကလည်း သုညပုံစံ။

သူ့ငယ်နာမည်ကလည်း နတ္ထိ။

ဗလာနတ္ထိ၊ သုညပဲရှိတာ ဘာဆန်းသလဲ၊ လိုရာခရီးကို လျှောက်။ သည်တစ်လမ်းနှင့် မရောက်လည်း၊ နောက်တစ်လမ်း ဆက်ဖောက် လျှောက်ရုံပေါ့။



စံထိပ်ထားထံ ဖုန်းဆက်ကြည့်မိ၏။ အောင်လင်းနိုင်တို့ ဘူဝရီးနှစ်ယောက် ဒေါက်တာအောင်လှိုင်ဘွားဆိုသော ဖန်တီးမှုရှင်းဇာတ်လမ်းကို စံထိပ်ထားသိအောင် ထုတ်ဖော်ပြောကြားထားခြင်းရှိသေးပုံမပေါ်၊ ဒေါက်တာအောင်လှိုင်ဘွားက ဦးနှောက်ကောင်းသူပီပီ ဆင်ခြင်စဉ်းစားပြီး လုပ်ကိုင်မှာ သေချာ၏။

ကိုယ့်ရှူးကိုယ်ပတ်မည့် အလုပ်ကို ဒေါက်တာလက်ရှောင်မှာ သေချာ၏။ ဘုန်းမာန်ခအနေနှင့်လည်း ရုတ်တရက်ဖွင့်ပြောရှိုးဖြစ်၊ ကျော်ခင့်ရဲ့ရည်ရွယ်ချက်ကို ရိုက်ချိုးပစ်ရာ ရောက်သွားမှာ ဖိုးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထားလား ..."

"ဟုတ်တယ် ... ညနေခင်းကြီး မဆက်စဖူး ဆက်နေပါလား ... ဘာလဲ အလုပ်ပါးသွားလို့ အားတာနဲ့ ဆက်လိုက်တာလား ..."

"မဟုတ်ပါဘူး ... ပြင်းပြင်းပြပြ သတိရလို့ ဆက်လိုက်တာပါ ..."

"ဩော် ..."

"ထိပ်ထားရော ကိုယ့်ကို သတိမရဘူးလားဟင် ..."

"ရတော့ရတာပေါ့ ... စာထဲကို စိတ်သွင်းနေရတယ်လေ ..."

"အရမ်းတွေ့ချင်တာပဲ ..."

"လာတွေ့လို့ရနေတာပဲ ... ကိုအောင်ဘယ်လိုဖြစ်နေတာလဲ ..."

ဒေါက်တာအောင်လှိုင်ဘွားက လက်ဦးမှုရယူထားလေပြီး ဘွန်းမာနိခ နူးနပ်ပြီးပြောနေသမျှ ဒေါက်တာအောင်လှိုင်ဘွားကို ပံ့ပိုးပေးသလို ဖြစ်နေတော့မည်။ ဖုန်းဆက်သည့်အကြောင်းအရာများအပေါ်မှာ ဒေါက်တာအောင်လှိုင်ဘွား မီးစင်ကြည့်က,တတ်မှာ



သေချာ၏။ သို့ဆိုလျှင် ...

ဒေါက်တာကြီးကို အကောင်းတွေပို့နေရတာထက်ပို၍ မြောက်သွားအောင် ပိုပို့ပေးတာလေးတွေ တောက်ခွပို့ထောင်ပေးချင် စိတ်ပေါက်လာ၏။ သို့မို့ကြောင့် ...

"ထိပ်ထားရဲ့ မွေးနေ့က ဘယ်တော့လဲ ..."

"တစ်ပတ်လည်လာဖို့က လိုပါသေးတယ် ..."

"ထိပ်ထားအတွက် လန်ဒန်က ကိုယ့်မိတ်ဆွေတစ်ယောက်ကိုလှမ်းမှာလိုက်တဲ့ လက်ဆောင်တွေ မှိုင်ပေးစရာရှိတယ် ... မနက်ဖြန်တွေ့ကြရင် ကိုယ်ယူလာခဲ့မယ်သိလား"

"သန့်ဖက်ခါမှ ထပ်တွေ့ဖို့ ပြောခဲ့ပြီး ဘယ်လိုလုပ်မနက်ဖြန်ဖြစ်သွားရတာလဲ ..."

"ဩော် ... ဟုတ်တယ် သန့်ဖက်ခါလာတွေ့ရင်ယူလာမှာကို ပြောတာ ... ကိုယ့်လက်ဆောင်ကို လက်ခံပါနော်"

"ဘာလက်ဆောင်တွေမို့လို့လဲ ..."

"ပေါင်တစ်သိန်းခွဲတန်တဲ့ ဇေ့စပ်စိန်လက်စွပ်တစ်ကွင်းရယ် ... ပေါင်ငါးထောင်လောက်တန်တဲ့ အာမာနီဂျာကင်အကောင်းစားရယ် ... ပေါင်လေးသောင်းလောက်တန်တဲ့

www.burmeseclassic.com



ပွဲတက် သိုးမွေးပုရွှိထည်ပဝါရယ် ... ကိုယ်လက်ဆောင်ပေးချင်လို့ လန်ဒန်က တကူးတက လှမ်းမှာယူလိုက်ရတာ အခုရောက်လာပြီ ... ”

“အဲဒီလောက် တန်ဖိုးကြီးတွေမလိုပါဘူး ... တော်တန်ရုံလောက်ဆို တော်ရောပေါ့ ... ကိုအောင်ရယ် ... ”

“ထိပ်ထားအတွက်ဆို ... အသက်ကိုတောင် ပုံပေးထားတာ ... အဲဒီလောက်ကတော့ အပရိကပါကွာ ... ”

“ကိုအောင်ရယ် ... အဲ့ဒီလောက်တောင်ပဲလားကွယ်”

အနံ့ကြီးကွင်းကျယ်တွေ လေပူဖေါင်းဖောက်ပြရတာ စိတ်ထဲက ယားကျိကျိနှင့် ရယ်ချင်လာ၏။ မလိုပါဘူး၊ မမက်ပါဘူးဆိုသော မိန်းမရဲ့လေသံက ကိုအောင်ရယ်ဆိုပြီး ချွဲပျစ်သံပြောင်းလဲသွားပုံက မြန်ဆန်လွန်းပေစွ။

အတို့အထောင်တော့ လုပ်ပေးလိုက်ပြီ၊ သိမ်ချမ်းသာတဲ့ ဒေါက်တာအောင်လှိုင်ဘွားတော့ မျက်ခုံးကြိုလှုပ်ဖို့သာ ပြင်ထားပေတော့။



တွေ့ဆုံဖို့ချိန်းထားရာနေရာမှ ခပ်ဝေးဝေးတစ်နေရာမှာ နှစ်ကိုယ်ကြား စကားပြောချင်၍ စံထိပ်ထားကို ခေါ်ဆောင်လာခဲ့၏။ ဝါးတန်းဆိပ်ကမ်းက သင်္ဘောပုံစံနှင့် ပရင့်ဆက်(စ်)စားတော်ဆက်မှာ အတူထိုင်ပြီး စားသောက်ရင်း စကားပြောဖြစ်ကြ၏။

နဖူးပေါ် ဖြေဝဲကျနေသော ရေအိုးရောင်ပျော့သမ်းသည့် ဆံပင်၊ စိန်ပွင့်စေ့တပ်ထားသော နက်ပြာရောင်လည်ပတ်၊ ပခုံးသားဝင်းနုဝါရွှေကို ထင်းကြွပေါ်လွင်စေမည့် နက်ပြာရောင်အကျီဒီဇိုင်းတို့နှင့် တင့်တယ်လှပနေသော စံထိပ်ထားကိုကြည့်ပြီး အောင်လှိုင်ဘွား ရင်တွင်းမှာ ရင်ခုန်သံတွေ တဒိန်းဒိန်းခုန်ခါနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တလပ်ချက်ထဲက ရှန့်ဝိန်လို ရှတာယစ်မူးဖွယ်ရာကောင်းသော အလှ၊ စံထိပ်ထားက အကြည့်ခံရသည်ကို ပီတိလည်းဖြစ်၊ ရှက်စိတ်လည်း ရင်ထဲရှစ်ရစ်တက်နေသလို ခေါင်းလေးငုံ့ရင်း အကြည့်ကို ဖက်သိုနေ၏။

"ဟိုတစ်နေ့ညနေက ဖုန်းဆက်သေးတယ်နော် ..."

"ဩော် ... ဟုတ်တယ် သတိရတာနဲ့ ..."

"ဘာတွေ ပြောမိသွားသေးလဲလို့ မေးဦးမယ် မဟုတ်လား ... ဦးနှောက်နဲ့ အာရုံကြောပါရှုကြီးရဲ့ ..."

(ဒေါက်တာအောင်လှိုင်ဘွား အရှက်ပြေရယ်လိုက်သံ)

"ကိုယ်က အလုပ်များရင် နာရီပိုင်းလောက်နဲ့တင် မေ့ချင်မေ့သွားတတ်လို့ပါ ... အကျင့်ပေါ့ ... အကျင့်ပျောက်အောင် ပြန်ဖျောက်ရမှာပေါ့ ..."

"ထိပ်ထားကို လက်ဆောင်ပေးမလို့ဆို ..."

"ဟုတ်သားပဲ ... ဟုတ်တယ် ... ဟုတ်တယ် ..."

"လန်ဒန်က အသိမိတ်ဆွေဆီ လှမ်းမှာလိုက်တဲ့ လက်ဆောင်တွေတဲ့ ... ပေါင်ငါးထောင်တန်တဲ့ အာမာနီဂျာကင် ပေါင်လေးထောင်းတန်တဲ့ ပွဲတက်သိုးမွေးပဝါရယ် ... နောက်



ပြီး ..."

စံထိပ်ထားရဲ့ စကားကြောင့် ဒေါက်တာအောင်လှိုင်ဘွား ခေါချွေးပျံသွားသည်။ မနည်းမနောငွေကြေး၊ ငွေကြေးကုန်သည်က အကြောင်းမဟုတ်။ လန်ဒန်အထိအောင် အမြန်လှမ်းမှာရမည့်အရေးက မလွယ်။

"ပေါင်တစ်သိန်းခွဲတန်တဲ့ ဓနုစဝ်စိန်လက်စွပ်တဲ့ ..."

"ဩော် ... ဟုတ်တယ်လေ ... ကိုယ်ပေးမလို့ ဒီနေ့ ထိပ်ထားကိုတွေ့ချင်တာနဲ့ ... အလုပ်က ပြီးပြီးချင်း လောလောနဲ့ ထွက်လာလိုက်တာ ... လက်ဆောင်တွေ မေ့ကျန်ခဲ့တယ် ... ဒီတစ်ရက် နှစ်ရက်အတွင်း ထိပ်ထားဆီရောက်အောင် ကိုယ်ပို့ပေးပါ့မယ် ... စိတ်ချနော် ကိုယ့်ရဲ့မေ့လျော့ပေါ့ဆမှုကိုလည်း ... အဲ ... ဟဲ ... အရှင်လိုပဲ နားလည်ခွင့်လွှတ်ပေးပါ ..."

စံထိပ်ထားရဲ့ ပြုံးမဲ့မဲ့အကြည့်ရှုရှုက အောင်လှိုင်ဘွားရဲ့ရင်ကို ကလိနိုင်စွမ်းအကြည့်ရှိ၏။ သူနှင့် ဆွေးနွေးမှု အဆင်မပြေပြေမှ တူဖြစ်သူနှင့်ပါ မပြေမလည်ဖြစ်ပြီး အလုပ်ထွက်သွားသည်ဆိုသော ဘုန်းမာန်ခရဲ့ ချောက်တွန်းချက်သာဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



စံထိပ်ထားကို ပြန်လည်ကြည်ဖြူအောင် ချော့မော့ဖျောင်းဖျလိုက်ရေး၏။ လန်ဒန်လက်ဆောင်ပေးရမည့် အသိစိတ်ကြောင့် ထိုနေ့က စကားဆက်ပြောရသည်မှာ သူ့မှာ စိတ်မဖြောင့်နိုင်အောင် ဖြစ်နေရ၏။ ငွေကြေးကုန်ကျမှာထက် တစ်ရက်နှစ်ရက်အတွင်း လက်ဆောင်တွေ အမြန်ရောက်အောင် လုပ်မှာရမည့်အရေး၊ ပေါင်ငွေနှင့် လဲလှယ်ရမည့် အတွေးတွေက သူ့ကို လှန့်လှန့်နေ၏။

စံထိပ်ထားကို ပြန်ပို့ပေးပြီးသည်နှင့် တူဖြစ်သူနှင့် တွေ့ဆုံဆွေးနွေးဖြစ်ရပြန်၏။ အောင်လင်းခိုင်က စံထိပ်ထားနှင့် တွေ့ဆုံပြီး မြတ်မြတ်သားသား ဝန်ခံကာ ဖြေရှင်းပစ်လိုက်ဖို့သာ တိုက်တွန်း၏။

သူက ...

အသေအချာအကွက်ချပြီး ဟာကွက်မရှိအောင် ပြင်ဆင်စဉ်းစားချင်သေး၏။ အထပ်ထပ်စဉ်းစားပြီးသောအခါမှ ...

သူက လုပ်သင့်လုပ်ထိုက်တာကို လုပ်မည့်သူသာ။



ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ်တစ်ခုမှာ အလုပ်ရမည်ဟု သူခေတ္တတည်းခိုနေသော ဘုန်းတော်ကြီးကျောင်းမှ အဆက်အသွယ်တစ်ခုရလာ၏။ စာသင်ကျောင်းတိုက်ဒကာတစ်ယောက်ကို ဆရာတော်ဘုရားကြီးက မေးမြန်းစုံစမ်းပေးခြင်းဖြစ်၏။ ဒကာ၏တူက အပန်းဖြေဟိုတယ်မှာ မန်နေဂျာ၊ ရိုးသားသော အလုပ်ကြိုးစားသောလူကို အလိုရှိနေ၏။

ဟိုတယ်နှင့် သက်ဆိုင်သော ပညာရပ်တွေကို လက်ဆုပ်ကိုင်ရုပ်း သင်ကြားပြသပေးသွားမည်ဟု ဆို၏။

ဘုန်းမာန်ခမှာ အခေါ်တွေ့နေရသည်မှာ ထိပ်ထားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောရ ခက်သွားမှာကိုပင်။ ပင်လယ်ကမ်းခြေဟိုတယ်မှ လှမ်းဆက်ပြောလျှင်ရသည့် လခဖြတ်မည့်အပြင် အရင်းပါ စိုက်ရနိုင်၏။ ရက်သတ္တပတ်မှာမှ တစ်နာရီပြောလျှင်တော့ ဖြစ်နိုင်၏။ မပြောဘဲ နေရသည့်ဒဏ်၊ အဝေးရောက် လွမ်းဆိပ်သင့်သည့်ဒဏ်ကို ခံနိုင်ပါ့မလားဟု အခါခါပြန်စဉ်းစားကြည့်၏။

လွမ်းရေးထက် ဝမ်းရေးခက်နေရပြီမို့ ရရာအလုပ်ကို လက်ခံပြီး မန်နေဂျာဦးလေးကြီး ညွှန်ပြသည့်လိုက်သည့်အတိုင်း ပင်လယ်ကမ်းခြေဟိုတယ် သူရောက်သွားတော့သည်။

ဟိုတယ်မန်နေဂျာထံ ဦးလေးဖြစ်သူက ဖုန်းကြိုဆက်ပြီး အကြောင်းကြားထား၏။ စားပွဲထိုး၊ စားဖိုအကူ၊ တောက်တိုမယ်ရလုပ်သား တစ်ခုခုလုပ်ရမည်ဟု သူမျှော်လင့်ထားသော်လည်း သူတတ်သောပညာတွေကိုကြည့်ပြီး မန်နေဂျာက ...

"မင်းကို ရေကူးတတ်တယ် ... ကျွမ်းကျင်အဆင့်ပါလား ... ပြိုင်ပွဲတွေမှာတောင် ဆုရဖူးတယ်ဆိုတော့ ... အင်းစက်ပြင်ပညာလည်း တတ်တယ် ... ဒါဆိုရင် မင်းကို ဟိုတယ်က ပိုင်တဲ့ စပီဘုတ်မောင်းခိုင်းရမယ် ... ကားမောင်းလိုင်စင်လည်း ရှိထားသားပဲ ... စပီဘုတ်မောင်းတာ သင်



လိုက်ရင် ... ဘာမှမကြာပါဘူး ... မခက်ပါဘူး ..."

"ဟုတ်ကဲ့ ရတဲ့အလုပ် ကျွန်တော်လုပ်မှာပါ ..."

"အေး ... အဲဒီလို လူမျိုးကို ကြိုက်တယ် ... ဟိုတယ်မှာ လာတည်းတဲ့လူတွေ တခြားအရှားခေါ်ချင်တဲ့လူတွေရှိရင် ... ဒီပင်လယ်ကမ်းခြေအနားက ကျွန်းတွေကို လှည့်ပတ်မောင်းပို့ပြီး လိုက်ပြပေးရမယ် ... အခကြေးငွေယူရမဲ့အလုပ်ပေါ့ ... ဟိုတယ်ကလူတွေ ... အထူးသဖြင့် ဖောက်သည်တွေကို ဦးစားပေးရမယ် ... ဆက်ဆံတဲ့နေရာမှာ ချိုသာယဉ်ကျေးရမယ် ... အားပေးသုံးစွဲသူဘက်က ဘယ်လောက်မှားမှား ကိုယ့်ဘက်က စိတ်ရှည်သည်းခံရမယ် ..."

ဟိုတယ်မန်နေဂျာရဲ့ မှာတမ်းချွေသံအဆုံးမှာ သူ့အတွက် နားခိုအိပ်ဆောင်ကို လုပ်သားတစ်ယောက်က လိုက်ပြပေး၏။ နောက်တစ်နေ့မှာ စပီဘုတ်မောင်းသင်ရ၏။ တစ်ရက်နှင့် တတ်သော်လည်း သုံးလေးရက်မျှ ကျွမ်းကျင်အောင် အမောင်းသင်ပြီး စတန့်တွေပါ ထွင်ပြလိုက်ရ၏။ အမောင်းသင်ဆရာက သူ့အပေါ် စိတ်ချလက်ချဖြစ်သွားသောအခါ ပင်လယ်ကမ်းခြေသပန်းခြေဟို

www.burmeseclassic.com

www.burmeseclassic.com



တယ်ရဲ့ စပီဘုတ်ယာဉ်မောင်းတစ်ဦးဘဝကို သူရောက်သွားရလေပြီ။

မပြောမဆိုနှင့် ဖုန်းပြောခြင်း ရပ်နားထားသော သူ့ကို စံထိပ်ထား တစ်ယောက်ဖြင့် ဘယ်လိုမှ ထင်မြင်သဘောရနေလိမ့်မည် မဟုတ်။ အနားမှာ ဒေါက်တာအောင်လှိုင်ဘွားတစ်ယောက်လုံး အရှင်လတ်လတ်ရောက်နေသည်မဲလေ၊ ဒါသည်လည်းပဲ တစ်ခုတော့ ကောင်းနေလေရဲ့၊ ဖုန်းပြန်ဆက်ချင်သည့်အချိန်ပြန်ဆက်၊ ဖုန်း မဆက်ဖြစ်ကြောင်းကို ဖြေရှင်းချက်တွေ ပေးနေစရာ မလိုအပ်တော့။

မကြာသောကာလမှာ စာမေးပွဲတွေဖြေဆိုကြတော့မည်။ ဖြေဆိုပြီးသည်နှင့် နွေရာသီ ကျောင်းပိတ်ရက်ရှည်ပိတ်သည့်ကာလ ကို ရောက်လာတော့မည်။ နွေရာသီ၏ ပွင့်လင်းမှုနှင့်အတူ အပန်း ဖြေခရီးထွက်သူတွေ ပင်လယ်ကမ်းခြေမှာ တောင်ပုံရာပုံဖြစ်လာ ပေတော့မည်။

သူ့အတွေးကိုရပ်ပြီး ယခုည စံထိပ်ထားဆီ ဖုန်းဆက်ဖို့ ဆုံးဖြတ်ချက်ချလိုက်မိ၏။

❤❤❤❤❤



"ထိပ်ထားလားဟင် ..."

"ကိုအောင် ... ညဘက်ကြီး မပြောမဆိုတဲ့ ဆက်ဖြစ်ပြီ ..."

"လွမ်းလို့ပါ ..."

"ဒီညနေကမှပဲ တွေ့ဖြစ်ကြသေးတယ် ... အဲဒီလောက်ကြီး အဖြစ်သည်းလွန်းတာတော့ မိုင်ပိုလွန်းအားကြီးတယ်"

"ဒီညနေ ..."

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ ... နောက်ဆိုရင် ဖုန်းဆက်တာထက် လူကိုယ်တိုင်ပဲ လာတွေ့တော့မယ်လို့ ... ဖုန်းမဆက်မိအောင် ကြိုးစားနေမယ်ဆို ..."

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟုတ်တော့ ဟုတ်ပါတယ် ... ဒါနဲ့ ကိုယ်ပေးတဲ့ လက်ဆောင်တွေရလား ..."

"ဘာကြောင့်ရပြန်ပြီလဲကွာ ... ဘယ်နှစ်ခါ ထပ်ပြောနေမှာလဲ ... ပေးပြီးပြီလေ ... ဈေးစပ်လက်စွပ်ပေးရင်းနဲ့ ရင်ဖွင့်သွားတာကို မှတ်မိသေးရဲ့လား ... ကိုအောင့်ကြောင့် ထိပ်ထားတော့ ကြာလေ စဉ်းစားရခက်လာလေပဲ ..."

"ကိုယ်က တစ်ခါတလေ အဲဒီလို လွှတ်သွားတတ်လို့ပါ ..."

"ဟာ ... မလွယ်ပါလား ဒါဆို ... ကိုအောင့်ကို ဘယ်လို ယုံရတော့မှာလဲ ..."

"အရေးကြီးတာတွေတော့ မလွှတ်ပါဘူး ... ကိုယ်ရင်ဖွင့်လိုက်တော့ ထိပ်ထားက ကိုယ့်အချစ်ကို လက်ခံလိုက်တယ်လေ ... ကိုယ်မှတ်မိတာပေါ့ ... ကိုယ်အရမ်းပျော်သွားတာပဲ ..."

"ဘာပြောနေတာလဲ ... ဘယ်မှာ လက်ခံလိုက်လို့လဲ စဉ်းစားဦးမယ်ဆိုပြီး အဲဒီလက်စွပ်ကို ပြန်ပေးလိုက်တာလေ ကျန်တာတွေပဲ လက်ခံလိုက်တဲ့ဟာကို ... လူကို နထူနအ



များ မှတ် ... ားပဲ ... ဖက်ရှင်ရှော့က ဝင်ဝယ်လာတဲ့ ပစ္စည်းတွေ ... ဒန်က လှမ်းမှာရတယ်ဆိုပြီး ညာပြီးနေလို့ ... ဗိုက်ခေါက်လိမ်ဆွဲလိုက်ရတာ မမှတ်မိတော့ဘူးလား ..."

"မှတ်မိတာပေါ့ အခုတောင် နာနေသေးတယ် ..."

အောင်လှိုင်ဘွားကို အဖြေရရှောရာ မပေးသေး၍ သူ ပျော်သွား၏။ ထို့ကြောင့် ...

"ထိပ်ထား ..."

"ပြော ... ပြော ... စာမေးပွဲနီးနေပြီ ... စာကျက်နေရပြီ ... ဖုန်းသိပ်မဆက်နဲ့တော့နော် ..."

"ဖုန်းမဆက်စေချင်ရင် ကိုယ်ပြောတာကို အခုအချိန်လောင် ... ကိုယ်ဟာ ... ကိုယ်ဟာ ... ဒေါက်တာ အောင်လှိုင်ဘွား မဟုတ်ဘူး ... တခြားလူတစ်ယောက်ပါ မင်းမယုံရင် ... ဒေါက်တာအောင်လှိုင်ဘွားဆီ ဖုန်းခေါ်ကြည့်လိုက် ... အသက်ကွဲပြားတာကို သိလိမ့်မယ် ..."

"မနောက်စမ်းပါနဲ့ ကိုအောင်ရယ် ..."

"ကိုယ် တကယ်ပြောနေတာပါ ... ဒီနေ့အထိ ထိပ်

www.burmeseclassic.com

www.burmeseclassic.com



ထားအနေနဲ့ ဒေါက်တာအောင်လှိုင်ဘွားကို ဖုန်းနဲ့စကား ပြောဖူးသလား ...”

“မပြောဖူးဘူး ...”

“ဒါဆို ဆို့တို့ကို ဒေါက်တာ့ဆေးခန်းလွှတ်လိုက် ... ဒေါက်တာ့ဟမ်းဖုန်းနံပါတ်ကို ထိပ်ထားစုံစမ်းထားပြီး လှမ်းဆက်ကြည့်လိုက် ... ဒေါက်တာအောင်လှိုင်ဘွားကိုယ်တိုင် တစ်ဖက်က ပြောနေတာ ဟုတ် မဟုတ်ဆိုတာ ... ဆို့တို့က အနားမှာ သက်သေအဖြစ် ရှိနေပါစေ ... ထိပ်ထားဆက်လိုက်တာနဲ့ ဒေါက်တာအောင်လှိုင်ဘွားရဲ့အသံဟာ ကိုယ့်အသံနဲ့ လုံးဝမတူတာ ထိပ်ထားသိလာရလိမ့်မယ် ...”

“ထိပ်ထားစာတွေ ဝိနေတယ် ... စိတ်ရှုပ်အောင် မနှောက်ပါနဲ့ ကိုအောင်ရယ် ...”

“ကိုယ် တာတယ်ပြောနေတာပါ ... ကိုယ် အခုဆက်နေတာ ပင်လယ်ကမ်းခြေဟိုတယ်တစ်ခုက ... ဟမ်းဖုန်းကိုသာ ဆက်လို့ရရင် ကိုယ်ဘက်က ဆက်တယ်ဆိုတာ ထိပ်ထားခန့်မှန်းနိုင်မှာပါ ... အခုပြောနေရတာက အိမ်ဖုန်းနဲ့ ပြောနေရတာဆိုတော့ ထိပ်ထားမှုံ့ချင်မှ ယုံမယ် ...



မယုံရင် ကိုယ်ပြောသလို စမ်းသပ်ကြည့်ပါ ... နေဦး အောင်လင်းခိုင်ဆိုတာကို သိလား ...”

“သိတယ် ကိုအောင် မိတ်ဆက်ပေးလို့ သူ့ရုပ်ဆိုတာလေ ... ကျောင်းထဲကို ခဏခဏ လာဖူးတယ် ... မနှစ်ကနဲ့ နှစ်စတုန်းက ကျောင်းထဲက ကျော်ဇင်မင်းထွန်းဆိုတဲ့ ကျောင်းသားနဲ့ သူငယ်ချင်းတွေနဲ့တူတယ် ... ကျောင်းထဲမှာ တွဲတာတွေ့တယ် ... အပြင်ကို ခေါ်သွားတာလည်း တစ်ခါတလေ တွေ့ဖူးတယ် ...”

“ထိပ်ထား ... ကျော်ဇင်မင်းထွန်းကို သိလား ...”

“သိပါတယ် မနှစ်က ကျွင်းရမလိုဖြစ်ပြီးမှ မရလိုက်တဲ့ လူပေါ့ ... ခင်တော့ မခင်ပါဘူး ဘာဖြစ်လို့လဲ ...”

“ကျော်ဇင်မင်းထွန်း ဒုတိယနှစ်မှာ ကျောင်းနားသွားတာ ဘာကြောင့်ဆိုတာရော ... ထိပ်ထားကြားမိသေးလား”

“မျက်စိကို သစ်ကိုင်းထိုးမိတယ်ဆိုလား ... အဲဒီကနေ ခွဲစိတ်ကုသမှု ခံယူရာက အာရုံကြောထိပြီး စိတ်နောက်သွားတယ်လို့ ပြောသံကြားရတာပဲ ... နေပါဦး ဒေါက်တာ အောင်လှိုင်ဘွားဟာ ရှင်မဟုတ်ဘူးဆိုရင် ... ရှင်ပဲ ခယ်

www.burmeseclassic.com



သူလဲ ... ”

“ကိုယ်က ... ကိုယ်က ... မင်းကို သိပ်ချစ်နေတဲ့ သာမန်လူတစ်ယောက်ပါ ... ”

ပိတ်ခံတားဆီးထားသော်လည်း ပေါက်ကွဲထွက်သွားသော ရေကာတာတစ်ခုလို ရင်ထဲမျိုသိပ်ထားရာ စကားလုံးတွေ တရုန်းရုန်းစီးဆင်းပြောကြားမိလိုက်၏။ တကယ်ကို သတိလက်လွတ် ပြောလိုက်မိတာပါပဲ။

ပြောပြီးမှ သူ့ကိုယ်သူ နောင်တရသွားရတော့၏။ ကျော့်ခင့်မျက်နှာကို မြင်ယောင်၏။ အလေးထားရသော ကတိစကားကို ယုံ့ပါးစပ်ကို ပြန်ရိုက်ပစ်လိုက်ချင်စိတ် ပေါက်သွားရ၏။ ကိုယ့်နှလုံးသားကို ပြန်လည်ထိုးစိုက်ဆုံးမပစ်လိုစိတ်တွေလည်း တရှိန်ရှိန်ထက်ဖြစ်ပေါ်လာ၏။

“အဲဒီစကားကို ရှင်ပြောပြီးပြီ ... ဩော် ... ရှင်က ဒေါက်တာအောင်လှိုင်ဘွား မဟုတ်ဘူးဆိုတော့ ... ”

“အသေအချာစုံစမ်းကြည့်ပါ ... စုံစမ်းပြီးမှ စဉ်းစားဆုံးဖြတ်ပါ ... အိုကွာ ... ကိုယ် မခံစားနိုင်တော့ဘူး ... အားလုံးအဖြစ်မှန်တွေကို ပြောပြလိုက်တော့မယ် ... ထိပ်ထား



သေသေချာချာ နားထောင်ပါ ... ”

“ကောင်းတယ် ... အဲဒီလို ပြောပြမှပဲ ကျွန်မ သိရတော့မှာပေါ့ ... လျှို့ဝှက်ချက်တစ်ခုကို မသိရလေ ရင်ထဲ လိပ်ခဲတည်းလည်းဖြစ်လေနဲ့ ... ကျွန်မကိုယ်၌လည်း ခံစားရခက်နေတာ ကြာပြီ ... ဟုတ်တိုင်း မှန်ရာကိုသာ ရှင်ပြောပြပါ ... အဖြစ်ရှိရင်လည်း သက်ညှာစွာစဉ်းစားပေးမယ် ဟုတ်ပြီနော် ... ”

“ဒီလိုပါ ထိပ်ထား ... မင်းကို စတင်ပြီး ဖုန်းဆက်လျှို့ဝှက်ခဲ့တဲ့သူဟာ မင်းကို ကျိတ်ကြိတ်ပြီး မဖွင့်ပြောရဲလို့ မင်းရဲ့မာနမာနကို လန့်ထိတ်လို့ ... ကိုယ်တိုင်ရင်မဖွင့်ရဲခဲ့တဲ့သူဟာ မင်းသိထားတဲ့ ဆေးကျောင်းသားလေး ကျော်ခင်မင်းထွန်းပါ ... ”

“ဟင် ... ”

“ဟုတ်ပါတယ် ... မျက်လုံးခွဲစိတ်ရင်း အာရုံကြောချွတ်ယွင်းသွားတဲ့ ကျော်ခင်မင်းထွန်းပါ ... ကျော်ခင်က မင်းကို ဖုန်းနဲ့ဆက်သွယ်ရင်ဖွင့်ရင်တောင် မင်းက အမြင်ရှိမှန်းတဲ့သူဆိုတော့ ... ဆေးကျောင်းသား ကျောင်းသားချင်း

www.burmeseclassic.com



ချင်းကို အထင်မကြီးတဲ့ လက်ခံစကားမပြောမှာစိုးလို့ ... သူ့သူငယ်ချင်း အောင်လင်းနိုင်ရဲ့ဦးလေး ဒေါက်တာအောင်လှိုင်ဘွားရဲ့အမည်နဲ့ ဘွဲ့တွေကို အငှားယူသုံးပြီး ဟန်ဆောင်ပြောလိုက်တာပါ ...”

“တောက် ...”

“ကိုယ့်စကားကို ကျေးဇူးပြုပြီး ပြီးဆုံးသွားအောင် နားထောင်ပေးပါ ... အဲဒါမှ စာတ်ရည်လည်မှာမို့လို့ပါ ... ကျော့ဇင်နဲ့ ထိပ်ထားတို့ တစ်နှစ်ခွဲလောက်အထိ ဖုန်းပြောလို့ အဆင်ပြေနေတဲ့ ကာလမှာ ဒေါက်တာအောင်လှိုင်ဘွား အစစ်က မြန်မာပြည်ကို ပြန်လာတော့မယ်ဆိုတော့ ... တစ်လလောက်တည်းက ကျော့ဇင်ကြိုတင်သတင်းထားခဲ့ပြီး စိတ်ပူပန်ခဲ့တယ် ... အဲဒီကာလမှာပဲ ကျော့ဇင့်မျက်လုံးထိ နိုက်မိပြီး ခွဲစိတ်ရမဲ့အခြေအနေဖြစ်လာတယ် ... ခွဲစိတ်မဲ့ ဝါရင့်ကြီးတွေရဲ့စကားအရ ခွဲစိတ်ရင်းနဲ့ အာရုံကြောပါ ထိနေတာမို့ ထိခိုက်မိသွားရင် ... ကျော့ဇင် စိတ်ရောဂါ ဖြစ်သွားနိုင်တယ် ... ဒါကို ကျော့ဇင်က သိနေလို့ ကိုယ့်ကိုခေါ်ပြီး မင်းနဲ့ ဖုန်းပြောဖြစ်တာတွေ အကုန်ပြော



ပြတယ် ... ကျော့ဇင်နဲ့ ကိုယ်က အသိအရင်းတွေပါ — ဖုန်းထဲမှာဆို ခွဲရခက်တယ်လေ ... သူငယ်ချင်း ရင်းနှီးဘက်တွေလည်း ဖြစ်တော့ ကိုယ့်ကို အကူအညီတောင်းတာပါ ... သူအာရုံ ကြော ထိခိုက်သွားရင် ... ဖုန်းဆက်နိုင်တော့ဘူး ကိုယ်က ဆက်ပြီး ဟန်ဆောင်ပေးဖို့ တာဝန်လွှဲပေးလိုက်တဲ့သဘောပါ ... သူ့ရဲ့ အာရုံကြောထိခိုက်မှုကို သူ့မိဘတွေက ရအောင်ကုကြမှာပဲ ... အခုလည်း ပြည်ပမှာ သွားကုနေလောက်ပါပြီ ... အဲဒီလို ကုသလို့ ပြန်ရောက်လာရင် တာဝန်လွှဲပေးထားတာကို သူပြန်လက်ခံယူမယ် ... ကျောင်းပြီးအောင် ကြိုးစားပြီး ဆရာဝန်ဖြစ်တော့မှ ထိပ်ထားကို အဖြစ်မှန်တွေ အားလုံးဝန်ခံပြီး လက်ထပ်ခွင့်တောင်းမယ် ... ဒီလိုသဘောနဲ့ ဖုန်းအဆက်အသွယ်ပြတ်သွားမှာစိုးလို့ ကိုယ့်ကို တာဝန် လွှဲပေးခဲ့တာပါ ...”

“ရှင် ... ရှင်တို့ ကျွန်မအပေါ်မှာ အဲဒီလောက်အထိ အကြံကြီးခဲ့ကြတာကိုး ...”

“ထိပ်ထားရယ် ... မင်းရဲ့ဖျော့လင့်ချက် စံမမီနိုင်တော့ ... မိနိုင်သမျှ တုံးခုပြီး တံချူနဲ့ လှမ်းရသလို ကြိုးမိ

www.burmeseclassic.com

www.burmeseclassic.com



ကြာရာ ကြာပြစ်သွားတဲ့ သဘောပါ ... အဲဒီမှာတင် ကျော်စင့်လည်း ဆေးကုနေတုန်း ပြည်ပက ပြန်ရောက်လာတဲ့ ဒေါက်တာအောင်လှိုင်ဘွားကို ထိပ်ထားက သူ့ဆီဖုန်းဆက်နေတဲ့ ဒေါက်တာအောင်လှိုင်ဘွားအမှတ်နဲ့ သွားပြီး ပြောတာဆိုတာတွေ ဖြစ်ကုန်တယ် ... အဲဒီမှာတင် အဲဒီဒေါက်တာက အောင်လှိုင်ဘွား ထိပ်ထားကို သတိထားမိသွားတယ် ... စိတ်ဝင်စားသွားတယ် ... အဲဒီလိုဖြစ်နေတာကို အောင်လင်းနိုင်က စောင့်ကြည့်ရင်း သိနေတယ် ... ဒီကောင်အောင်လင်းနိုင်က ကျော်စင့် ကိုယ့်ကို လျှို့ဝှက်တာဝန်ပေးထားတာကအစ ချောင်းနားထောင်ပြီး သိနေတော့တာ ... အဲဒီသိတာတွေကို သူဦးလေး ဒေါက်တာအောင်လှိုင်ဘွားကို ပြောပြလိုက်တယ် ... ဒီမှာတင် ဒေါက်တာအောင်လှိုင်ဘွားအတွက် နေရာကြိုခင်းပေးထားသလိုဖြစ်ပြီး အခန့်သားနဲ့ ချော့လဲရောထိုင်ပြီး အယောင်ဆောင်နေရာမှာ အစစ်ဝင်ရုပ်ပြလိုက်တော့တာပဲ ... အောင်လင်းနိုင်က သူ့ဦးလေးကို ထိပ်ထားနဲ့ အရမ်းသဘောတူနေတယ်လေ ... ကျော်စင့်ကို ကတိပေးပြီး ဖုန်းနဲ့ဆက်သွယ်နေရတဲ့ ကိုယ့်ကို



ဖုန်းပြောတာ ဖြတ်တောက်နိုင်းတယ် ... မဖြတ်တောက်ခင် သူ့ဦးလေးကို ထိပ်ထားအနားကို ပိုရောက်သွားဖို့ အပို့အတို့လေးတွေ လုပ်နိုင်းတယ် ... ကိုယ့်က လက်မခံဘူး ကျော်စင့်အတွက် ကတိပေးထားတာကို စောင့်ထိန်းတယ် အဲဒီမှာတင် ကိုယ်နဲ့ အောင်လင်းနိုင်တို့ သဘောထားကွဲပြီး လမ်းခွဲဖြစ်လိုက်ကြတယ် ... အဲဒါကြောင့်မို့လို့ ထိပ်ထားနဲ့ လာတွေ့တဲ့ ဒေါက်တာအောင်လှိုင်ဘွားက တစ်ယောက် ဖုန်းနဲ့ လှမ်းဆက်နေတဲ့ ဒေါက်တာအောင်လှိုင်ဘွားအစစ်က ကိုယ်က တစ်ယောက်ဖြစ်ပြီး ... စကားပြောတာ ဖုန်းထဲမှာ တစ်မျိုး ... အပြင်မှာ တစ်မျိုးနဲ့ အချိတ်အဆက်တွေ လွဲနေရတာပေါ့ ... "

"အို ... အံ့သြစရာ အရမ်းကောင်းလိုက်တာ ... ဒီလို ဆရာဝန်ကြီးတစ်ယောက်က ဒီလိုမျိုးလုပ်နိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ... "

"ထိပ်ထားကိုလည်းတွေ့နေတဲ့ဒေါက်တာအောင်လှိုင်ဘွားကလည်း ... ထိပ်ထားနဲ့ သူ သံယောဇဉ်နိုင်မြဲတဲ့ အခါကျမှ အဲဒီလျှို့ဝှက်ချက်တွေကို ဖွင့်ဟဝန်ခံပြီး ... ထိပ်

www.burmeseclassic.com



ထားဆီက လက်ထပ်ခွင့်တောင်းခံဖို့ ရည်ရွယ်ထားတာဖြစ်မှာပါ ... အားလုံးဟာ ထိပ်ထားကို ချစ်မြတ်နိုးကြတဲ့ နေရာမှာ ပိုင်ဆိုင်ခွင့်ရဖို့ အတ္တတွေ ကြီးကုန်ကြတာပါ ... အဲဒီအထဲမှာ ကိုယ်က ထိပ်ဆုံးကပါတဲ့ သူပေါ့ ... အဲဒါကြောင့် လျှို့ဝှက်ချက်ကြီးကို ဖွင့်ချပစ်လိုက်ပြီလေ ... ထိပ်ထားအနေနဲ့ ကျော်ဇင့်ကို မူလပထမဖြစ်လို့ သနားစရာလူဖြစ်လို့ ... ရွေးမယ်ဆိုရင်လည်းရွေးပါ ... စံမီးလို့ မရွေးချင်လည်း သဘောပါပဲ ... ဒီလိုပဲ ဒေါက်တာအောင်လှိုင်ဘွားက စံမီလို့ ရွေးချင်ရွေးပါ ... မရွေးချင်လည်း သဘောပါပဲ ... ကိုယ်ကတော့ ကိုယ့်ကိုရွေးပါလို့ ဘယ်တော့မှ မပြောဘူး ... မျှော်လည်း မမျှော်လင့်ဘူး ... အခြေအနေချင်းက မိုးနဲ့ မြေ ... နေ့နဲ့ ရေလို ခြားနားလွန်းနေတာကြောင့်ပါ ... ”

သူ့ထံမှ စကားထွက်ပေါ်လာနိုးဖြင့် ထိပ်ထားခဏ စောင့်ပြီး နားထောင်ငြိမ်သက်နေလေ၏။ ပြီးမှ ...

“အံ့သြတုန်လှုပ်စရာ ကောင်းလွန်းလို့ ဘာပြန်ပြောရမယ်မှန်းတောင် မသိတော့ဘူး ... အခုပြောနေတာ ကြိမ်းသေလား ... တကယ်လား ... ”



“ကြိမ်းသေပါ ... တကယ်ပါ ထိပ်ထား ... ”

“ယောကျ်ားတွေ လန့်စရာကောင်းတာ အဲဒီလို ဉာဏ်နီဉာဏ်နက်တွေများလို့ပဲ ... ”

“အခုပတ်သက်မှုထဲက ... လူသုံးယောက်ဟာ မင်းအပေါ် ချစ်လွန်းတဲ့ စိတ်တစ်ခုတည်းနဲ့ လွဲချော်အမှားကုန်ကြရတာပါ ... ကိုယ်က ကျော်ဇင့်ကို ခွဲထုတ်ပြီး အရွေးချယ်ခံနိုင်းလိုက်တဲ့အတွက် ... ကတိတစ်လုံးကို ဖောက်ဖျက်မှုအတွက် ပြန်လည်ပေးဆပ်လိုက်တယ်လို့ပဲ သဘောထားပါတယ် ... မင်းရွေးချယ်မဲ့လူစာရင်းမှာ ကိုယ်ပါနေမှာ မဟုတ်ပါဘူး ... ကိုယ်က မင်းဆီက ဘာမှမရယူလိုဘဲနဲ့ မင်းကို ဖြူစင်သန့်ရှင်းစွာနဲ့ အဝေးက ရင်ခုန်နေမဲ့ သာမန်လူတစ်ယောက်ပါ ... မင်းကို ချစ်နေရရုံနဲ့ ကိုယ့်အတွက် ပြီးပြည့်စုံနေပါပြီ ... မင်းကို လွမ်းနေရရုံနဲ့ ကိုယ် ... ကိုယ်ကြေကွဲဝမ်းနည်းနေတတ်ရဲပါပြီ ... ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လိုကောင်က သူညပါ ... အမြဲတမ်း အဆင့်တစ်ဖြစ်နေတဲ့ မင်းနဲ့ တွဲစပ်လိုက်ရင် ... မင်းရှေ့က ရပ်လိုက်ရင်မင်းကို နှိမ့်ချဆွဲခေါ်သလို ဖြစ်သွားဦးမယ် ... မင်းနောက်က

www.burmeseclassic.com



လိုက်ဖြန့်ရင်လည်းကို မင်းကို အဆင့်(၁၀)အထိ ခွဲချသူလို ဖြစ်ရသိန့်မယ် ... ဘယ်လိုပဲဖြစ်ဖြစ် မင်းအတွက် ကိုယ်ဟာ ဖျက်မှုဦးဝါ ... မင်းစဉ်းစားဖို့ မလိုအပ်တဲ့သူပါ ... အစက တော့ ကိုယ့်ဘာသာ ကော်ကောင်လို့ ထင်နေမိသေးတယ် အခုတော့ ... ကိုယ့်အဝ ကိုယ်နားလည်စွာနဲ့ ရင်ထဲရှိတာ မင်းသိအောင် ပြောလိုက်ရရင်ပဲ ကျေနပ်သွားပါပြီ ...”

သူ့စကားသံတွေ တုန်ခတ်နေ၏။ တစ်ဖက်မှ ဖုန်းနား ထောင်ပြီး ပင့်သက်ကျိတ်ရှိုက်သံကို သဲ့သဲ့လေးကြားလိုက်ရ၏။

“ဒါဆို ... ရှင် ... ရှင်ဟာ ... ဟိုလူ ... ဘုန်းမာန်ခ ဆိုတဲ့ လူမဟုတ်လား ...”

သူ့တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွား၏။ တစ်ဖက် မှ မဟုတ်လားဆိုတဲ့ ဆတ်တတ်တတ်လေသံက သူ့ကိုလှန့်လိုက် သလို ဖြစ်သွားရ၏။ သို့ကြား ရှိသမျှ အင်အားစုစည်းလိုက်ပြီး ...

“ဟုတ်ပါတယ် ...”

ဟု ဝန်ခံပြောကြားလိုက်၏။ ထိုဝန်ခံမှုကို စံထိပ်ထား ချက်ချင်းတုံ့ပြန်လိုက်ပုံက ...

“ဘုရား ... ဘုရား ...”



ဟု နှစ်ခွန်းတည်းသာ ထိတ်လန့်တကြား ဘုရားတမြည် ဖုန်းချသွားခြင်းမျိုးသာ။

❤❤❤❤❤

www.burmeseclassic.com

www.burmeseclassic.com



လောကသုံးပါးမှာ

'နေ'ကို အိပ်ပျော်လားတဲ့ဥစ္စာ

စကြဝဠာကြီးသာ ပြန်နိုင်တယ်။



တွေ့ခဲ့တယ်ပါမှန်း ...

မပါလာဖူးတဲ့ ငါ့အတောင်ပံနှုတ်လိုက်ပေပြီ။

အုပ်စီးနှင့် ငါ့ကြားမှာ ...

ကမ္ဘာကြီးတည်ရှိပါစေ့ မိုးခြားလိုက်ပြီ။

သဲသောင်မှုမှုပေါ်မှာ တုတ်တစ်ချောင်းဖြင့် အထက်ပါစာကို ရေးခြစ်ပြီး သူထရပ်လိုက်၏။ လက်ထဲမှ သောက်လို့ကုန်သွားသော ဘီယာဘူးခွံကို ရေလှိုင်းအနားသတ်တွေရှိရာ လှမ်းပစ်လိုက်၏။ လေက ဆန်တိုက်နေ၍ ဘီယာဘူးခွံက လေသင့်ပြန်လွင့်ပြီး သူ့နဖူးကို 'တောင်'ခနဲ ပြန်မှန်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အခြစ်ကို သူရယ်ကြည့်လိုက်၏။ ရယ်သံမထွက်၊ ရင်ထဲမှာ ငြိုးအလိုက်နေသံတွေသာ ကြားနေရသလိုပင်။ သဲသောင်ပြင်ပေါ် ဒူးထောက်ထိုင်ရင်း တုတ်တစ်ချောင်းနှင့် စိတ်ရှိလက်ရှိ ရေးခြစ်ပစ်လိုက်၏။

တီပါတား ... တီပါတား ... ငါဘီပါကွဲရတဲ့ တီပါတား မင်းကြောင့် ငါလိုက် ဒဲ့ကောနေရပြီ ... ရှားသွပ်ဖြဲ့ဘွားဖွတ်ဘွားရင် လည်း ပေတာပါမယ် ... မင်းရဲ့ အလွမ်းကဲ့ကျွန်းသားဘဝက ရုန်းထွက်ဘွားနိုင်ပေါ့တော့ ... အခုတော့ သတိရတဲ့ မိတ်ဆွေ နှိမ်ခကတ္တူန်းလို ... ငါသေလုမျောပဲ ဒဲ့ကောနေရပြီ ... တယ် လီမှုန်းမြဲ့ဘတ်ကြားရော မကြောက်ပါတော ... မှုန်းမြဲ့ပြာရင်း ရယ်မောနေသူတွေ တွေ့ရှာ မကြောက်ပါတော ... တယ်လီ မှုန်းမြဲ့ရှင်ကို ငါ့အသေမကြောက်ပါယ် ... မင်းကို သတိရနေနိုင်အောင် ရယ်ဖြဲ့ထွက်မိတ်ကျဲ့ပိုင်ပါ အဒီ တယ်လီမှုန်းတွေ မြတ်နေလို့ပေါ့ တီပါတား ... ခံဘီပါတား ပေတာဘ ငလီပါတား ... ပေတာ ဒီ ဘာမှအသုံးမကျတဲ့ နတ္ထိတောင်ရဲ့ တီပါတား ... အား ...

❤❤❤❤❤



နောက်တစ်နေ့ တစ်ည ... နောက်တစ်နေ့ တစ်ည ... နောက်တစ်နေ့ တစ်ည ... နောက်တစ်နေ့။

နားနေခန်းမှ အလုပ်ဝင်ဖို့အတွက် ယူနီဖောင်းလဲနေစဉ်မှာပင် အခန်းဖော် ရဲထွဋ်ရောက်လာပြီး ...

"ကိုဘုန်းနာမည်နဲ့ ဖုန်းလာနေတယ် ... ကောင်တာက ခေါ်ခိုင်းလိုက်လို့ ..."

သူအံ့ဩသွား၏။ ဟိုတယ်ဖုန်းနံပါတ်ကို ပေးထားခဲ့သည့် အသိမိတ်ဆွေမရှိ။ သူလိုလူကို ဆက်သွယ်မည့်သူဆိုလို့ စာသင်ကျောင်းဆရာတော်သာ အလုပ်အပ်ပေးသည့် ဒကာကြီးထံမှ ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တောင်းပြီး ဆက်ဖို့ အကြောင်းရှိ၏။

ကောင်တာရှိရာ ရောက်လာတော့ ဖုန်းချသွားပြီ။ ခဏနေ ပြန်ခေါ်လိမ့်မည်ဖြစ်ကြောင်း ကောင်တာထိုင်နေသူက ပြော၍ ခေတ္တစောင့်နေမိ၏။ မလှာလောက်တော့ဘူးထင်မှ ဖုန်းမြည်လာ၏။

"ကိုဘုန်းရဲ့ ဖုန်း ..."

"ဟဲလို ..."

"ဘုန်းမာန်လား ..."

"ဟုတ် ... ဟုတ်ပါတယ် ..."

"ကျွန်မ ဆွိုတီပါ ..."

"သြော် ... ဟုတ်ကဲ့ ..."

"ရှင်ပြောတာ အားလုံးမှန်နေတယ် ... အစကတော့ ထိပ်ထားစိတ်တွေ အရမ်းဆိုးနေတာ ... နောက်တော့ ရှင့်အမှန်ကို ဝန်ခံရဲတယ် ... ပြီးတော့ ဒေါက်တာအောင်လှိုင်ဘွားဟန်ဆောင်ပြီး ဆက်တုန်းက ရှင် ဘာတွေအပြောကောင်းလိုက်သလဲတော့ မသိဘူး ... ရှင့်လို ဘာမှမဟုတ်တဲ့လူမျိုးကို ထိပ်ထား အရေးတယူနဲ့ ကျွန်မ ရှင့်ဆီဖုန်း



ဆက်ခိုင်းတဲ့ အထိဖြစ်လာရတော့တာပဲ ... ဒီဖုန်းနံပါတ်ရအောင် စုံစမ်းခဲ့တာကိုလည်း ကြည့်ပါလား ... ရှင့်အပေါ် ထိပ်ထား သံယောဇဉ်ထားတဲ့ သက်သေပေါ့ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

"ရှင့်ကို ထိပ်ထားက ဆယ်တန်းစာမေးပွဲပြန်ဖြေနိုင်ဖို့ အစစအရာရာ ကျွန်မကို အကူအညီပေးဖို့ တာဝန်ပေးသွားတယ် ... ရှင်နဲ့ ရှင့်သူငယ်ချင်း ကျော်ဇင်မင်းထွန်းတို့ တာဝန်လွှဲပေးသလိုမျိုးပေါ့ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

"ရှင် အဲဒီစကားပဲ ပြောတတ်တော့သလား ..."

"ကျွန်တော် အံ့ဩဝမ်းသာလွန်းလို့ ဘာပြောရမှန်းမသိအောင် ဖြစ်နေလို့ပါ ..."

"သိပ်ပြီး ဝမ်းသာစောမနေနဲ့ဦး ... ဘာဖြစ်လို့လဲဆိုတော့ ရှင်က အောင်မှတ်ရရုံတင် ရတယ် ... (က)စာရင်းတောင် မဟုတ်သေးဘူး ... (ခ)စာရင်း ... ဒေါက်တာအောင်လှိုင်ဘွားကတော့ အောဒီထွက်သွားတယ် ..."

"ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ထိပ်ထားက ဒေါက်တာအောင်လှိုင်အွန်းရဲ့ ပရိုပို့စ်လုပ်တာကို လက်ခံလိုက်တာ ... အခုဆို လက်ထပ်ဖို့တောင် ပြင်ဆင်နေကြပြီ ..."

အပေါ်မြောက်တင်ပြီးမှ ရိုက်ချခံလိုက်ရသည့် ဘောလီဘောလို သူမှာ နာကျင်ကြေကွဲသွားရ၏။ မျှော်လင့်ချက်ရေးရေးကလေး တွေ့လိုက်ရပြီးမှ ပိန်းပိတ်အောင် ပျောက်ကွယ်သွားခဲ့ရပြန်လေပြီ။

"သူတို့ အလျင်စလို လက်ထပ်ကြမှာတော့ မဟုတ်သေးဘူးနဲ့ တူတယ် ... ဒီနှစ်စာမေးပွဲဖြေပြီးရင် ... နေ့ရာသီအပန်းဖြေခရီးအဖြစ် ရှင်ရှိတဲ့ နေရာကို ရောက်လာဖို့တော့ ထိပ်ထားပြောနေတာပဲ ..."

ခံစားချက်တွေ ဖိစီးနေ၍ သူ ဘာမှပြန်မပြောနိုင်။ ဆွိုတီက ကြည်ရွှင်သောလေသံဖြင့် ...

"ဘယ်လိုလဲ ... ရှင်ရဲ့ဝမ်းသာမှုတွေ သဲထဲရေသွန်ဖြစ်သွားပြီ မဟုတ်လား ... မမျှော်လင့်ပါဘူးဆိုပြီး မျှော်လင့်နေတဲ့ တိတ်တခိုးစိတ်လေး ကျိုးပဲ့သွားသလို ဖုန်းထဲက တောင် အတိုင်းသား ကြားလိုက်ရတယ် ... ဟီဟိ ..."



"ကျော်ဇင့်အပေါ်ရော ထိပ်ထား ဘယ်လိုခံစားနေလိုက်သလဲ ..."

"အောင်မှတ်တော့ မေးမှာပေါ့ ... (က)စာရင်းနဲ့ ဝုဏ်ထူးတစ်ခုမှ မပါတာတော့ သေချာတယ် ..."

"ဆွိုတီ ဘာထပ်ပြောဖို့ ကျန်သေးလဲ ..."

"ရှင်ဟာနှမဲသေဝင်နိုင်တော့လောက်အောင် ဖမ်းနည်းသွားပြီလား နတ္တိ ..."

"ကျွန်တော် လုပ်ငန်းခွင် ဝင်ရဦးမယ် ... မနက်နေရှာက ဖုန်းကြာကြာပြောတာ သိပ်မကြိုက်ဘူး ..."

"ဒီမှာ နတ္တိ ... တို့လည်း အားအားယားယား ဆက်နေတာ မဟုတ်ပါဘူးနော် ... စာမေးပွဲအတွက် စာတွေကျက်နေရတာနဲ့ မအားပါဘူး ... ထိပ်ထားက တာဝန်လွှဲပေးလို့သာ ကြိုတင်အကြောင်းကြားရတာ ... ရှင့်ကို စေတနာရှေ့ထားပြီး ကူညီနိုင်ဖို့က နှောင်နှစ်ကျောင်းဖွင့်ချိန်လောက်မှပဲ အကောင်အထည်ဖော်ရမှာ ... ဒါကလည်း ရှင့်ဆန္ဒရှိမှပါ ..."

www.burmeseclassic.com



"ဟုတ်ကဲ့ … ဒါပဲနော် … "

"ခဏလေး … ထိပ်ထားနဲ့ ပတ်သက်ပြီး ရှင့်ကိုယ်ရှင် တွေးဆုံးသွားပြီလို့လဲ မဖျော်လင့်နဲ့ဦး … ထိပ်ထားက ဒေါက်တာအောင်လှိုင်ဘွားနဲ့ ပတ်သက်ပြီး သမိုင်းနောက်ကြောင်း ပြန်လှန်စစ်နေတယ် … ဒေါက်တာအောင်လှိုင်ဘွားမှာသာ ငယ်ချစ်ဦးတွေ ပထမရည်းစားတွေရှိခဲ့ရင် … ဒေါက်တာ အောင်လှိုင်ဘွားဟာ အလိုလို အပယ်ခံထိသွားပြီ … အဲဒီ အချိန်ကျရင် ရှင့်မျှော်လင့်ပိုင်ခွင့်ရှိသေးတယ် … ကျန်တဲ့လူ တွေအတွက်ဆိုရင်တော့ … ထိပ်ထားရဲ့စံတွေ လျှော့ချင် မှ လျှော့မယ် … ရှင့်ကိုတော့ ပြောဖြစ်ဆိုဖြစ်ခဲ့ကြဖူးတဲ့ ဖုန်းဇာတ်လမ်း သံယောဇဉ်နဲ့ စံတွေလျှော့ပြီး (ခ)စာရင်း နဲ့ အောင်လက်မှတ်ပေးတာကိုပဲ တွက်ကြည့်တော့ … "

"ကျွန်တော် အဆုံးစွန်အထိကို တွေးတောမျှော်လင့်ပြီး သားပါ … "

"ဘာတွေ တွေးတော မျှော်လင့်ထားတာလဲ … အဲ ဒါအသာထားပါဦး … ရှင့်ကိုလည်း မေးရဦးမယ် … ရှင့်မှာ



ကော ငယ်ချစ်ဦးတွေ ချစ်သူရည်းစားတွေ ပထမဦးဆုံး ချစ် သူဖြစ်ရသူတွေ ရှိနေသေးလား … "

"ထိပ်ထားဟာ ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံးသော နံပါတ်တစ်ပါ ဆိုတီ … "

"အခုလိုပြောတော့ အချိန်ရသေးလား … ဟင်း … မသိတာမှတ်လို့ ခုနအခြေအနေမကောင်းဘူးဆိုတော့ … ညောင်နာနာအသံနဲ့ ဖုန်းချပစ်မလို့ … အခု အခြေအနေ ကောင်းတယ်ဆိုတော့ … လေသံက တစ်မျိုးဖြစ်လာပြန် တယ် … ဂျူတီကိုတောင် သတိမရတော့ဘူး … မန်နေဂျာ ဆူမှာလည်း မကြောက်တော့ဘူးလား … "

သူ့အရှက်ပြေ ရယ်၏။ တစ်ဖက်မှ …

"ဒါပဲ … ဒါပဲ … "

ဟုခပ်ဆောင့်ဆောင့်ပြောကာ ဖုန်းချသွား၏။ သူ ဘယ် လိုနားလည်ရမည်မှန်း မသိတော့။ တစ်ခုခုပဲပေါ့ဟုသာ ဖြေတွေး တွေးလိုက်ရသည်။ တစ်ရာ ရာခိုင်နှုန်းမှာ တစ် ရာခိုင်နှုန်းသာရှိသော မျှော်လင့်မှုလေးအပေါ်မှာ သူ မရှင်သန်ချင်။ ထိပ်ထားနှင့်ပတ်သက် ၍ ဒွိဟအမြင်ပေါ်လာ၏။ အမြင်တစ်မျိုးက …

www.burmeseclassic.com



စံထိပ်ထားမှာ မှန်ရာစီတီထား ဝင်လာလေပြီ။ ကျန် အမြင်တစ်မျိုးမှာက ...

စံထိပ်ထား ... ဉာဏ်သိပ်များမှာ လန့်၏။

❤❤❤❤❤



နွေရာသီအပန်းဖြေကာလရောက်လာ၍ အပန်းဖြေခရီးသည်တွေ ကမ်းခြေဆီ အရောက်များလာကြ၏။ မိုးနှင့် ဆောင်းမှာ အလာကျဲပါးသလောက် နွေရာသီမှာတော့ ပွဲတော်တမျှ စည်ကားလှ၏။ ဟိုတယ်အခန်းတိုင်းမှာ တည်းခိုသူအပြည့်၊ တစ်ဖွဲ့ထွက်၊ တစ်ဖွဲ့ဝင်ဖြင့် ကြိုတင် ဘွတ်ကင်လုပ်ထားမှသာ တည်းခိုနိုင်၏။

ငွေကြေးပြည့်စုံသူများသာ အလာများသောနေရာ၊ သုံးဖြုန်းလည်ပတ်နိုင်သူတွေ ပေါများ၍လည်း ဘုန်းမာန်ခမ္မာနားရသည်မရှိ၊ နွေရာသီမှာ ပင်ပန်းသလို၊ ပျော်ဖို့လည်း ကောင်း၏။ အချောင်းစားမေးပွဲတွေအားလုံး ဖြေဆိုပြီးစီးချိန်မို့ လူပိုစည်ကားမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီရောက်လာသည့်ကာလအထိ ဘုန်းမာန်ခမှာ မြို့ပြနှင့် ဆက်သွယ်ရာနေရာဆို၍ ကျော်ဇင်မင်းထွန်းတို့ တစ်အိမ်သာ ဖုန်းခေါ်ဖြစ်၏။ အောင်လင်းခိုင် သင်္ဘောတက်သွားသည်ဟုသာ ကျော်ဇင့်မိခင်ပြောပြ၍ သိရ၏။ ဒေါက်တာအောင်လှိုင်ဘွားရဲ့ထောက်ပံ့မှုနှင့် တက်သွားခြင်းဖြစ်လိမ့်မည်။

ကျော်ဇင့်အခြေအနေမှာ ပြည်ပမှ ဆေးကုပြီးပြန်လာကတည်းက တစ်မျိုးပြောင်းလဲသွား၏။ ယခင်က ဖြစ်ပျက်သမျှကို အတိတ်မေ့သလို ဖြစ်သွားပြီး လက်ရှိဘဝကို စိတ်သစ်လူသစ်နှင့် ကျန်းကျန်းမာမာ နေထိုင်နိုင်နေလေပြီ။ ပျက်စီးသွားသော မျက်လုံးနေရာမှာ မျက်လုံးအတု ပြန်ထည့်ထား၏။ ကျောင်းပြန်တက်၍ မရတော့။ မိဘတွေက စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ပေး၏။ အိမ်ထောင်ရက်သားချပေးဖို့ စီစဉ်၏။ မိဘတွေစီစဉ်သော စန္ဒာအောင်ဆိုသည့် အိမ်တွင်းအလှဆင်သင်တန်းဆရာမလေးကို ကျော်ဇင်ကိုယ်၌က သဘောကျနေ၏။

မကြာသောကာလမှာပင် ကျော်ဇင်နှင့် စန္ဒာအောင်တို့ လက်ထပ်ဖြစ်သွားကြ၏။ မင်္ဂလာပွဲကို သူလာဖို့ ဖိတ်သော်လည်း အကြောင်းပြ ငြင်းခဲ့ပြီး လက်ဖွဲ့ပစ္စည်းသာ ပို့လွှတ်လိုက်၏။



ကျော်ဇင်မင်းထွန်းနှင့် ပတ်သက်လျှင် ကသိကအောက်ခံစားချက်တွေ ထိန်းမှုတွေ၊ စည်းဘောင်တွေ တစ်ခန်းရပ်သွားရလေပြီ။ ဘဝသစ်၊ လူသစ်၊ အချစ်သစ်နှင့် ကမ္ဘာသစ်မှ ဘဝဟောင်း၊ သူငယ်ချင်းဟောင်း၊ ချစ်သူဟောင်း၊ ကမ္ဘာဟောင်းတွေ လုံးဝမေ့လျော့ပြီး ကျော်ဇင်မင်းထွန်းတစ်ယောက် ပျော်ရွှင်ချမ်းမြေ့နေနိုင်ပါစေတော့။

သူ့မှာသာ ဟိုမရောက် သည်မရောက်နှင့် ပညာလည်းမစုံ၊ စီးပွားရေးကလည်း လခစား၊ ကျောင်းထိုင်ဆရာတော်ကြီးက နွေတစ်ရာသီပြီးလျှင် မြို့ပြက နွေရာသီအကုန်လောက်မှာ ဖွင့်မည့် ရေကူးကန်မှာ သူ့ကိုသင်တန်းနည်းပြခန့်ပြီး လစာကောင်းကောင်းပေးမည်ဟု ဆရာတော်ကြီးကို လျှောက်ထား၍ ဆရာတော်ကြီးက အမှာပါးလိုက်ခြင်းဖြစ်၏။ နွေတစ်ရာသီမှာ သူ့စိတ်ပါလက်ပါ လုပ်ပေးရတော့မည်။ မိုးနှင့် ဆောင်းကာလမှာ အလုပ်ပါးပြီး နားရက်ရှိန် များခဲ့သည် မဟုတ်လား။

ထိပ်ထားနှင့် ဆွိတ်တီတို့ကလည်း သူတို့စာမေးပွဲနှင့် သူတို့အလုပ်ရှုပ်နေခဲ့ကြ၍ အဆက်အသွယ် ပြတ်တောက်နေ၏။ သူတို့သည်ကလည်း ဖုန်းဆက်ရမှာ ဝန်လေးနေ၏။ ဖုန်းမြင်လျှင် ဆက်ချင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါက်မှာစိုးချို့ပေးဝေးရှောင်နေတတ်ခဲ့၏။ တာဝန်လွှဲခံရသော ဆွိုတီလည်း ကျောင်းစာကျက်နေ၍ ဖုန်းမဆက်နိုင်ဖြစ်ဟန်တူ၏။

စာမေးပွဲတွင် အားလုံးပြီးစီးချိန်မှာတော့ သူ့ထံကို ဖုန်းဝင်လာကြောင်း လာရောက်အကြောင်းကြားပြန်၏။

ဖုန်းကိုင်ပြီးနားထောင်လိုက်တော့ ထင်ထားသည့်အတိုင်း ဆွိုတီဖြစ်နေ၏။ ဒုတိယနှစ်ဖြေဆိုပြီးစီးသွားပြီမို့ ပေါ့ပါးလန်းဆတ်သော လေသံဖြင့် ...

“ဝမ်းသာစရာသတင်းပြောစရာရှိလို့ နတ္တိဆီကို ဖုန်းဆက်လိုက်တာ ... ဘယ်လိုလဲ ... ဒီလိုပြောတာ ကြားလိုက်ရတော့ ... ရင်တုန်ရင်ခုန်သွားပြီ မဟုတ်လား”

“ဘာသတင်းများလဲ ဆွိုတီ ...”

“ဆွိုတီနဲ့ ထိပ်ထား ... နတ္တိအလုပ်လုပ်တဲ့ ကမ်းခြေကို အပန်းဖြေခရီးထွက်လာတော့မယ် ... နတ္တိအလုပ်လုပ်တဲ့ ဟိုတယ်မှာ ဘွတ်ကင်လုပ်ထားပြီးပြီ ...”

ဝမ်းသာလုံးဆို့သွားသလို ခံစားလိုက်ရ၏။ သို့ပြား ပင်တိုင်စံပန်းကို လက်လှမ်းမမီတာ တွေးမိပြီး ပျော်ရွှင်သောခံစားမှုတွေ ရင်ထဲ ပြန်လျှော့ကျသွားရ၏။ မို့၍ လျှော့ကျငုပ်ဆင်းသွားစေသော



စကားကို ဆွိုတီဆက်ပြောလိုက်သည်မှာ ...

“ဒေါက်တာ အောင်လှိုင်ဘွားလည်း ပါလာလိမ့်မယ်လေ ...”

“ဟော် ...” မှ

ဟုသာ သူရေရွတ်လိုက်နိုင်၏။

“ထိပ်ထားနဲ့ ဒေါက်တာအောင်လှိုင်ဘွားတို့ ... အဲဒီဟိုတယ်မှာပဲ လက်ထပ်ဖြစ်ကြလိမ့်မယ် ...”

ရင်ကိုပြင်းစွာ ထိမှန်ရသော ရိုက်ချက်နှင့်တူသည့်စကား သံရည်ပူလောင်းခံရသည့်နှယ် နားထဲ ဆက်ဆက်ခါသွားမိ၏။

“ရှင့်အတွက် စိတ်မကောင်းပါဘူး နတ္တိရယ် ...”

“... ...”

မျက်လုံးစုံမှိတ်ပြီး အသံတိတ် အံကြိတ်ထားလိုက်၏။ ကောင်တာက လူက ဖန်ခွက်တွေကို အဝတ်နှင့်ပွတ်ရင်း သူ့အရုံနှင့် သူ့မို့ တော်တော့၏။ ရပ်နေရာက လဲပြိုသွားချင်သည့်စိတ်ကို မနည်းထူမတ်ထားရ၏။

“ကျွန်မတို့ရောက်လာရင် ရှင်နဲ့ တွေ့ရမှာပဲ ... ဒေါက်တာအောင်လှိုင်ဘွားနဲ့အတူ ရှေ့နေနဲ့ တရားသူကြီးတွေပါ

www.burmeseclassic.com

www.burmeseclassic.com



လာမယ် … အသိသက်သေအဖြစ် ထိပ်ထားက ရှင်နဲ့ကျွန်မကို ထည့်ချင်တယ်ဆိုလို့ လူပိုထပ်မခေါ်လာတော့ဘူး …”

“ကောင်း … ကောင်းပါတယ် … မင်္ဂလာစရိတ်စဉ်ပဲ ဟန်းနီးမွန်းလည်း ဖြစ်သွားတာပေါ့ … ”

“ထွင်ကြတာလေ … တချို့ဆို ကျောက်တောင်တက်ရင်း လက်ထပ်ကြတာနဲ့ လေထီးခုန်ပြီး ဝေဟင်ထဲမှာ လက်ထပ်ကြရတာနဲ့ … ရေငုပ်ဝတ်စုံနဲ့ ရေအောက်မှာ လက်ထပ်ကြရတာနဲ့ … အနောက်တိုင်းက ထွင်ပြီး လက်ထပ်သလိုမျိုး ဒေါက်တာအောင်လှိုင်ဘွားကလည်း လက်ထပ်ချင်ပါသတဲ့ အဲဒီအကြံအစည်ကို ထိပ်ထားက ပေးတာလို့လည်း ပြောတာပဲ … ”

“ဪ … ”

“အခု … သူတို့ လက်ထပ်ကြမှာက ရှင်မောင်းတဲ့ စပီဘုတ်လေးပေါ်မှာတဲ့ … ဟိုတစ်ခေါက ဖုန်းဆက်ကတည်းက ရှင့်တာဝန်က စပီဘုတ်မောင်းဆိုတာကို ကျွန်မစုံစမ်းရမိလို့ ထိပ်ထားကို ပြောပြလိုက်တယ် … ထိပ်ထားက အဲဒါကို မှတ်ထားပြီး အခုလို မင်္ဂလာပွဲမျိုးကျမှ



ရှင့်ရဲ့စပီဘုတ်ပေါ်မှာ လက်ထပ်ချင်ပါသတဲ့ … အဲဒါ ရှင်အသည်းကွဲပြီးရင်း ကွဲဖို့သာ ဖြင်တားပေတော့ … ”

“ကျွန်တော့်ကို ရက်စက်ပြချင်လို့ … အနိုင်ယူချင်လို့ ကျွန်တော်အသည်းကွဲကို စိမ်ပြေနပြေ ကြည့်ချင်ရုံလောက်နဲ့တော့ … အဲဒီလောက် အပင်ပန်းခံစရာမလိုပါဘူး … သူတို့မြင်ချင်ရင် ကျွန်တော့်ကို ဖိတ်လိုက်ပေါ့ … အသည်းဟက်တက်ကွဲပြီး ရောက်လာမှ … ရူစားချင်သလို ရူစားကြတော့ပေါ့ … ”

“အဲဒါတော့ ထိပ်ထားရဲ့သဘောပဲ … နတ္တိရေဒီမိန်းမလုပ်နေပုံတွေကို တို့လည်း အံ့သြလွန်းလို့ ဒီအတိုင်း လက်ပိုက်ကြည့်နေရတယ် … ”

“သူ စိတ်ချမ်းသာပါစေလေ … ”

“ထိပ်ထားတင် စိတ်ချမ်းသာဖို့ မဟုတ်ဘူး … ဒေါက်တာပါ စိတ်ချမ်းသာဖို့ အဲဒီလို တမင်စီစဉ်ကြတာပဲဖြစ်မယ် ဒေါက်တာလည်း ဒီအကြောင်းကို သိလိမ့်မယ် … လျှို့ဝှက်အကြောင်းတွေ ပေါက်ဖော်လုပ်သွားတဲ့ ရှင့်ကို ပညာပြနည်းနဲ့ ဆုံးမနှိပ်စက်ချင်လို့နဲ့ တူပါရဲ့ … ”

www.burmeseclassic.com



"ငွေဝုဏ်မနေနဲ့ ပညာရည်ကြွယ်ဝနေကြသူတွေပဲဖျာ လုပ်တိုင်း တင့်တယ်ပါတယ် ... စိတ်ချပါ ကျွန်တော်ရှောင် ထွက်မသွားပါဘူး ... ထိပ်ထားအပေါ်မှာ လျှို့ဝှက်ဟန် ဆောင်မိတဲ့ ပြစ်မှုအတွက် ... ကျွန်တော့်အသည်းတွေ ကွဲ ကွဲကြေကြေ ... ကျွန်တော်လိုက်မောင်းပို့ပေးပြီး အိမ်ပြစ် ကြေးချေပေးလိုက်ပါ့မယ်လို့ ..."

"ဟုတ်ပြီ ... ပြောလိုက်မယ်နော် ... ဒါနဲ့ လျှို့ဝှက် ဟန်ဆောင်တယ်ဆိုတဲ့စကားက ... နတ္တိကိုယ်၌က ထိပ် ထားကို လှည့်ဖြားအရှုးလုပ်ချင်ရုံသက်သက်နဲ့ လုပ်ဆောင်ခဲ့ တာကို ဆိုလိုတာလား ..."

"လုံးဝမဟုတ်ပါဘူး ... တာဝန်အရ လုပ်ဆောင်ခဲ့ရပေ မဲ့ ရင်ထဲက ရွှဲလမ်းတပ်မက်မိခဲ့ရတာကတော့ တကယ်ပါ ကျွန်တော့်ဘဝရဲ့ အချိန်တိုင်းမှာ ထိပ်ထားသာ သခိုင်းရှိစေ ရမဲ့ ချစ်ခြင်းမေတ္တာမျိုးနဲ့ကို ဘာမှမမျှော်ကိုးဘဲ ချစ်မြတ်နိုး ခဲ့တာပါ ဆိုတော့ ... အဲဒီနေရာမှတော့ မြူမှုန်တစ်မှုန်မျှတောင် ကျွန်တော် ဟန်မဆောင်ခဲ့ဘူး ... မရိုးမသားမလုပ်ခဲ့မိပါ ဘူး ..."



"အင်း ... ဒီလိုစိတ်ထားမျိုးထားခဲ့တာကိုး ... စိတ်ချ ပါ ... ရှင်ပြောသမျှ တစ်လုံးမကျန် မချွင်းမချန်ဘဲ ဆိုတို့ ပြန်ပြောပြလိုက်မယ် ... ကိုယ့်စိတ်ကိုသာ နိုင်အောင်ထိန်း ပြီး ဖြေသာနေသာသလိုသာ စောင့်မျှော်နေတော့နော် အခု ဖုန်းဆက်ပြောချင်တာကတော့ ဒီလောက်ပါပဲ ..."

ဖုန်းချသွားသည်အထိ သူဖုန်းခွက်ကို ဆက်လက်နားထောင်နေမိ၏။ အမှန်မှာတော့ ဖုန်းခွက်ကြီးကိုင်ပြီး အတွေးများ ငေးငိုင်နေမိခြင်းသာ။ ဖုန်းဆက်ဖို့ နောက်လူရောက်လာပြီး ချောင်းဟန့်မှ သူသတိဝင်လာပြီး ဖုန်းခွက်ကို ဖုန်းပုခက်ပေါ် အမြန်ဆင် လိုက်ရ၏။ ပြောင်းပြန်ကြီး တင်မိသွား၏။ စိတ်နှင့် ကိုယ် မကပ် သောအခါ လုပ်သမျှ အမှားတွေသာဖြစ်ပေါ်လာသည်။

စံထိပ်ထားကတော့ ဉာဏ်သိပ်များသောလမ်းကို တန်း တန်းမျှော်ဝင်လာချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမာန်ခထံ ဆွိတီဖုန်းဆက်ပြီး သုံးရက်မြောက်နေ့မှာ ထိပ်ထားတို့အဖွဲ့ နေ့လယ်ပိုင်းလောက် ရောက်ချလာ၏။ ကားနှစ်စီး၊ ရှေ့ကားမှာဒေါက်တာအောင်လှိုင်ဘွား၊ ဥပမိရုပ်ကောင်းကောင်းနှင့် လူကြီးနှစ်ယောက်ပါလာ၏။ နောက်ကားမှာ ထိပ်ထားလှိုင်နှင့် ဆွိတီ။ ကားတွေဝင်လာကတည်းက ကမ်းခြေစပိဘုတ်ပေါ်မှ သူ့ မှန်ဘီလူးဖြင့် လှမ်းချိန်ကြည့်နေမိ၏။

ထိပ်ထားမှာ နဂိုထက်ပို၍ လွတ်လပ်သော ဝတ်စုံကို ဝတ်ဆင်ထား၏။ နေကာမျက်မှန်ကို ငယ်ထိပ်မှာ ချိတ်ထား၏။ ဆွိတီက ဘောင်းဘီတိုနှင့် ကိုယ်ကျပ်အကျီနှင့်။ ဟိုတယ်ထဲ ခေတ္တဝင်



သွားပြီး မကြာမီမှာပင် ဧည့်ကြိုတွေ ပျာယာခတ်သွားပြီး ဆွိတီနှင့်ထိပ်ထားတို့နှစ်ယောက် တည်းခိုဖို့ ဘန်ဂလိုတစ်လုံး၊ ဒေါက်တာနှင့် သူ့လူကြီးတွေ တည်းခိုဖို့ ဘန်ဂလိုတစ်လုံး သီးသန့်ခွဲပြီး စီစဉ်ပေး၏။

ပြာလွှင်သော မိုးသားနှင့် မိုးကုပ်စက်ဝိုင်းတစ်ဆုံး ရေပြင်ကျယ်ကြီးသာ ဖြစ်နေသော ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးကို ဆွိတီက ဘန်ဂလိုပေါ်မှ လက်ညှိုးထိုးပြီး ထိပ်ထားကို လှမ်းပြနေ၏။

မကြာပါ၊ ဧည့်ကြိုစာရေးထံမှ စုံစမ်းလာဟန်တူ၏။ ထိပ်ထားနှင့် ဆွိတီတို့ သဲသောင်ပြင်ပေါ် လမ်းလျှောက်ဆင်းကြ၏။ ရေလှိုင်းတွေ အနားသတ်ရိုက်ခတ်မှုကို ခံစားကြ၏။ ခရုကမာခွံလေးတွေကို လိုက်ကောက်ကြ၏။ သဲနုရှုပေါ်မှာ အသာလှဲထိုင်ပြီး ရေလှိုင်းတွေ ပြေးတက်လာတာကို အရသာခံကြည့်ကြ၏။ လှိုင်းခေါင်းဖြူတွေရဲ့ သောင်ကမ်းပါးကို ပုတ်ခတ်သံကိုလည်း နားစွင့်နေကြဟန်တူ၏။

ဆွိတီက စပိဘုတ်ရပ်ထားရာဆီ လက်ညှိုးထိုးပြလိုက်၏။

www.burmeseclassic.com



ထိပ်ထားနှင့် ဆွိုတီတို့ လျှောက်လာကြလေပြီ။ သူက စက်ထဲနှိုက်ကာလီနေဟန်ပြုပြီး မမြင်ဟန်ဆောင်နေလိုက်၏။

"ဟော ... နတ္တိ ..."

ဆွိုတီက လှမ်းခေါ်၏။ သူရပ်ကြည့်ပြီး စဝီဘုတ်ပေါ်မှဆင်းကာ ထိပ်ထားတို့ထံသို့ အသာလျှောက်သွားလိုက်၏။ အနားရောက်ကာနီးမှ ရယ်မလိုလို၊ တည်မလိုလိုနှင့် ကြည့်နေသော ထိပ်ထားကို သူပြုံးရုံလေး ပြုံးပြလိုက်သည်။ ဆွိုတီက ...

"နတ္တိက ဒီရောက်မှ တကာယ့်ပင်လယ်သားကြီးလိုပဲ အသားတွေလည်း ပင်လယ်လေတိုက်ခံရလွန်းလို့ ကြေးနီရောင်သမ်းကုန်တယ်နော် ..."

"ဟုတ်တယ် ... ဆွိုတီတို့လာမယ်ဆိုတာ ကြိုသိထားပါတယ် ... ကျွန်တော့်အနေနဲ့ ထိပ်ထားကို အခုလို လူကိုယ်တိုင် တွေ့မှပဲ ကျွန်တော့်အပြစ်တွေ အတွက် ..."

ထိပ်ထားက သူမနှုတ်ခမ်းပေါ်မှာ လက်ညှိုးလေးအသာတင်ပြပြီး ဘုန်းမာန်ခစကားကို ရပ်တန့်စေလိုက်၏။ ဆွိုတီက ...

"ရှင်တို့ ပြောနှင့်ကြ ... ကျွန်မ စဝီဘုတ်ပေါ်တက်ပြီး ကာလီလိုက်ဦးမယ် ..."



ဆွိုတီက ခပ်လှမ်းလှမ်း သောင်မှာခေါင်းထိုးထားသောစဝီဘုတ်ပေါ် တက်သွား၏။ ထိပ်ထားက ...

"နတ္တိအဆင်ပြေရဲ့လား ..."

"ဒီလိုပါပဲ ..."

"ထိပ်ထား ဒီကိုရောက်လာရတဲ့အကြောင်းကို သိပြီးလောက်ပါပြီနော် ..."

"ဆွိုတီ ပြောပြထားပြီးပါပြီ ..."

"ဒါဆို ... ဒီညနေပဲ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပွဲလုပ်မယ် ... နတ္တိကိုယ်တိုင် မောင်းပို့ရမယ်နော်"

တမင် အသည်းခွဲလို၍ တကူးတက လုပ်ဆောင်နေရရှာသော ထိပ်ထားကို သူအသက်မပါသလို ခေါင်းညိတ်ပြလိုက်၏။ ထိပ်ထားက သူ့ပုံစံကို အသေအချာ အကဲခတ်နေ၏။ သူက အဝေးရှိ ကျောက်ဆောင်တွေဆီ အကြည့်ပို့ရင်း ...

"ကိုယ်ပြုမိမှားခဲ့တဲ့ ပြစ်ဒဏ်အတွက် ပြန်ပေးဆပ်ရမှာပဲလေ ..."

ထိပ်ထားက ခပ်လှမ်းလှမ်းမှ ကျွန်းငယ်လေးအား မျက်နှာမူလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"နတ်ဘိုတို့ ရှုပ်ခဲ့တဲ့ ဓာတ်ရှုပ်ကို တို့ရှင်းနေရတာပါ ... မကြာခင် အားလုံးရှင်းပြီးသား ဖြစ်သွားလိမ့်မယ် ... "

ဝင်လယ်လေရိုင်းတွေ တဖျပ်ဖျပ်ရိုက်ခတ်အောင် တိုက်နေကြ၏။ လှပသော ကြောင်မျက်ရှင်မလေးရဲ့ အကြည့်အောက်မှာ သူကိုယ်သူ ဒူးညွှတ်မသွားမိအောင် မာန်တင်းတောင့်ခံနေရ၏။

"လူကြီးတွေ မပါဘူးလား ... "

"အခုလက်ထပ်တာက အကြိုလက်ထပ်တာ ... လူကြီးတွေက ကျန်းမာရေးမကောင်းလို့ နေရစ်ခဲ့ကြတယ် ... ရန်ကုန်ပြန်ရောက်မှ အခမ်းနားဆုံး အကြီးကျယ်ဆုံး လက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပကြမှာလေ ... ဘုန်းမာန်ခကို ဖိတ်ချင်ပေမဲ့ တာဝန်သိကြီးဆိုတော့ ... ဒီအချိန် ဒီရာသီ အလုပ်တွေ ပိနေမှာသိလို့ ... တာဝန်အပျက်မခံစေချင်တာနဲ့ မဖိတ်တော့ပါဘူး ... "

သူနှင့် ထိပ်ထားတို့ ပြောဆိုနေကြစဉ်မှာပင် ခပ်လှမ်းလှမ်းမှ ဒေါက်တာအောင်လှိုင်ဘွား လျှောက်လာတာကို မြင်လိုက်ရ၏။

"ထိပ်ထား ဘယ်သူနဲ့များ စကားပြောနေတာလဲလို့ အဝေးက လှမ်းကြည့်နေတာ ... လက်စသတ်တော့ မောင်



ရင်ဖြစ်နေတာကိုး ... မောင်ရင် ဘယ်လိုလဲ ဒီမှာအလုပ်လုပ်ရတာ အဆင်ပြေရဲ့လား ... "

"ဒီလိုပါပဲ ... "

"မောင်ရင့်သူငယ်ချင်းအောင်လင်းခိုင်တော့ သဘော်ာပါသွားပြီ ... မောင်ရင်လည်း တိုးတက်လမ်းလေး ဘာလေး ရှာဦးလေ ... သစ်ငုတ်တိုကြီးလို ထိုင်နေလို့ကတော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး ... "

"စေတနာနဲ့ အကြံပေးတာ ကျေးဇူးတင်ပါတယ်"

"မောင်ရင် အပြောအဆိုတွေ ချောင်လာပြီ ... အနေအထိုင်လည်း အရင်ထက် ပိုတတ်လာပုံပေါက်တယ် ... ကောင်းတယ် ... ကောင်းတယ် ... ဒါမျိုးဖြစ်နေမှ အလုပ်ရှင် သဘောကျပြီး အလုပ်တည်မြဲမှာပေါ့ ... ကြိုးစားလုပ် ဒီညနေကိုယ်နဲ့ ထိပ်ထားလက်ထပ်ဖို့ မောင်ရင့်စပီဘုတ်နဲ့ သွားကြရမှာ ... မောင်ရင့်ကို မောင်ရင့်မန်နေဂျာက ကြိုမှာပြီး အသင့်ပြင်ဆင်ခိုင်းထားရောပေါ့ ... "

"မနက်ခုနစ်နာရီထိုးကတည်းက ပြင်ဆင်ခိုင်းထားပြီး

www.burmeseclassic.com

www.burmeseclassic.com



သာပေါ့ ... အခုက စစ်ဆေးနေတယ် ... ပင်လယ်ပြင်ဘက်ဆို ဖွက်ချင်ရင် အဆင်သင့်ဖြစ်နေပါပြီ ... ”

သူ့အပေါ် အရသာခံပြီး ထိပ်ထားရှေ့မှ စီးပိုးပြနေသော ဒေါက်တာကို သူသည်းခံခွင့်လွှတ်ပေးလိုက်၏။

“ထိပ်ထား ... ဟော့ဒီတန်းတန်းက လှမ်းမြင်နေရတဲ့ မိုးကုပ်စက်ဝိုင်းနားအထိ သွားပြီး ကိုယ်တို့လက်ထပ်ကြမယ်လေ ... ပင်လယ်ပြင်ကြီးရဲ့အလှကို တစ်ဝကြီးငေးမော ခံစားရင်း ဆားနံ့သင်းတဲ့ ပင်လယ်လေကို ရှူရှိုက်လက်ထပ်ရတဲ့ အရသာနဲ့ ပျော်ရတာဟာ ကိုယ်တို့မင်္ဂလာဦးအတွက် တစ်သက်မမေ့စရာ အထိမ်းအမှတ်ဖြစ်လာတော့မှာပဲ ...”

ဒေါက်တာအောင်လှိုင်ဘွားရဲ့စကားအပေါ်မှာ ထိပ်ထား အပြုံးနှင့် တုံ့ပြန်နေ၏။ သူက ဆက်ကြားနိုင်ဖွယ်မရှိ၍ စပိဘုတ်ရှိရာ ပြန်လျှောက်လာလိုက်၏။ ဆီပုံယူပြီး ဟိုတယ်ဘက်ကို ခပ်သွက်သွက်လျှောက်လာလိုက်သည်။

စံထိပ်ထားနှင့် ဒေါက်တာအောင်လှိုင်ဘွားတို့ ရယ်မောသံတွေ ဆားနံ့ပျံ့သင်းသော ပင်လယ်လေပြင်းနှင့်အတူ မြိုင်မြိုင်လှိုင်လှိုင်ပါလာ၏။ လှောင်ပြောင်ရယ်မောခြင်းအတတ်ကို တစ်ဖက်



ကမ်းခတ်အောင် တတ်မြောက်နိုင်ကြပါစေတော့။ ရင်နင့်သမျှ စိတ်ဖွင့်ကြေပြ၍ မဖြစ်သည့်ဘဝ။ ဝဋ်ကြွေးတုံ့တင်ရှိပါလျှင်လည်း တုံ့မယူလိုတော့ပြီ။ ဤမျှနှင့်သာ ကျေနပ်စေချင်ပါ၏။

❤❤❤❤❤

www.burmeseclassic.com

www.burmeseclassic.com



ညနေငါးနာရီမှာ လှူစုံတက်စုံရောက်ချလာ၏။ သတို့သား၊ သတို့သမီးက အနောက်တိုင်းဝတ်စုံတွေနှင့်။ ဘုန်းမာန်ခအပါအဝင် လူခြောက်ယောက် ပင်လယ်ပြင်သို့ ခရီးထွက်ကြပြီး လက်ထပ်ကြမည်ဖြစ်သည်။ တစ်စီးစာ အသက်ကယ်ဝတ်စုံလေးစုံသာပါသည်မို့ ရေကြောက်သော တရားသူကြီးဆိုသူ၊ ရှေ့နေဆိုသူနှင့် ဆို့တီတို့ ဝတ်ဆင်ကြ၏။ အလှပျက်မှာစိုး၍ သတို့သား သတို့သမီးဝတ်စုံဖြင့် အသက်ကယ်ဝတ်စုံ အပိုတစ်စုံကို မဝတ်လိုကြ၊ သည်အတိုင်းယူလာပြီး ပင်လယ်ပြင်ဘက် ခရီးထွက်လာခဲ့ကြ၏။ အနီးရှိ ကျွန်းကုန်းမြင့်လေးသုံးခုကို ကျော်လွန်ပြီး ရေမိုင်အတန်သင့် ရောက်အောင် ပင်



လယ်ပြင်ထဲ မောင်းဝင်လာခဲ့၏။

ပင်လယ်ရေိယာထဲ ရောက်လာလေပြီ။ အဝေးရှိကမ်းခြေကို ကုန်းမြေတန်းသဖွယ်သာ မြင်ရတော့၏။ ကျွန်းသုံးကျွန်းမှာလည်း ရေထဲမှာ ထိုးထွက်နေသော ကုန်းကမူထိပ်လေးတွေဝေဝါးမှုန်ဖွားစွာ မြင်နေရလေပြီ။ ဒေါက်တာအောင်လှိုင်ဘွားက ရပ်တန့်ခိုင်းလိုက်၏။ မင်္ဂလာအခမ်းအနား စတင်ကြောင်းကို ရှေ့နေကြီးက ကြေညာ၏။ တရားသူကြီးက စာချုပ်စာတမ်းတွေ ဆွဲထုတ်ပြီး သတို့သား၊ သတို့သမီးဝတ်စုံကို ဖောင်တိန်တစ်ချောင်းစီကမ်းလှမ်း၏။ ထိုသို့ရှိစဉ်မှာပင် စံထိပ်ထားက ...

"ကျွန်မအပါအဝင် လူသုံးဦး ထိုင်နေကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ် ... ဒေါက်တာနဲ့ ဘုန်းမာန်ခ ခဏ ဒီနားကိုလာပါ ..."

စံထိပ်ထားခေါ်၍ ဘုန်းမာန်ခလည်း ဒေါက်တာ့အနားကို ရောက်သွားရ၏။ စံထိပ်ထားက ...

"ရှင်တို့နှစ်ယောက်စလုံး ... ကျွန်မကို လုပ်ကြံလုပ်စားခဲ့တဲ့ အဓိကတရားခံနှစ်ယောက်ဖြစ်တယ် ..."

ဟု အစချီကာ ယခင်က သူမကို လျှို[illegible]ဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ခဲ့တာတွေ အကွက်စေ့စေ့ ပြန်လှန်ပြောပြပါလေတော့သည်။ စံထိပ်ထားရဲ့စကားကြောင့် ဒေါက်တာအောင်လှိုင်ဘွားရော သူ့ပါ မျက်စိမျက်နှာအကြီးအကျယ် ပျက်ကုန်ကြရ၏။ စံထိပ်ထားက လူကြီးနှစ်ယောက်ကို ဆို့တီအား သက်သေတိုင်တည်ပြီး ရှင်းလင်းပြောပြနေ၏။ ပြောပြပြီးစီးသွားသောအခါ စံထိပ်ထားက မောင်းနှင်ခန်းဘက်သွားကာ လှေဦးဖက် အသာလှမ်းထက်ပြီး လက်ထပ်စာချုပ်နှစ်စောင်နှင့် ဖောင်တိန်ကို ချထားလိုက်၏။ ပြီးလျှင် ရပ်နေသော သူတို့နှစ်ယောက်ရှိ ရာကို ပြန်လာပြီး ...

"ရှင်တို့ ကျွန်မကို ဆော့ကစားပြီး လှည့်ဖြားခဲ့တယ် အဲ့ဒီအတွက်ကြောင့် ... ကျွန်မဘက်ကလည်း အလားတူတဲ့ တုံ့ပြန်မှုမျိုး ပြန်လုပ်ရမှ ကျေနပ်မယ် ... အခုသွားထားတဲ့ လက်ထပ်စာချုပ်မှာ ရှင်တို့နှစ်ယောက်ထဲက ကြိုက်တဲ့လူ အမြန်သွားပြီး လက်မှတ်ထိုးနိုင်တယ် ... လက်မှတ်ထိုးနိုင်တဲ့လူဟာ ... ကျွန်မရဲ့သတို့သားပဲ ... ကျွန်မက တစ်နှစ်သုံး ရေတွက်မယ် ... သုံးဆိုမှ ရှင်တို့ စလှုပ်ရှားပါ ... "

ဒေါက်တာအောင်လှိုင်ဘွား ရှက်မျက်နှာကြီးနီမြန်းပြီး

"ထိပ်ထား ... ဘယ်လိုလုပ်လိုက်တာလဲ ထိပ်ထား



ရယ် ... အဓိပ္ပါယ်မရှိတာတွေကွာ ... ကလေးကလား အလုပ်တွေ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ ... "

"ဖြစ်ကို ဖြစ်တယ် ... ကျွန်မကို ရှင်တို့ပြုမူခဲ့တုန်းက အဓိပ္ပါယ်ရှိလို့လား ... ကျွန်မအတွက်ကတော့ ဘယ်လိုမှ အဓိပ္ပါယ်မရှိတဲ့ ဇော်ကားခံရမှုသက်သက်ပဲ ... ကဲ ... ကြားတယ် ... ရေတွက်မယ် ... တစ် ... နှစ် ... သုံး ... "

အရက်လွန်ပုဂ္ဂိုလ်ကြီးက ဝုန်းခနဲဆို ခုန်ပျံပြီး လက်ထပ်စာချုပ်ရှိရာ အထင်းပြေး၏။ ဘုန်းမာန်ခက ရပ်နေရာမှ မလှုပ်၊ ကျောက်ရုပ်လိုသာ ငေးကြည့်နေ၏။ ဘယ်သူမှ လုမလိုက်ပါဘဲနှင့် ဒေါက်တာအောင်လှိုင်ဘွားတစ်ယောက် အလွန်အားလျော့ဖြင့် လေဘာမှန်ကို အမြန်ကျော်လိုက်စဉ် စပီဘုတ်လှုပ်ပြီး အောင်လှိုင်ဘွား ရေထဲသို့ ဗွမ်းခနဲ ပစ်ကျသွားတော့၏။ လူကြီးတွေ လန့်ဖျပ်ကုန်ကြ၏။ ဘုန်းမာန်ခက သူ့မှာတာဝန်ရှိနေ၍ ရေထဲခိုင်ဗင်ထိုးဆင်းပြီး ဒေါက်တာ့ကို ဆင်းသယ်လိုက်ရ၏။

စပီဘုတ်ပေါ်ပြန်ရောက်လာသောအခါ ဒေါက်တာခမျာ ရှက်လွန်းသည့်စိတ်ဖြင့် ရေစိုစက်လက် မျက်နှာကိုလက်ဖြင့် အုပ်ထားနေလေတော့၏။ ဘုန်းမာန်ခက ထိပ်ထားကို ကြည့်လိုက်၏။ အစိုးအလျှံတွေ ထွက်နေသောအကြည့် နေကဖွားသလို ပူလောင်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြသော အပြုံး၊ နှလုံးသားက နေမြို့တော်မှာ ပေါက်ဖွားအမြုတေလာရှေ့လေသလားမသိ။ တရှိန်းရှိန်း အကြည့်ကို သူရင်မဆိုင်ရဲသလို ...

ပင်လယ်ပြင်ကျယ်ဘက်ကို ရှောင်လွှဲလိုက်စဉ် မိုးကုပ်စက်ဝိုင်း တစ်ပြန့်တစ်ပြောမှာ နီရောင်သမ်းလာ၏။ ဝန်းကျင်မှာ လေထုဝိုမိုငြိမ်သက်လာ၏။ မုန်တိုင်းရှိကြောင်း ရေဒီယိုက အသိပေးထားသော်လည်း ဘင်္ဂလားပင်လယ်အော်ဘက် ရွေ့လျားဖို့များနေကြောင်း ခန့်မှန်းထား၏။ ယခုဖြင့် လေစီးကြောင်း ရွေ့လျားရာဘုန်းမာန်ခတို့ရှိရာဘက်ကို ဦးတည်လာနေလေပြီ။ ထင်သည့်အတိုင်းပင် ကောင်းကင်နီရာမှ ညိုမှောင်လာ၏။

"မုန်တိုင်းလာတော့မယ် ... အားလုံးသေသေချာချာကိုင်ထားကြပါ ... ကမ်းခြေရောက်အောင် အမြန်အရှိန်တင်မောင်းပြေးရလိမ့်မယ် ... "

မုန်တိုင်းဆို၍ စပိဘုတ်ပေါ်ပါလာသူတွေအားလုံး ထိတ်လန့်ကုန်၏။ အတွေ့အကြုံရှိထားပြီးသော ဘုန်းမာန်ခအတွက်အကြောင်းမဟုတ်။

"ခင်ဗျားတို့ စပိဘုတ်များ မတော်တဆ တိမ်းမှောက်သွားရင် ... ရေကူးတတ်ကြတယ် မဟုတ်လား ... "



ဘယ်သူမှ မတတ်ကြ၊ မျက်နှာငယ်လေးတွေနှင့် ခေါင်းခါလက်ခါ ပြကုန်ကြ၏။ ဘုန်းမာန်ခက ...

"အဲဒါမှ ဒုက္ခပဲ ... ဒီအချိန်မှာ ခင်ဗျားတို့ တခြား ဘာပညာတွေ ဘယ်လောက်ပေါက်မြောက်အောင် တတ်ချင်တတ်နေပါစေ ... အလကားပဲ ... ဒီအချိန်မှာ အဓိကတတ်ရမဲ့ပညာက ရေကူးတတ်ရမဲ့ ပညာပဲ ... ဒီမုန်တိုင်းကို ဒီစပိဘုတ်စက်အားနဲ့ လွတ်မြောက်ဖို့ သိပ်မလွယ်ဘူး ... "

ဒေါက်တာက ...

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ ... "

"အသက်ကယ်ဝတ်စုံ ဝတ်ထားပေါ့ ... "

"အသက်ကယ်ဝတ်စုံက တစ်စုံပဲရှိတော့တယ် ... "

"အဲဒါဆို ... ထိပ်ထားဝတ်ထားလိုက် ... "

ဒေါက်တာအောင်လှိုင်ဘွားရဲ့မျက်နှာ ရှုံ့မဲ့ညိုးရော်နွမ်းလျှသွားပုံမှာ ရုပ်ပျက်ဆင်းပျက်နိုင်သွား၏။ ပညာတွေအများကြီးတတ်အောင် သင်္ကာလာခဲ့ပြီးပြီ။ ချမ်းသာကြွယ်ဝတဲ့ စည်းစိမ်တွေကို ပိုင်ဆိုင်ပြီးပြီ။ ဒီလို အခြေကျနေမှ ပင်လယ်မှာ ဇရနစ်သေရမှာ ဒေါက်တာအောင်လှိုင်ဘွားအတွက် အကြီးအကျယ် ... ယှဉ်ကျိုးမရစရာ အဖြစ်ကြီးဖြစ်နေ၏။

www.burmeseclassic.com



ဆံရာဝန်ကြီးတစ်ယောက်ဖြစ်နေ၍လည်း အမျိုးသမီးတစ်ယောက်ကို ဦးစားမပေးဘဲ အသက်ကယ်ဝတ်စုံကို အတင်းလုဝတ်လို့ မသင့်တော်ပြန်။ ငြိမ်ခံပြီး နေပြန်လျှင်လည်း သေမင်းနှင့် ရင်ဆိုင်ရတော့မည်။

မုန်တိုင်းလွတ်အောင် မောင်းပြေးသော်လည်း နောက်ပိုင်းမှ သွေးပျက်ချောက်ချားစရာ ဓောတ်လဲသလို အော်မြည်သံကြီးနှင့် ဆယ့်ငါးပေ၊ ပေနှစ်ဆယ်ခန့်ရှိမည့် လှိုင်းလုံးကြီးများက မို့မောက်ရှုန်းကြွပြီး အတင်းလိုက်လာနေပေပြီ။ ကောင်းကင်မှ မိုးသက်လေပြင်းကျပြီး မိုးပေါက်ကြီးတွေ တဝေါဝေါရွာချလာပြန်၏။ လျှပ်တွေလက်ပြ၏၊ မိုးထစ်ချုန်းပစ်ခတ်သံတွေ ဆူညံပြီး ရေပွက်ကုန်၏။ အစောပိုင်းက သာယာလှပသော အခြေအနေနှင့် ဘာမှမသက်ဆိုင်အောင် ပြောင်းလဲသွားသည့် ပင်လယ်ရဲ့မာယာကို ကြုံဖူးသူတွေသာ နားလည်ကြပေလိမ့်မည်။

မိုးသံ၊ လေသံ၊ တော်လဲမြည်ဟီးသံက စပိဘုတ်ပေါ်ပါလာ ကို သွေးပျက်ချောက်ချားပြီး အော်ဟစ်အကူအညီတောင်း ...တတာမျိုး၊ အထိတ်တလန့် ငိုကြွေးဟစ်အော်တာမျိုး ...အောင် ဖမ်းစားပါလေတော့သည်။

...ရူးသွေးတန်းဖြစ်နေကြစဉ် ဒေါက်တာ

ရွက်... မျိုး၊ ဘုရား... လှပ်မီများကို... ...လုံး သေ...



အောင်လှိုင်ဘွားလည်း သေရမှာ ကြောက်သောလူသားပီပီ အနီးမှာရှိနေသော ထိပ်ထားရဲ့ အသက်ကယ်အင်္ကျီကို အတင်းဆွဲဖြုတ်တော့၏။ ကျန်လူများမှာ နီးရာတန်းကို မြဲမြဲစွာ ဆုပ်ကိုင်ပြီး သွေးကြောင်မသွားစေရန် ပြင်ပမြင်ကွင်းတွေကိုမကြည့်ဘဲ အတင်းခေါင်းငုံ့နေကြချိန်ဖြစ်၏။ ဘုန်းမာန်ခမှာ စပီဘုတ်မောင်းနေရင်း နောက်မှ အော်သံကြောင့် လှည့်ကြည့်လိုက်သောအခါ ...

ထိပ်ထားဝတ်ဆင်ထားသည့် အသက်ကယ်အင်္ကျီမှာ ဒေါက်တာအောင်လှိုင်ဘွားရဲ့ ကိုယ်ပေါ်မှာ ဝတ်ဆင်နေလျက်သားတွေ့လိုက်ရ၏။ ထိပ်ထားလည်း မိန်းမသားပီပီ ကြောက်လန့်တုန်လှုပ်စိတ်ဖြင့် ...

"ဘုန်းမာန် ... ဘုန်းမာန် ... ကျွန်မကို ကယ်ပါဦး ဒီမှာ အတင်းလုယူသွားပြီ ... ကိုယ်ဖော့အင်္ကျီကို ..."

ဟု ငယ်သံပါအောင် အော်ဟစ်ဟစ်ပြောနေ၏။ မိုးသံလေသံကြားမို့ မသဲမကွဲကြားရ၏။ ဘုန်းမာန်က စပီဘုတ်ကို ဗျူန်းတွေနှင့် ဝင်အောင်းမှာစိုး၍ ပဲ့ထိန်းကိုင်နေရာမှ ကမ်းခြေဆီ ဦးလှည့်ထားလိုက်ပြီး ထိပ်ထားဆီ အမြန်ရောက်အောင် ခက်ခက်ခဲခဲသွားလိုက်ရ၏။ ထိပ်ထားလက်ကို ဆုပ်ကိုင်ဆွဲပြီး ...

"ဘာမှ မကြောက်နဲ့ ထိပ်ထား ... ကိုယ့်ရက်ထဲမှာ

www.burmeseclassic.com



အလိုက်သင့်လေးနေ … ကိုယ် မင်းကို ရေမနစ်အောင် ဆယ်ပြီး ကူးနိုင်တယ် … မျက်စိမှိတ်ထား နောက်က ရေလှိုင်းလုံးကြီး ကိုယ်တို့မော်တော်ဘုတ်ကို ဖုံးအုပ်တော့မယ် သတိထား လက်ကို ဆုပ်ထား … မလွှတ်နဲ့ ဆုပ်ထား … ဘုရားကို အာရုံပြု … ”

“အုံး … ဝုန်း … ဝေါ … ဝေါ … ”

ရေလှိုင်းကြီးဖုံးအုပ်ခံရ၍ စပိဘုတ်မှောက်ပြီး လူတွေ မြောက်စဉ်က ရေလှိုင်းထဲ လွင့်ကျကုန်၏။ လက်ချင်းမြဲမြဲဆုပ်ကိုင်ပြီး ကိုယ်ခန္ဓာချင်း ပူးကပ်ထားလိုက်သောကြောင့် ရေထဲကို ဘုန်းမာန်ခနှင့် ထိပ်ထားတို့ အတူပူးတွဲလွင့်ကျကာ နစ်မြုပ်သွားကုန်ကြ၏။ လူချင်းကွဲမထွက်သွားအောင် ထိပ်ထားကို ဘုန်းမာန်ခ တင်းတင်းဖက်ပွေ့ထားလိုက်ရ၏။ ရေထဲမြုပ်ပြီး ရေမွှန်းကာ လူးလွန့်ရုန်းထိုးနေသော ထိပ်ထားကို အသာချွာပြီး ရေပေါ်ကို အလိုက်သင့်ဆွဲခေါ်ပြန်ယက်တင်ရတော့၏။ ရေပေါ်ခဏပေါ်နေစဉ်မှာပင် ထိပ်ထားကို အသက်ဝအောင်ရှူစေပြီး ပြန်မမြုပ်သွားစေရန် ခြေကိုအားထည့်ယက်လှုပ်ထားရ၏။

အသက်ကယ်အင်္ကျီဝတ်ဆင်ထားကြသူတွေ ရေလှိုင်းထဲ မြုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် ဖြစ်ကုန်ကြ၏။ အင်္ကျီရေဖော့



တွေ ခံနေသောကြောင့် ရေအောက်ကို စုန်းစုန်းမြုပ်သွားခြင်းမရှိ။ ဘုန်းမာန်ခအဖို့မှာ မလွယ်။ ထိပ်ထားကိုဆွဲပြီး နစ်ယောက်စာ ရေပေါ်ပေါ်နေစေရန် အားစိုက် ခြေယက်ခတ်ပြီး အနီးရှိ ကျွန်းကုန်းမြင့်ဆီရောက်အောင် မျောဆွဲခေါ်ငင်ကူးခတ်နေရတော့၏။ ကမ်းခြေကို ရှိသမျှ အားအင်နှင့် ကူးခတ်ရင်းဖြင့် ရတနာသုံးပါးကို အာရုံပြုလိုက်ရာ ရေလှိုင်းတွေ တွန်းပုတ်မှုနှင့် ကမ်းခြေကို အမြန်ဆိုက်ရောက်လာရတော့၏။ ရေလှိုင်းတွေ တွန်းပုတ်မှုကြောင့် ဆွိဝီနှင့် လူကြီးနှစ်ယောက်လည်း ကျွန်းကုန်းမြင့်ကမ်းခြေကို မျောတင်လာကြကုန်၏။ ရေမွှန်းနေသော စံထိပ်ထားကို ဘုန်းမာန်ခ အမြန်ပြုစုပေးလိုက်၍ စံထိပ်ထား ရေတွေပြန်အန်ပြီး သတိပြန်ရလာ၏။ မုန်တိုင်းစဲသွားသောအခါမှ ကျွန်းကုန်းမြင့်ကမ်းခြေမှာ လူငါးယောက် သောင်တင်နေ၏။ စပိဘုတ်မှာ မှောက်ပြီး ရေအောက်နစ်သွားပြီး ဒေါက်တာအောင်လှိုင်ဘွားကို မတွေ့ရတော့၍ ဘုန်းမာန်ခ စိတ်ပူပြီး လိုက်ရှာသောအခါ ခပ်လှမ်းလှမ်းကျောက်ဆောင်ကြားမှာ ညှပ်တင်နေတာ တွေ့လိုက်ရ၍ စိတ်အေးသွားရ၏။ မုန်တိုင်းစဲသည်နှင့် ဟိုတယ်မှ လွှတ်လိုက်သော ကယ်ဆယ်ရေးအဖွဲ့တွေ[illegible]လာတာ မော်တော်ဖြင့် တင်ဆောင်ပြီး ပြန်လည်ခေါ်ဆောင်လာခဲ့ကြ၏။ ဒေါက်တာအောင်လှိုင်ဘွားမှာ သူလုပ်မိများသော လုပ်ရပ်

www.burmeseclassic.com



အတွက် စံထိပ်ထားကို ရင်ဆိုင်မကြည့်ရဲ၊ မျက်နှာတစ်ဖက်လွှဲပြီး ဟိုတယ်မှာမင်းအဝတ်အစားလဲ၊ ကျသင့်ငွေရှင်းကာ သူခေါ်ဆောင်လာသော လူကြီးနှစ်ယောက်နှင့် ကားပေါ်တက်ကာ မောင်းထွက်သွား၏။ စံထိပ်ထားနှင့် ဘုန်းမာန်ခကို ရင်မဆိုင်ရဲသော်လည်း ဆွေတို့ကို ဒေါက်တာအောင်လှိုင်ဘွား မှာကြားသွားသော စကားမှာ...

စံထိပ်ထားနှင့် လက်ထပ်မည့် မင်္ဂလာပွဲကို ဖျက်သိမ်းပေးလိုက်ပြီဖြစ်ကြောင်း စံထိပ်ထားနှင့် ထိုက်တန်သင့်လျော်သောသူမှာ ဘုန်းမာန်ခသာဖြစ်ကြောင်းတွေပင်။

ဘုန်းမာန်ခက စံထိပ်ထားတို့ကို ဟိုတယ်မန်နေဂျာလက် အပ်ပြီးသည်နှင့် စပိဘုတ်ပြဆယ်ဖို့ စုဖွဲ့ထားသော အဖွဲ့နှင့် လှုပ်ရှား ပြင်ဆင်ရတော့၏။

ရေငုပ်ကိရိယာတွေနှင့် အလုပ်ရှုပ်ကောင်းနေဆဲမှာပင် စံထိပ်ထားနှင့် ဆွိုဟီတို့ အဝတ်အစားလဲပြီး ရောက်လာကြ၏၊ စံထိပ်ထားက ဘုန်းမာန်ခတို လေးနက်စွာ စိုက်ကြည့်ရင်း ဘုန်းမာန်ခ လက်ထဲကို စာတစ်စောင်ထိုးထည့်ကာ ဆွိုဟီနှင့် ပြန်လည်ထွက်ခွာသွား၏။ ကားသံတွေကြားရ၏။ ရန်ကုန်ကို ချက်ချင်းပြန်သွားကြခြင်းပင်။



ဘုန်းမာန်ခက လက်ထဲမှစာကို ဖတ်ကြည့်လိုက်သော အခါ...

ဘုန်းမာန်ခ ...

စံထိပ်ထားဆိုတဲ့ တခြားနဲ့မတူတဲ့ မိန်းမတစ်ယောက်ဟာ ချစ်တိုင်းဆိုရင်

ရေနစ်ပြီး သေသွားခဲ့ပါပြီ။ ခုဒီ စာရေးနေတာက ဘုန်းမာန်ခ

လေထိပ်ပင်ထားတဲ့ စံထိပ်ထား မဟုတ်တော့ပါဘူး။

ဘုန်းမာန်ခရဲ့ချစ်ခြင်းကို ဘာမှမသိခဲ့သလို စာဟောင်းပါပဲ။

ရွှေကုလင် မြင်းပျံနဲ့ ချစ်ကိုမြတ်ပါ စောင့်နေမယ်။

ဘုန်းမြတ်ဆိုး ပြန်လာပြစ်ပါရှင် ပြန်လာပါ။

ဒါကြောင့် ...

မင်းကို လက်ထပ်ပြီးမှဘဲ သေချင် ကိုမှ ဘယ်မှ မှိန်နေမိတော့

မင်းဆုံကြရမယ့်ကောင်း ဒီနေ့ သက်သေတည်ပြီး ...

ရင်ခွင်မြင့်မြင့်ချစ်မြင့်

စံထိပ်ထား

www.burmeseclassic.com

www.burmeseclassic.com



စာကို ပြန်ခေါက်လိုက်ပြီး ဘုန်းမာန်ခပြုံးလိုက်မိ၏။ တစ်ခါလိမ်ခံရခြင်းမှာ လိမ်သူ၏ အပြစ်သာဖြစ်ပြီး နှစ်ခါအလိမ်ခံရလျှင်တော့ အလိမ်ခံရသူရဲ့ အပြစ်သာဖြစ်တယ်ဆိုသည့် စကားကို ကိုးကားတွေးမိလိုက်သောကြောင့် ပြုံးမိလိုက်ခြင်းဖြစ်သည်။ လက်ထဲမှစာကို မီးရှို့ပြာချလိုက်၏။ ပြာဖြစ်သွားသော စာလေးကိုကြည့်ရင်း စာသက်သေဆိုတာကို ဒိုင်းခနဲ အမှတ်ရလိုက်သောအခါ သူ့ဘာသာခေါင်းကို ဖြည်းလေးစွာ ခါယမ်းမိလိုက်၏။ ဖြစ်နိုင်လျှင် ...

မနက်ဖြန် ခွင့်ရက်ရှည်ယူပြီး ရန်ကုန်ကို အမြန်ပြန်မည်ဟု ဆုံးဖြတ်လိုက်၏။

**END**

www.burmeseclassic.com